အင်မော်တယ်ဖေဖေ

စာစဉ်(၁၆)

အပိုင်း(၂၁၁) မုန့်မုန့်လုံခြုံရေးကုမ္ပဏီ

“စွမ်းရည်လေ့ကျင့်ဖို့လား။ ငါစဉ်းစားလိုက်ဦးမယ်”

ကျန်းဟန်သည် မုန့်မုန့်အား တစ်ချက်ကြည့်လိုက်ရာ သူမလေးသည် ကာတွန်းကားကို အာရုံစိုက်နေကြောင်း သတိပြုမိလိုက်သည်။ ထို့ကြောင့် ကျန်းဟန်သည် ရေခဲသေတ္တာထဲမှ ဘီယာနှစ်ဘူးထုတ်ကာ ကျောက်ဖုန်းနှင့်အတူ ထမင်းစားစားပွဲတွင် ဝင်ထိုက်လိုက်ပြီး စဉ်းစားလိုက်၏။

ကျောက်ဖုန်းသည် မည်သည့်စွမ်းရည်ကို လေ့ကျင့်သင့်သနည်း။ ကျန်းဟန်သည် ၎င်းက

ခက်ခဲသည့်ခေါင်းစဉ်တစ်ခုဖြစ်ကြောင်း သဘောပေါက်လိုက်သည်။

ကျောက်ဖုန်းသည် ကွန်ဖူးသင်ယူရတော့မည်ဖြစ်ကြောင်း သတိပြုမိလိုက်ပြီးနောက် မျက်လုံးများတောက်ပလာကာ စာတော်သည့်ကျောင်းသားတစ်ယောက်ကဲ့သို့ စားပွဲပေါ်တွင် လက်တင်၍ ထိုင်နေခဲ့သည်။

သို့သော်... သူ၏စိတ်အားထက်သန်သော အကြည့်များအောက်တွင် ကျန်းဟန်မှာ ဘီယာဘူးအား ဖောက်သောက်လိုက်ပြီးသည်အထိပင် အဖြေရှာမရခဲ့ချေ။

ထို့ကြောင့် ကျောက်ဖုန်းက မနေနိုင်ဘဲ မေးလိုက်သည်။

“ဆရာ...ကျွန်တော်နဲ့လိုက်ဖက်မယ့် စွမ်းရည်က တော်တော် ရွေးရခက်တာလား”

“အင်း...နည်းနည်းခက်တယ်” ကျန်းဟန်က သက်ပြင်းချလိုက်ပြီး ခေါင်းယမ်းရင်း ကျောက်ဖုန်းအား

ကြည့်ကာ ပြောလိုက်သည်။ "မင်းလေ့ကျင့်နိုင်တဲ့ အနိမ့်ဆုံးစွမ်းရည်တွေကို ငါစဉ်းစားလို့မရဘူး"

"အာ.." ကျောက်ဖုန်းမှာ အေးခဲသွားသည်။ "အခြေခံစွမ်းရည်တစ်ချို့ကိုတောင် ကျွန်တော် မလေ့ကျင့်နိုင်ဘူးလား"

"အင်း" ကျန်းဟန်က ခေါင်းညိတ်ကာ "အနိမ့်ဆုံးလိုအပ်ချက်တွေကို ဖြည့်ဆည်းပြီးတာနဲ့ အနိမ့်ဆုံးအခြေခံကျွမ်းကျင်မှုတစ်ချို့ကို မင်းလေ့ကျင့်နိုင်လိမ့်မယ်"

"ဆရာ အနိမ့်ဆုံးလိုအပ်ချက်က ဘာတွေလဲ" ကျောက်ဖုန်းက ငေးငိုင်နေသည့်အမူအရာဖြင့် မေးသည်။

"ချီသန့်စင်ခြင်းအစောပိုင်းအဆင့်။ လက်ရှိ ငါရောက်နေတဲ့အဆင့်ပေါ့"

"ဖူး..." ကျောက်ဖုန်း တံတွေးသီးသွားကာ သွေးအန်လုမတတ်ပင်ဖြစ်သွား၏။

မာစတာအဆင့်သည် အနိမ့်ဆုံးလိုအပ်ချက်ဖြစ်လေသည်။ လုံခြုံရေးဗျူရိုကလူများသာ ကြားလိုက်ရပါက သွေးအန်သွားနိုင်၏။ ချီစွမ်းအားမာစတာများမှာ ၎င်းတို့၏စိတ်ထဲတွင် မယုံနိုင်စရာတည်ရှိမှုဖြစ်သော်လည်း တကယ်တမ်းတွင် ထိုမာစတာများမှာ သူ့ဆရာ၏အမြင်၌ အနိမ့်ဆုံးအဆင့်ဖြစ်လေ၏။ ဤအဆင့်သို့ရောက်ရှိသူများသာ အနိမ့်ဆုံးအခြေခံကျွမ်းကျင်မှုအချို့ကို သင်ယူနိုင်မည်ဖြစ်လေသည်။

ကျောက်ဖုန်း ခါးသီးစွာပြုံးလိုက်ပြီး စိတ်ခံစားချက်များဖြင့် သက်ပြင်းချလိုက်၏။ ဤကမ္ဘာကြီးတွင် လူတို့သည် မည်မျှပင် ကြောက်မက်ဖွယ်ကောင်းနေစေကာမူ ရေတွင်းအောက်ခြေမှ ဖားများကဲ့သို့ပင်။ သူ၏ဆရာသည်ကသာ ရေတွင်း၏အပြင်ဘက်မှ မြင်ကွင်းများကို မြင်နိုင်စွမ်းရှိသည်။

သို့သော်...ကျန်းဟန်၏နောက်ထပ်စကားကြောင့် ကျောက်ဖုန်း စိတ်လှုပ်ရှားသွားရပြန်သည်။ ကျန်းဟန်က ပြောလိုက်သည်။

“ဒီလို စဉ်းစားကြည့်ရအောင်။ မင်းရဲ့လက်ရှိအဆင့်ကို တွေးကြည့်ရင် မင်း သိုင်းပညာတချို့ကို လေ့ကျင့်နိုင်တယ်။ ဒါပေမယ့် ငါက အဲ့ဒါတွေကို ရိုးရိုးရှင်းရှင်းဖြစ်အောင် ပြန်ပြင်ရမယ်။ မဟုတ်ရင် မင်းရဲ့ခန္ဓာကိုယ်က အဲ့ဒါတွေကို တောင့်ခံနိုင်မှာမဟုတ်ဘူး”

ကျန်းဟန်သည် ရုပ်ခန္ဓာနည်းစနစ်များအကြောင်းကို အများပြားသိရှိပြီး ၎င်းတို့အား ယခင်က အသုံးပြုခဲ့ဖူးသည်။ သို့သော် ကျန်းဟန်၏အမြင်တွင် ကျော်ကဖုန်းသည် ရုပ်ခန္ဓာနည်းစစ်ကဲ့သို့သော အရာများကို လေ့ကျင့်ရန် မလိုချေ။ အကြောင်းမှာ သူသည် တာဟေးကဲ့သို့ ရုပ်ခန္ဓာသန့်စင်ခြင်းလမ်းစဉ်ကို လျှောက်လမ်းသူ မဟုတ်သည့်အတွက် ထိုနည်းစနစ်များကို သင်ယူရန်

မလိုအပ်ပေ။ သူ ချီသန့်စင်ခြင်းအဆင့်သို့ ရောက်သည်နှင့် သူသည် သိုင်းပညာကို စတင်သင်ယူနိုင်သည်။ ကျန်းဟန်၏ရတနာရှာဖွေရေးနည်းစနစ်များကို သူ့အနေဖြင့် သင်ယူရန်မဖြစ်နိုင်သော်လည်း ကျန်းဟန်သည် ကျင့်ကြံခြင်းကမ္ဘာမှာ အဆင့်မြင့်သိုင်းပညာများစွာကို သိရှိပေသည်။

သို့သော် ကျောက်ဖုန်းက သင်ယူချင်နေသည်ဖြစ်၍ ကျန်းဟန် သူ့အား ကျွမ်းကျင်မှုတချို့ သင်ကြားပေးနိုင်သည်။ သို့သော်လည်း ကျန်းဟန် သင်ပေးမည့်အရာမှာ အဆင့်မြင့် ရုပ်ခန္ဓာသန့်စင်ခြင်းနည်းစနစ်ဖြစ်လေသည်။

ကျောက်ဖုန်းသည် လက်ရှိသိုင်းလောကလမ်းကြောင်းလည်းဖြစ်သည့် ခွန်အားကိုမြင့်တင်နိုင်သည်။ ရုပ်ခန္ဓာသန့်စင်ခြင်းနည်းစနစ်နှင့် သိုင်းပညာများမှာ မြို့ပြတွင် ကောင်းမွန်စွာ အသုံးချနိုင်သည်။

"ဟုတ်ကဲ့ပါဆရာ။ ဒါဆို ကျွန်တော် စိတ်သက်သာရာရပါပြီ" ကျောက်ဖုန်းက ဝမ်းသာအားရပြောသည်။ ထိုနောက်သူသည် ခေါင်းကိုယမ်းကာ "ရဲ့ဟန်၊ ဒုန်တျန်းဖန်နဲ့ ရှားရှန်ဟောင်တို့က အားလုံးက ဒီနေ့ကိစ္စမှာ ပါဝင်ခဲ့တယ်။ ကျွန်တော်ပေါ်လာခဲ့ရင် ကျွန်တော့်ကိုတိုက်ခိုက်ဖို့ သူတို့အကြောင်းပြချက်ရသွားခဲ့မှာ။ ကျွန်တော် ဆရာ့ရဲ့သိုင်းပညာတွေကို သင်ယူနေသ၍ နောက်တစ်ကြိမ် ပြဿနာတွေကို ကျွန်တော်ကိုယ်တိုင်ဖြေရှင်းနိုင်မှာပါ"

"သူတို့လား" ကျန်းဟန်က ခပ်ရေးရေးပြုံးကာ "သူတို့မှာ သတ္တိရှိလို့လား"

"တာဟေးကို ပြဿနာသွားရှာရင် တာဟေးက သူတို့ကို ခြောက်လှန့်နိုင်တယ်။ ဒါပေမယ့် တာဟေးက လတော်တော်ကြာအောင် ပေါ်မလာခဲ့တဲ့အတွက် သူတို့ကို ဆွဲဆောင်သွားနိုင်တယ်။ သူတို့အားလုံးက

အကျိုးအမြတ်အတွက်ဆိုရင် လုပ်ရဲတယ်” ကျောက်ဖုန်းက ခဏလောက်စဉ်းစားပြီး ဆက်ပြောသည်။ “ဆရာ ကျွန်တော် အားဟူနဲ့တခြားသူတွေကို ဦးဆောင်ပြီး လဆန်းပင်လယ်ကျွေ့ကို ထိန်းချုပ်ထားလိုက်ရမလား။ အဲ့ဒါသာ အောင်မြင်သွားရင် တခြားသူတွေ ဘာပဲလုပ်ပါစေ ကျွန်တော်တို့ကို ကျော်လွှားနိုင်မှာမဟုတ်ဘူး”

မူလက ကျောက်ဖုန်းသည် ဤအသေးအဖွဲ့ကိစ္စများကို မသိကျိုးကျွံထားချင်ခဲ့သည်။ သို့သော် လူဆယ်ယောက်တိုက်ပွဲတွင် သူပါဝင်ခဲ့သည့်အတွက် သူ၏ယခင်က အနားယူခဲ့ခြင်းသည် ရယ်စရာတစ်ခုဖြစ်သွားခဲ့ပေပြီ။ ဤအခြေအနေတွင် အားဟူနှင့် သူ့လူများကို ဦးဆောင်ကာ လဆန်းပင်လယ်ကျွေ့၏ မြေအောက်ဂိုဏ်းများအား စိုးမိုးထားသည်က ပိုကောင်းပေသည်။

ငင်းက စားသောက်ဆိုင်၊ သူဌေးနှင့် မုန့်မုန့်တို့အတွက်လည်း သွယ်ဝိုက်၍ အကျိုးရှိပေသည်။ ဥပမာ အသေးအဖွဲ့ကိစ္စလေးများကို ကိုင်တွယ်ရသည့်အခါ ပို၍ အဆင်ပြေသည်။ မနက်က ကျောက်ဖုန်းဆိုင်သို့ရောက်လာသည့်အချိန်တွင် သူ၏စိတ်ထဲ၌ ဤစိတ်ကူးအကြံမျိုးစေ့မှာ အမြစ်တွယ်သွားခဲ့သည်။

"မင်းလုပ်ချင်တာလုပ်ပါ" ကျန်းဟန်က ပြန်ဖြေသည်။

"ဆရာ ကျွန်တော့်မှာ အကြံတစ်ခုရှိတယ်" ကျောက်ဖုန်းက ဘီယာတစ်ငုံသောက်ကာ မျက်လုံးများ တဖျပ်ဖျပ်ခတ်ရင်း ပြောသည်။ "နောက်ဆုံးတော့ မြေအောက်ဂိုဏ်းတွေက ထင်သာမြင်သာမရှိကြဘူး။ ကျွန်တော်တို့ ကုမ္ပဏီတစ်ခုထောင်လိုက်တာ ပိုကောင်းမယ် ထင်တယ်။ ဒါမှ ဆရာတစ်ခုခုလိုအပ်တဲ့အခါ ကြိုတင်စီစဉ်ထားနိုင်မှာ"

“မင်းလုပ်ချင်တဲ့ တစ်ခုသာ လုပ်လိုက်ပါ” ကျန်းဟန်က ပေါ့ပေါ့ပါးပါးပြန်ဖြေသည်။

“ကျွန်တော် လုံခြုံရေးကုမ္ပဏီတစ်ခု လုပ်မယ်” ကျော်ကဖုန်းက ထိုအကြောင်းကိုတွေးရင်း မျက်လုံးများကို မှေးစင်းထားလိုက်သည်။ “ဆရာ မုန့်မုန့်ကို ကစားဖို့ခေါ်သွားတဲ့အချိန် ဝန်ထမ်းတွေက လမ်းကြောင်းရှင်းပေးလို့ရတယ်။ ပြီးတော့ ဆရာ့ရဲ့ဇနီးအလုပ်သွားတဲ့အခါ ကျွန်တော်တို့ သူ့ကို ကာကွယ်ပေးဖို့ အမျိုးသမီးဘော်ဒီဂတ်တွေ လွှတ်လိုက်လို့ရတယ်။ အဲ့ဒါက ကိစ္စတွေကို လုပ်ရတဲ့အခါ ပိုပြီးအဆင်ပြေလိမ့်မယ်”

ဇီယန်အတွက် အစီအစဉ်ကိုပြောပြသည့်အချိန်ရောက်သည်နှင့် နောက်ဆုံးတွင် ကျန်းဟန်၏မျက်နှာက စိတ်ဝင်စားဟန်

ပြလာခဲ့သည်။ ခဏလောက် စဉ်းစားလိုက်ပြီးနောက် ကျန်းဟန်က ခေါင်းညိတ်ကာ ပြောလိုက်သည်။

"ကောင်းပြီ။ ခုနကပြောသလိုပဲ လုပ်လိုက်ပါ။ လုံခြုံရေးကုမ္ပဏီတစ်ခု လုပ်တာက အကြံကောင်းတစ်ခုပဲ။ ဒါကြောင့် မင်းရဲ့စိတ်ကူးတွေကို စလုပ်လို့ရတယ်။ တောင်ပေါ်မှာ ရှိတဲ့ ရတနာတွေကို ကိုင်တွယ်ဖြေရှင်းပြီးရင် ဒီကိစ္စကို လုပ်လို့ရပြီ"

"ဟုတ်ကဲ့" ကျန်းဟန်၏အမူအရာကိုမြင်လိုက်ရပြီးနောက် ကျောက်ဖုန်းသည် ရုတ်တရက် စိတ်ကျေနပ်မှုကို ခံစားလိုက်ရသည်။ သူက ပြုံးကာ "လုံခြုံရေးကုမ္ပဏီကို ဘာနာမည်ပေးချင်လဲဆရာ"

"ဖုန်းဆက်..." ကျန်းဟန် ခဏလောက်စဉ်းစားလိုက်ပြီးမှ ရိုးရှင်းစွာ ပြောလိုက်သည်။ "မုန့်မုန့်လုံခြုံရေးကုမ္ပဏီ(Meng Meng Security)"

"နာမည်ကောင်းပဲ"

ကျောက်ဖုန်းက ၎င်းကို သင့်တော်သည့်နာမည်ဟု ထင်ပေသည်။ မင်းသမီးလေးမုန့်မုန့်အတွက် အလုပ်လုပ်ပေးမည့် ကုမ္ပဏီဖြစ်သည့်အတွက် မုန့်မုန့်လုံခြုံရေးကုမ္ပဏီဟု နာမည်ပေးခြင်းသည် ပြီးပြည့်စုံသော အဓိပ္ပာယ်ပင်။ သို့ပေသိ...အခြားသူများက ဤနာမည်အား အနည်းငယ် မိန်းကလေးဆန်သည်ဟု ခံစားနေကြမည်ကို ကျောက်ဖုန်း စိုးရိမ်နေခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ သူ၏ဆရာ သဘောကျနှစ်သက်သည်ဆိုလျှင် လုံလောက်ပေသည်။ ထို့ပြင် ကျောက်ဖုန်းသည်လည်း ထိုနာမည်ကို အလွန်နှစ်သက်၏။ ချစ်စရာမင်းသမီးလေးမုန့်မုန့်ထံမှ ဆင်းသက်လာသည့်အတွက် ပို၍ သဘောကျလေသည်။

“မုန့်မုန့်လုံခြုံရေး(Meng Meng Security)ကုမ္ပဏီ” ကျောက်ဖုန်းသည် တိုးတိုးလေး ရေရွတ်လိုက်သည်။ ဆရာဖြစ်သူ၏ကျောထောက်နောက်ခံဖြင့်ဆိုလျှင်

မုန့်မုန့်လုံခြုံရေးကုမ္ပဏီသည် ဟောင်ကောင်တွင် အကျော်ကြားဆုံးဖြစ်လာရန် ဖြစ်နိုင်ပေသည်။

သို့သော်...သူ မှားယွင်းသွားခဲ့လေသည်။

မုန့်မုန့်လုံခြုံရေးကုမ္ပဏီသည် လအနည်းငယ်အတွင်း ကမ္ဘာပေါ်၌ အင်အားအကြီးဆုံး လုံခြုံရေးကုမ္ပဏီတစ်ခုဖြစ်လာလိမ့်မည်ကို ကျောက်ဖုန်း မမျှော်လင့်ထားခဲ့ချေ။ ထိုကုမ္ပဏီမှ ဘော်ဒီဂတ်များမှာ ယှဉ်ပြိုင်ရန် ခက်ခဲလွန်းသည့်အတွက် ကမ္ဘာတစ်လွှားတွင် ကျော်ကြားလာခဲ့သည်။

ကျန်းဟန်၏ခွင့်ပြုချက်ဖြင့် ကျောက်ဖုန်းသည် အရာရာကို အေးအေးဆေးဆေးလုပ်ဆောင်ခဲ့ပြီး ထိုမနက်ခင်းတွင် အခြားသူများနှင့် အဆက်အသွယ်ရခဲ့သည်။

ရတနာများကို မည်သို့ကိုင်တွယ်ရမည်ကလည်း ပြဿနာတစ်ရပ်ဖြစ်ပေသည်။ ယွမ်တစ်ဘီလီယံကျော် တန်ဖိုးရှိသည့် အရောင်းအဝယ်တစ်ခုကို လူအနည်းငယ်ကသာ

ပွဲစားလုပ်ပေးရဲမည်သာမက ထိုကဲ့သို့သော ဇစ်မြစ်မသိရသည့်ရတနာများကို လူအနည်းငယ်ကသာ ဝယ်ရဲကြပေမည်။

သို့သော် ကျောက်ဖုန်းသည် ကြိုးစားကြည့်ချင်သေး၏။ လူများစွာကို ဖုန်းခေါ်ပြီးနောက် နောက်ဆုံးလူထံမှ အဖြေတစ်ခုရခဲ့လေသည်။

"ငါ ဆရာကြီးတစ်ယောက်ကိုသိတယ်။ သူက ဝမ်ချင်အုပ်စု(Wanquin Group)မှာရှိတဲ့ ရှေးဟောင်းပစ္စည်းဆိုင်တစ်ခုရဲ့ ပိုင်ရှင်ပါ။ ငါ မင်းအတွက် ဖုန်းဆက်ပေးလို့ရယ်"

"ကောင်းပြီ ကျေးဇူးပါ"

ဖုန်းချလိုက်ပြီးနောက် ဆယ်မိနစ်အကြာတွင် ဖုန်းစခရင်၌ မရင်းနှီးသည့်နံပါတ်တစ်ခုပေါ်လာသည်။ ကျောက်ဖုန်း ဖုန်းပြန်ဖြေလိုက်၏။

“ဟဲလို ကျောက်ဖုန်းပါ”

“အင်း။ မင်းမှာ ရောင်းဖို့အတွက် ယွမ်တစ်ဘီလီယံကျော်တန်တဲ့ ရတနာပစ္စည်းတွေရှိတယ်လို့ ငါကြားတယ်”

“ဟုတ်ပါတယ်”

“ဘာကို ရောင်းချင်တာလဲ”

“ရွှေတန်ချိန်နည်းနည်း၊ ရှေးဟောင်းပစ္စည်းတချို့နဲ့ စိန်တွေရှိပါတယ်” ကျောက်ဖုန်းက အမှန်အတိုင်းဖြေသည်။

“ဘယ်တော့ ဘာကြည့်ဖို့ အဆင်ပြေမလဲ”

“အချိန်မရွေးလာလို့ ရပါတယ်”

“လိပ်စာပြောပေးပါဦး”

“လဆန်းပင်လယ်ကွေ့”

"လဆန်းပင်လယ်ကွေ့လား" ခဏရပ်တန့်သွားပြီးနောက် တစ်ဖက်မှဆက်ပြောသည်။ "ငါ့ရဲ့သခင်မလေးက လဆန်းပင်လယ်ကွေ့မှာရှိတယ်။ ငါ သူမကို ဒီကိစ္စပြောလိုက်မယ်"

"ကောင်းပြီ" ပြောပြီးသည်နှင့် ကျောက်ဖုန်း ဖုန်းချလိုက်သည်။ တစ်ဖက်လူ၏စကားများအရ သူ၏ရတနာများကို ရောင်းချရန် အခွင့်အရေးရှိကြောင်း ပြသနေသည်။

နာရီဝက်အကြာတွင် ကျောက်ဖုန်း၏ဖုန်းက ထပ်မံမြည်လာခဲ့သည်။ ဤတစ်ကြိမ်တွင် အသံချိုချိုဖြင့် မိန်းကလေးတစ်ယောက်ဖြစ်သည်။

အသေးစိတ်အချက်တစ်ချို့အား သူမက မေး၏။ သူမနှင့် ချိန်းဆိုပြီးနောက်တွင် ကျောက်ဖုန်းသည် ကားမောင်းကာ ထွက်လာခဲ့ပြီး ရှော့ပင်းမောလ်ကြီးတစ်ခု၏ ဂိတ်ပေါက်တွင် စောင့်နေသည့် အမျိုးသမီးတစ်ယောက်နှင့် တွေ့ဆုံခဲ့သည်။

"ဟေး ရှင်လား" အမျိုးသမီးက ရုတ်တရက် အော်လိုက်သည်။

"စိတ်မရှိပါနဲ့ မင်းက ဘယ်သူလဲ" ကျောက်ဖုန်းက သံသယဖြင့် ပြောသည်။

"လွန်ခဲ့တဲ့ရက်က မုန့်မုန့်အပန်းဖြေရာစားသောက်ဆိုင်ကို ကျွန်မ ပထမဆုံး လာစားခဲ့တာ။ ရလဒ်အနေနဲ့...နေ့လည်ကျရင် ကျွန်မ နေ့လည်စာ သွားစားတော့မလို့" အမျိုးသမီးက လျှာထုတ်ပြကာ ပြောသည်။

သူမသည် ဝမ်ချင်အုပ်စု ဥက္ကဋ္ဌ၏သမီး လင်း၅ွှယ်ဖြစ်သည်။ စားသောက်ဆိုင်မှ ဟင်းလျာများကို မြည်းစမ်းကြည့်ပြီးနောက် သူမသည် ၎င်းအား နှစ်ခြိုက်အားရစွာ စားလာခဲ့သည်။ မနက်ခင်းတွင် အားနေခဲ့သဖြင့် သူမသည် လဆန်းပင်လယ်ကွေ့သို့လာကာ ဈေးဝယ်ထွက်ပြီး

စားသောက်ဆိုင်တွင် အရရှိသည့်နေ့လည်စာစားရန် စီစဉ်ထားခဲ့သည်။

"အိုး..ကြည့်ရတာ စားသောက်ဆိုင်က နောက်ထပ် ပရိသတ်တစ်ယောက်ကို ဆွဲဆောင်သွားပုံပဲ" ကျောက်ဖုန်းက ရယ်မောကာ ပြန်ဖြေသည်။

"ပရိသတ်လား။ ဟားဟ...ဟုတ်တာပေါ့။ အားလုံးက ဆိုင်ရှင်ရဲ့ အဲ့လိုမျိုး အရသာရှိတဲ့ အစားအသောက်တွေ ချက်ပြုတ်ပေးတာကြောင့်ပဲ" လင်းရွှယ်က ပြုံးကာ ပြောလိုက်သည်။ "ရှင့်ကို အဖွဲ့ဝင်စားပွဲမှာ ထိုင်နေတာကို ကျွန်မသတိထားမိတယ်။ ဒါပေမယ့် ရှင်က စားပြီးတာနဲ့ စားသောကိုင်ကို သန့်ရှင်းရေးလုပ်တယ်နော်..."

"ကျုပ်က အဖွဲ့ဝင်တစ်ယောက်ဖြစ်ဖူးပါတယ်။ ဒါပေမယ့် အခုတော့ သူဌေးရဲ့နောက်ကို လိုက်နေတဲ့အတွက် ဆိုင်မှာ စားပွဲထိုးတစ်ယောက်လိုပါပဲ"

"အင်း" လင်း၅ွယ်က ခေါင်းညိတ်ပြကာ ညင်သာစွာ ပြုံးလိုက်ပြီး နာရီကို တစ်ချက်ကြည့်လိုက်သည်။ "ရှစ်နာရီခွဲနေပြီ။ သွားရအောင်။ ရှင်ပြောထားတဲ့ ပစ္စည်းတွေက ဘယ်မှာလဲ။ ကျွန်မစစ်ဆေးကြည့်မယ်"

"ကျုပ်နဲ့လိုက်ခဲ့ပါ" ကျောက်ဖုန်းက ကားပါကင်ဆီသို့ လှည့်ထွက်သွားသည်။

"ရှင်ရှေ့ကလမ်းပြပါ။ ကျွန်မနောက်ကလိုက်ခဲ့မယ်" လင်း၅ွယ်က ပြန်ပြောကာ သူမ၏ အနီရောင် Audi R8 လေးကို မောင်းနှင်ပြီး ကျောက်ဖုန်း၏ကားနောက်မှ လဆန်းတောင်သို့ လိုက်ပါသွားခဲ့သည်။

တောင်ခြေတွင် ကားရပ်လိုက်ပြီးနောက် လင်း၅ွယ်သည် ကျောက်ဖုန်းနှင့် တောင်ပေါ်သို့ လိုက်ပါသွားခဲ့၏။ တောအုပ်ကို ဖြတ်သန်းလာပြီးနောက်တွင် လင်း၅ွယ်၏မျက်လုံးများမှာ တဖြည်းဖြည်းပြူးကျယ်လာခဲ့သည်။

"ဝိုး...လိုက်တဲ့နေရာပဲ"

“ဒီပန်းတွေက အရမ်းလှတာပဲ။ မြက်ပင်တွေကလည်း သပ်သပ်ရပ်ရပ်နဲ့။ အာ... အဲဒီအပင်ကြီးက အရမ်းမြင့်တယ်နော်”

“ဟမ်...ချင်ပန်ဇီတစ်ကောင်က ဘာကြောင့်ရှိနေတာလဲ။ တိရိစ္ဆာန်တွေ အများကြီးပဲ...”

ကျောက်ဖုန်းသည် ၎င်းကို မျှော်လင့်ထားပြီးသားဖြစ်သည်။ နောက်ဘက်တောင်ကုန်းကို စိုက်ကြည့်ရင်း သူက ပြုံး၍ ပြောသည်။ “ဒီသုခဘုံလေးက ကျုပ်သူဌေးက သူ့သမီးအတွက် ဖန်တီးပေးထားတာ။ စားသောက်ဆိုင်မှာသုံးတဲ့ ပါဝင်ပစ္စည်းတွေကလည်း အကုန်လုံး ဒီမှာပဲ စိုက်ပျိုး မွေးမြူထားတာ။ ဒီမှာရှိတာအားလုံးက အော်ဂဲနစ်တွေချည်းပဲ။ မဟုတ်သေးဘူး... တိတိကျကျပြောရရင် အော်ဂဲနစ်အစားအစာတွေထက်ကို အများကြီးပိုပြီးကောင်းတယ်”

"အရမ်းမိုက်တာပဲ" လင်းရွှယ်မှာ အံ့သြတကြီးပြောသည်။

"ကျုပ် မင်းကို ပစ္စည်းတွေပြမယ်" ကျောက်ဖုန်းက ပြောလိုက်သည်။ ထိုနောက် သူမအား ယန်မိုးကြိုးသစ်ပင်ဆီသို့ ခေါ်ဆောင်သွား၏။

သူတို့နှစ်ယောက်သည် ဟေးနစ်ကောင်၏အာရုံကို ဆွဲဆောင်သွားလိမ့်မည်ဟု သူထင်ခဲ့သော်လည်း ထိုနှစ်ကောင်မှာ အိမ်မွေးတိရစ္ဆာန်ဧရိယာရှိ မြက်ခင်းပြင်ပေါ်တွင် ပျင်းရိစွာ လဲလျောင်းနေကြသည်။ သူတို့သည် လုံးဝမလှုပ်ရှားချင်ဟန်ရကာ သူတို့နှစ်ယောက်အား မြင်သည့်ပင် လုံးဝ လျစ်လျူရှုထားကြ၏။

သို့သော် လင်းရွှယ်သည် ရတနာများကိုစစ်ဆေးရန် ကောက်ယူလိုက်သည့်အား တာဟေးမြင်လိုက်ရသည့်အချိန်တွင် သူသည် သေချာစိုက်ကြည့်ရင်း အမြန်ထကာ ပြေးလာခဲ့သည်။

"ဝူး...ဝူး...ဝူး..."

တာဟေးက အော်လိုက်၏။ သူ၏အမူအရာက “ရပ်လိုက်စမ်း၊ မလှုပ်နဲ့။ အဲ့ဒါတွေကို အခု ချထားလိုက်” ဟု ပြောနေပုံရသည်။

အော်ဟစ်လိုက်ပြီးနောက်တွင် တာဟေးသည် ရှောင်ဟေးနှင့်အတူ ဒေါသတကြီး ပြေးဝင်လာ၏။ တာဟေး၏အမူအရာကိုကြည့်ခြင်းဖြင့် သူတို့သည် လင်း၅ယ်အား တိုက်ခိုက်ရန် ကြံစည်နေပုံရလေသည်။

ကျောက်ဖုန်းက အလျင်အမြန် ရှေ့ထွက်လာကာ အမြန်ပြောလိုက်သည်။

“ဟေး ဟေး ဟေး… စိတ်လိုက်မာန်ပါမလုပ်နဲ့။ သူက ငါတို့လူပဲ။ တာဟေး စိတ်အေးအေးထား။ သူက ဆရာခေါ်ထားတဲ့သူနော်။ မင်း သူ့ကို တိုက်ခိုက်ရင် ဆရာက မင်းကို ပြင်းပြင်းထန်ထန်အပြစ်ပေးလိမ့်မယ်”

သူ၏စကားများက လင်း‌ရွှယ်၏အနားသို့ရောက်နေပြီဖြစ်သည့် ရှောင်ပေါ်ကို တားဆီးရန် လုံလောက်ပေသည်။

…

-အပိုင်း(၂၁၁)

wunzinnosp

အပိုင်း(၂၁၂) ယွမ် ၁.၃၂ ဘီလီယံ

“ဟူး…” ရှောင်ပေါ်က လှည့်ကာ ပြန်ပြေးသွားသည်။

သခင်ကစကားကို သူမှတ်မိနေသေးလေသည်။ မနာခံတဲ့ခွေးကို စွပ်ပြုတ်လုပ်ပစ်မယ်ဟု သူပြောခဲ့လေ၏။

တာပေါ်လည်း ရပ်တန့်သွားသည်။ သူသည် ခေါင်းကုတ်ကာ စိုက်ကြည့်ရင်း “ဝူး ဝူး ဝူး”

“ဆရာ့ရဲ့ခွင့်ပြုချက်မပါရင် ငါလည်း ဒါတွေကို မရွေ့ရဲပါဘူး။ ဒါက ဆရာ့အမိန့်ပါ” ကျောက်ဖုန်းက ခါးသီးစွာ ရှင်းပြသည်။

“ဝူး...” သူ၏စကားကို ကြားသည့်အခါ တာဟေးက နှုတ်ခမ်းများကို တွန့်ကွေး၍ လက်ကိုပွတ်လိုက်သည်။ သို့သော်...သူသည် ပြန်သွားခါနီးတွင် ကျောက်ဖုန်းအား လက်ဖြင့်တွန်းထုတ်သွားခဲ့သေးသည်။

ကျောက်ဖုန်းမှာ ဘေးသို့ ခြေလှမ်းခုနစ်လှမ်းခန့် ဆုတ်လိုက်ရပြီး လဲကျလုနီးပါးဖြစ်သွားသည်။

“ဟားဟား...” တာဟေးသည် မထီမဲ့မြင်ရယ်မောပြီးနောက် ပြန်လှည့်သွားခဲ့၏။

ကျောက်ဖုန်းသည် တည်ငြိမ်သောအမူအရာဖြင့် ယန်မိုးကြိုးသစ်ပင်ဆီသို့ ပြန်လျှောက်သွားခဲ့သည်။

"သူတို့..သူတို့...ဘာလုပ်နေကြတာလဲ" လင်းရွှယ်က ကြောက်လန့်တကြား မေးလိုက်သည်။

"သူတို့က ကျုပ်ကို စနောက်နေတာပါ။ ငါတို့အဆင်ပြေပါတယ်။ ဒီလိုပါ သူတို့နဲ့ကစားနေကျ" ကျောက်ဖုန်းက တတ်နိုင်သမျှ စိတ်ကိုတည်ငြိမ်အောင်စုစည်းကာ ပြောသည်။

"သူတို့က တကယ်ဉာဏ်ကောင်းတာပဲ" လင်းရွှယ်က ခေါင်းယမ်းလိုက်ကာ ရွှေများအား အဓိပ္ပာယ်ပါပါကြည့်လိုက်ပြီး "ရွှေတွေအားလုံးက သန့်စင်ပြီးတော့ လူတစ်ယောက်မှာ ဒီလောက်များတဲ့ရွှေပမာဏရှိတယ်ဆိုတာ တော်တော်လေးရှားတယ်"

"အင်း"

"ရှေးဟောင်းပစ္စည်းတွေနဲ့ စိန်တွေကို စစ်ဆေးကြည့်ပါရစေဦး" လင်းရွှယ်က ပရော်ဖက်ရှင်နယ်

ကိရိယာအချို့ကိုထုတ်ကာ ပစ္စည်းများအား စတင်စစ်ဆေးကြည့်ရှုသည်။

တစ်နာရီခန့်ကြာပြီးနောက် လင်းရွှယ် မတ်တပ်ထရပ်ကာ ခဏလောက် တန့်နေပြီးနောက် သူမ၏စစ်ဆေးမှုရလဒ်ကို ပြောသည်။

"အားလုံးပေါင်း ရှေးဟောင်းပစ္စည်း ၃၂ မျိုးရှိပြီးတော့ ၂၆ ခုက အစစ်တွေ၊ ၃ ခုက အတုတွေပါ။ ကျန်တဲ့ ၃ ခုကတော့ အတုလား အစစ်လား ကျွန်မ မခွဲခြားနိုင်တဲ့အတွက် ကျွမ်းကျင်ပညာရှင်ဆီ ယူသွားပြီး အတည်ပြုမှရမယ်။ ဒီစိန်တွေအားလုံးကတော့ အစစ်တွေပဲ"

"အင်း...ခန့်မှန်းတန်ဖိုးက ဘယ်လောက်ရှိမလဲ" ကျောက်ဖုန်းက ခေါင်းညိတ်ကာမေးသည်။

"ငွေကြေးအဖြစ်ပြောင်းလိုက်ရန် ယွမ် ၁.၃ ဘီလီယံ လောက်တော့ရှိလိမ့်မယ်။ ပမာဏက အရမ်းများတဲ့အတွက်

ကျွန်မအဖေနဲ့ တိုက်ပင်ရဦးမယ်” သူမက ပြောပြောဆိုဆိုဖြင့် ဖုန်းကို ထုတ်လိုက်သည်။

“ကောင်းပြီ”

လင်းရွှယ်သည် သူမ၏ဖုန်းကိုယူကာ တောင်ပေါ်ရှိ ပန်းပင်လယ်ကြီးဆီသို့ လျှောက်သွားလေသည်။ သူမသည် လှပသည့်ပန်းပွင့်လေးများကိုကြည့်ရင်း သူမအဖေ၏ဖုန်းနံပါတ်ကို ခေါ်ဆိုခဲ့သည်။

“ဘာကိစ္စရှိလို့လဲ ရွှယ်အာ။ အဖေ အစည်းအဝေးလုပ်နေတုန်းပဲ။ ဘာမှမရှိဘူးဆိုရင် နောက်မှ ပြန်ခေါ်လိုက်မယ်လေ” လင်းအဖေက ပြောသည်။

“အဖေ အရောင်းအဝယ်ကြီးတစ်ခုရှိတယ်” လင်းရွှယ်က တိုက်ရိုက်ပြောလိုက်သည်။

“ဘယ်လောက်မလို့လဲ” လင်းအဖေက မေးသည်။

“ယွမ် ၁.၃ ဘီလီယံကျော်သွားဖို့ရှိတယ်”

"ဘယ်လောက်ရယ်" လင်းအဖေ၏အသံမှာ ပို၍ ကျယ်လာသည်။

ယွမ် ၁.၃ ဘီလီယံသည် အလွန်များပြားသည့်ငွေပမာဏဖြစ်၏။ သူမ၏အဖေမှာ ရုတ်တရက် ထိုသတင်းကို ကြားသည့်အခါ အံ့အားသင့်သွားခဲ့သည်။ တကယ်တမ်းတွင် သူ၏လက်ရှိပိုင်ဆိုင်မှုမှာ ယွမ် ၂ ဘီလီယံအောက်သာရှိသည့်အတွက် လက်ရှိလုပ်ငန်းဆောင်တာများကို ထိခိုက်သွားနိုင်သည့် ဤမျှ များပြားသော အရောင်းအဝယ်ပမာဏကို ပြုလုပ်ရန် မလွယ်ကူချေ။ သို့သော်... အရာအားလုံးသည် အကျိုးအမြတ်အပေါ် မူတည်နေ၏။ အမြတ်အစွန်းသာ များနေခဲ့လျှင် သူဝယ်ယူပေလိမ့်မည်။ သို့သော် ထိုပစ္စည်းများ၏အသေးစိတ်အချက်အလက်များကို မေးမြန်းရန် လိုသေးပေသည်။

"စုစုပေါင်းတန်ဖိုးက ယွမ် ၁.၃ ဘီလီယံကျော်ရှိတယ်။ ရှေးတန်ချိန်အတန်သင့်ရယ်၊ စိန်သေတ္တာလေးတစ်လုံးရယ်၊ ရှေးဟောင်းပစ္စည်း အစစ် ၂၆ ခုရှိတယ်။ ကျန်တဲ့ ကြေးထည်ပစ္စည်းတွေဖြစ်တဲ့ ရှေးဟောင်းပစ္စည်းသုံးခုကိုတော့ အတိအကျမပြောနိုင်သေးဘူး။ တန်ဖိုးက နည်းမှာမဟုတ်ဘူး" လင်းရှယ်က သူ့အား အသေးစိတ်ပြောပြလိုက်သည်။

"အရမ်းများတာပဲ..." လင်းအဖေ မျက်လုံးပြူးသွားကာ "ဘယ်သူ့ပစ္စည်းတွေလဲ။ အဲ့ဒါက ဒီလောက် ပမာဏများပြားတာ။ ပစ္စည်းတွေက တရားရော ဝင်ရဲ့လား"

"အဲဒါတော့ မသိဘူး။ သမီးက စစ်ဆေးကြည့်ဖို့အတွက်ပဲ ပစ္စည်းတွေရှိတဲ့နေရာကို ရောက်နေတာ။ အဖေ တစ်ချက်လောက်ကြည့်ရအောင် လူတစ်ချို့ ခေါ်လာခဲ့ပါလား။ အကျိုးအမြတ်ကတော့ အများကြီးရမှာ" လင်းရှယ်က အသံတိုးတိုးဖြင့် ပြောသည်။

"ကောင်းပြီ အဖေ အခု လူတစ်ချို့ကိုခေါ်ပြီးလာခဲ့မယ်။ သမီးဘယ်မှာလဲ"

"သမီးက...သုခဘုံမှာ"

"ဘာကြီးလဲ" လင်းအဖေမှာ အနည်းငယ် ခေါင်းရှုပ်သွား၏။

"သမီးမသိဘူး။ ခဏ သမီးမေးလိုက်ဦးမယ်" လင်းရွှယ်က တိုးတိုးလေးပြောသည်။ သူမသည် ယန်မိုးကြိုးသစ်ပင်အောက်သို့ ပြန်သွားကာ ကျောက်ဖုန်းအား မေးမြန်းပြီးနောက် လဆန်းတောင်ပေါ်တွင်ရှိကြောင်း ပြန်ပြောလိုက်သည်။ တွေ့ဆုံမည့်အချိန်ကို ပြောလိုက်ပြီးနောက် လင်းရွှယ်ဖုန်းချလိုက်သည်။

တစ်နာရီခန့်အကြာတွင် သူမ၏ဖခင်သည် လူ ခုနစ်ယောက် ရှစ်ယောက်ကို ခေါ်ကာ ရောက်လာပြီး ပစ္စည်းများကို ပြန်လည်စစ်ဆေးကြည့်သည်။ လင်းရွှယ်၏အကဲဖြတ်မှုမှာ လုံးဝမှန်ကန်ပေသည်။ သူမ

မခွဲခြားနိုင်သည့် ကြေးထည်သုံးခုမှာလည်း အစစ်ဖြစ်ပြီး ၎င်းတို့သည် လွှမ်းမိုးနိုင်စွမ်းကြီးမားသော ရှေးဟောင်းပစ္စည်းများဖြစ်၍ အကဲဖြတ်သူများမှာ အလွန်စိတ်လှုပ်ရှားသွားကြသည်။

"အဟမ်း" လင်းအဖေက အသာအယာချောင်းဟမ့်လိုက်ပြီး ကျောက်ဖုန်းအား ကြည့်ကာ "ပစ္စည်းတွေရဲ့ ဇစ်မြစ်ကို မေးလို့ရမလား"

"ဇစ်မြစ်ကို သိဖို့ မလိုအပ်ပါဘူး" ကျောက်ဖုန်းက လက်ကို ဝှေ့ယမ်းလိုက်ပြီး ပြတ်သားစွာ ပြောလိုက်သည်။ "ဒီပစ္စည်းတွေကို ခင်ဗျားဝယ်မလားဆိုတာ သိချင်ပါတယ်"

"မင်း ဘယ်လောက်လိုချင်သလဲ" လင်းအဖေက ခဏလောက်စဉ်းစားပြီး မေးသည်။

"ဒီပစ္စည်းတွေအကြောင်း ကျုပ်တစ်ယောက်ယောက်ကို မေးထားပြီးပါပြီ။ တန်ဖိုးကို ကျုပ်သိပါတယ်။ ခင်ဗျား ကျုပ်ကို ဈေးနှုန်းတစ်ခု ပေးကြည့်ပါ။ ကျုပ်တို့ တစ်ခါတည်း

သဘောတူညီမှုရနိုင်မယ် ထင်တယ်” ကျောက်ဖုန်းက ပြန်ပြောသည်။

“အင်း…” လင်းအဖေက အတွေးနက်သွားသည်။ နှစ်မိနစ်ခန့်စဉ်းစားပြီးနောက် မျက်ခုံးပင့်ကာ ပြောလိုက်သည်။

“ဒါတွေအတွက် ယွမ် ၁.၃၂ ဘီလီယမ်ပေးနိုင်ပါတယ်”

“အဆင်ပြေပါတယ်” ကျောက်ဖုန်းက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

ကျောက်ဖုန်း လူတစ်ချို့နှင့်စကားပြောခဲ့သည်များအရ ဤပစ္စည်းများမှာ ယွမ် ၁.၂ ဘီလီယံမှ ၁.၃၅ ဘီလီယမ်အထိ ရရှိရန် မျှော်မှန်းထားခဲ့သည်။ နောက်ဆုံးတွင် ယွမ် ၁.၃၂ ဘီလီယမ်ဖြင့် ရောင်းချနိုင်ခဲ့ကာ ကျောက်ဖုန်း ကျေနပ်သွားသည်။ နောက်ဆုံးတွင်တော့ ဤပစ္စည်းများက လုယက်လာခဲ့သည်မဟုတ်ပါလား။ ထန်ကျန့်တွင် ဤမျှပိုင်ဆိုင်မှုအများအပြားရှိနေမည်ဟု သူ မမျှော်လင့်ထားချေ။

"ကျုပ်တို့ ဘဘောတူညီမှုရနိုင်ပေမယ့် စာချုပ်ကတော့ ပုံမှန်ထက် ကွဲပြားပြီး လုပ်ဆောင်ဖို့လိုလိမ့်မယ်" လင်းအဖေက ခဏလောက်စဉ်းစားပြီး ဆက်ပြောသည်။ "ဒီပစ္စည်းတွေကို ဝယ်ပြီးရင် အစိုးရက သိမ်းဆည်းခံရတာမျိုး မဖြစ်စေချင်ဘူး။ ဒါကြောင့် ပြီးရင် အရောင်းအဝယ်စာချုပ်ချုပ်မယ်။ တစ်လအတွင်း ပစ္စည်းတွေက ပြဿနာတစ်စုံတစ်ရာမရှိရင် ငွေရင်တွေ မင်းရဲ့အကောင့်ထဲ လွှဲပေးမယ်။ ပြဿနာတစ်စုံတစ်ရာရှိခဲ့မယ်ဆိုရင်တော့..."

"တစ်လလား" ကျောက်ဖုန်း အနည်းငယ် မျက်မှောင်ကြုတ်သွား၏။

"တစ်လကြာတာမဟုတ်ဘူး။ ဒီပစ္စည်းတွေကို ရောင်းဖို့က သုံးလေးလလောက် ကြာလိမ့်မယ်" လင်းရှယ်က ပြုံးကာ ထပ်ပေါင်းပြောသည်။

"တစ်လက အရမ်းကြာတယ်။ လဝက်" ကျောက်ဖုန်းက ခဏလောက် စဉ်းစားပြီး ပြန်ပြောသည်။

သူတို့၏စိုးရိမ်မှုအား သူနားလည်ပေသည်။ မည်သို့ပင်ဆိုစေ ဤပစ္စည်းများ၏ ဇစ်မြစ်ကို မသိရသေးဘူးမဟုတ်ပါလား။

"လဝက်..." လင်းအဖေက ၎င်းကို စဉ်းစားပြီး ခေါင်းညိတ်ကာ သဘောတူလိုက်သည်။

"ခဏနေဦး ကျွန်မမှာ အခြေအနေတစ်ခုရှိသေးတယ်" သူတို့ သဘောတူညီမှုရရှိပြီးနောက် လင်းရွှယ်က အလျင်အမြန် ဝင်ပြောလိုက်သည်။

"ဘယ်လိုအခြေအနေလဲ" ကျောက်ဖုန်းက မေးသည်။

"ကျွန်မ စားသောက်ဆိုင်ရဲ့မန်ဘာကတ်တစ်ခု လိုချင်တယ်။ ယွမ် ၁.၃ ဘီလီယမ်တန်တဲ့ သဘောတူညီမှုကို စဉ်းစားပေးပြီး ရှင့်သူဌေးက ကျွန်မကို မန်ဘာကတ်တစ်ခုပေးနိုင်မလား" လင်းရွှမ်က ပြုံးကာ နှုတ်ခမ်းကို ကိုက်လိုက်သည်။

"မန်ဘာကတ်လား..." ကျောက်ဖုန်း အနည်းငယ်စွံ့အသွား၏။ "မိန်းကလေး မင်းမှာ မန်ဘာကတ်တစ်ခုလောက်ကို ကိုယ့်ဟာကိုယ်ဝယ်ဖို့ ပိုက်ဆံရှိပါတယ်"

"မဟုတ်ဘူး။ ဝယ်ထားတဲ့မန်ဘာကတ်နဲ့ သူဌေးကပေးတာနဲ့ ဘယ်တူမှာလဲ။ ပြီးတော့ ယွမ် ဆယ်သန်းတောင် ကျတယ်။ ကျွန်မအဖေက တော်တော်လေး တွန့်တိုတာ။ ကျွန်မအတွက် ယွမ် ဆယ်သန်းလောက် ပေးမသုံးချင်ဘူးလေ" လင်း၅ွယ်က ပြောနေရင်း သူမ၏အဖေအား မျက်စောင်းလေးထိုးလိုက်သည်။

"ကျုပ် ဒါကို ဆုံးဖြတ်မပေးနိုင်ဘူး။ ဒါကြောင့် သူဌေးကို မေးမှရမယ်" ကျောက်ဖုန်းက ဖုန်းကို ထုတ်ကာ ကျန်းဟန်အား ခေါ်လိုက်သည်။

သူ၏စကားကိုကြားပြီးနောက် ကျန်းဟန်က ရိုးရိုးရှင်းရှင်းပင် ပြန်ပြောလေသည်။

"ငါငြင်းတယ်"

ကျောက်ဖုန်းမှာ ခါးသီးသောအပြုံးဖြင့် ရလဒ်ကို လင်း၍ရွှယ်အား ပြောပြလိုက်သည်။

"ဟွန့် သူက အရမ်းကပ်စေးကုတ်တာပြ။ ဒီလောက်များတဲ့ငွေတွေရှိတာတောင် မန်ဘာကတ်လေးတစ်ကတ် မပေးချင်ဘူး" လင်း၍ရွှယ်က နှုတ်ခမ်းစူကာ ရေရွတ်လိုက်သည်။

ထိုအချိန်တွင် လင်းအဖေမှာ သမီးဖြစ်သူအား စိတ်ရှုပ်ထွေးစွာ ကြည့်နေသည်။ သူသည် ကျောက်ဖုန်း၏သူဌေးအကြောင်းကို သိချင်လာ၏။ ထို့ပြင် မည်သို့သောမန်ဘာကတ်က ယွမ်ဆယ်သန်း ကုန်ကျရပါသနည်း။

သို့သော် သူသည် ထိုကိစ္စအား သိပ်အလေးအနက်မထားခဲ့ပေ။ သူသည် ပစ္စည်းများအား

ယူဆောင်သွားခဲ့ပြီး သူ၏ကုမ္ပဏီတွင် ကျောက်ဖုန်းနှင့် စာချုပ်ချုပ်ခဲ့သည်။

စာချုပ်ချုပ်ပြီးနောက် ကျောက်ဖုန်း ပြန်သွားခဲ့သည်။ လင်းအဖေကား ဂုဏ်ပြုရန် မရည်ရွယ်ထားပေ။ သူသည် ဤပစ္စည်းများဖြင့် အချိန်အတန်ကြာ အလုပ်များနေရပေဦးမည်။

အကယ်၍ သူသည် ပစ္စည်းများ ကောင်းမွန်စွာ စီမံနိုင်ပါက ယွမ် ၁.၅ ဘီလီယမ်ကျော်ဖြင့် ရောင်းချနိုင်မည်ဖြစ်ပြီး ယွမ် သန်း ၂၀၀ ကျော် အမြတ်ထွက်နိုင်သည်။

သို့သော်လည်း ဤနေရာတွင် ဖြစ်ပျက်သမျှအားလုံးမှာ မည်သည့်အမိန့်မျှပေးမထားသည့် စခန်းမှူး ဒုန်ရှန်းချွမ်ဆီသို့ ချက်ချင်းရောက်ရှိလာခဲ့သည်။ လုံခြုံရေးဗျူရိုမှ ထိပ်တန်းအရာရှိများ ဤကိစ္စကိုကိုင်တွယ်ရန် လဆန်းပင်လယ်ကွေ့သို့ မကြာခင်ရောက်လာမည်ဖြစ်ကြောင်း

သတင်းရထားပြီးဖြစ်သည်။ သူလုပ်နိုင်သမျှမှာ ကျောက်ဖုန်းနှင့် စားသောက်ဆိုင်အား စောင့်ကြည့်နေရန်သာရှိသည်။

ကျောက်ဖုန်း ပစ္စည်းများအားရောင်းလိုက်သည့်သတင်းနှင့်ပတ်သက်၍ သူ့တွင် မည်သည့်အကြံမျှရှိမနေချေ။ ပိုက်ဆံကိုပြန်ယူခြင်းက ရတနာများကို ပြန်ယူခြင်းနှင့် အတူတူပင်။ ကျောက်ဖုန်း ထွက်မပြေးသရွေ့ ဘာမှလုပ်စရာမလိုပေ။ သူလုပ်နိုင်သည်က ဆုံးဖြတ်ချက်ချရန် လုံခြုံရေးဗျူရိုမှ အထက်လူကြီးများကို စောင့်ရုံသာရှိသည်။

ကျောက်ဖုန်းနှင့် လင်းရှယ်တို့ ကုမ္ပဏီမှ ပြန်လာပြီးနောက် စားသောက်ဆိုင်သို့ အတူပြန်လာခဲ့ကြသည်။

ဆယ်တစ်နာရီခွဲသည် နေ့လည်စာစားချိန်ဖြစ်ပေသည်။

ကျန်းဟန်သည် စားသောက်ဆိုင်၏မီးဖိုချောင်ထဲတွင် နေ့လည်စာ ပြင်ဆင်နေပြီး မုန့်မုန့်သည် ဆိုဖာပေါ်တွင် လှဲကာ အရုပ်များဖြင့် ကစားနေ၏။

"သူဌေး" ကျောက်ဖုန်းက မီးဖိုချောင်သို့သွားကာ ကျန်းဟန်အား ပြောလိုက်သည်။ "ပစ္စည်းတွေကို ယွမ် ၁.၃၂ ဘီယီယမ်နဲ့ ရောင်းပြီးပါပြီ။ ဒါပေမယ့် ငွေလွှဲဖို့က လဝက်လောက် ကြာဦးမှာပါ"

"အင်း" ကျန်းဟန်က ခေါင်းမော့မကြည့်ဘဲ ပါဝင်ပစ္စည်းများကို ဆက်လက်ပြင်ဆင်နေသည်။

"အာ...ငွေလွှဲဖို့အတွက်က သူဌေးရဲ့ကတ်ကို သုံးရမလား။ ကျွန်တော် သူတို့ကို ကတ်နံပါတ် မပေးထားခဲ့သေးဘူး" ကျောက်ဖုန်းက ပြန်ပြောသည်။

"မလိုဘူး။ မင်းကိုယ်တိုင် ကိုင်တွယ်နိုင်တယ်" ကျန်းဟန်က ပြတ်သားစွာ ပြောသည်။

ယွမ် ၁.၃၂ ဘီလီယံသည် သူ၏မျက်လုံးထဲတွင် ၁၃ ယွမ်နှင့်အတူတူပင်။

သို့သော်လည်း ကျောက်ဖုန်းသည် ၎င်းက အမှန်တရားဖြစ်သည်ကို သိရှိ၏။

သူသည်ပင် ယွမ် ၁.၃၂ ဘီလီယမ်ကိုရရှိချိန်တွင် သိပ်စိတ်မဝင်စားခဲ့ချေ။ အကြောင်းမှာ...သူ၏အမြင်မှာ အလွန်ကျယ်ပြန့်လေသည်။ ငွေသည် သူ့အတွက် ဘာမှမဟုတ်ချေ။

ကျောက်ဖုန်း ခေါင်းညိတ်ကာ စားပွဲဆီသို့ ပြန်သွားထိုင်လိုက်၏။

သူတို့စကားပြောပြီးသည်နှင့် မနီးမဝေးတွင် ရပ်နေသည့် လင်း၌ယ်သည် ကျန်းဟန်ဆီသို့ လျှောက်သွားလေသည်။ စူးစမ်းလိုစိတ်ဖြင့် သူမသည် ကျန်းဟန်အား အကဲခတ်လိုက်၏။

“ဘာကိစ္စလဲ” ကျန်းဟန်က သူမအား ထူးဆန်းစွာကြည့်သည်။

ဒီမိန်းကလေးက ဘာလုပ်နေတာလဲ။

"ဟွန့် ကျွန်မက ရှင်နဲ့ စာချုပ်ချုပ်တဲ့သူပဲ။ အရောင်းအဝယ်ကဖြစ်သွားပေမယ့် ရှင်က မန်ဘာကတ်လေးတစ်ခုတောင် မပေးဘူး" လင်း၍ယ်ကာ အသာအယာနှာခေါင်းရှုံ့ကာပြောသည်။

"ငါက မန်ဘာကတ်ကို ဘယ်သူ့မှမပေးဘူး" ကျန်းဟန်က တိုက်ရိုက်ပြန်ပြောလိုက်သည်။

"ရှင်က တော်တော်တွန့်တိုတာပဲ" လင်း၍ယ်က သူ့အား မျက်စောင်းထိုးလိုက်သည်။ သူမ မီးဖိုချောင်ကောင်တာအား လှမ်းကြည့်လိုက်ပြီး "အဖွဲ့ဝင်တွေအတွက် နေ့လည်စာက ဘာတွေလဲ"

"ဘဲကင်ခြောက်ကောင်ရှိမယ်" ကျန်းဟန် တုံးတိတိပြန်ဖြေသည်။

လဆန်းတောင်မှ ဘဲများ၏အရည်အသွေးမှာ အလွန် အဆင့် ၅ အေ ထက်ပို၍ မြင့်မားသည်ကြောင်း ပြောနေစရာပင်မလို။ အချိန်အတန်ကြာစဉ်းစားပြီးနောက်

ကျန်းဟန်သည် ဘဲကင်ကို ပြုလုပ်ရန် စိတ်အားထက်သန်လာ၏။

ကျန်းဟန်သည် ပေကျင်းမြို့ ဇာတိဖြစ်သည့်အတွက် သဘာဝကျကျပင် ပေကျင်းဘဲကင်နှင့် အလွန်ရင်းနှီးသည်။ ကျန်းဟန် မကြာခဏစားလေ့ရှိသည့် ဟင်းလျာများကို ပေးကျင်းရှိ ဂန္တဝင်ဆိုင်သုံးခုမှ ပြုလုပ်၏။ ကွမ်ကျီသဲ ဟုခေါ်သော ပထမဆုံးဆိုင်သည် ၎င်း၏ရိုးရာ ဟင်းချက်နည်းများကြောင့် ကျော်ကြားသည်။ ဒုတိယမှာ Cheap Square ဖြစ်ပြီး ၎င်း၏အအေးခံနည်းစနစ်နှင့် အာဟာရဓာတ်အား အလေးထားမှုကြောင့် ထူးခြားခြင်းဖြစ်သည်။ တတိယတစ်ခုမှာ တဒုန်ဘဲကင်ဆိုင်ဖြစ်ပြီး ၎င်း၏အဓိက ထိပ်တန်းစားသုံးသူများကို ဝန်ဆောင်မှုပေးရန်ဖြစ်သည်။ နိုင်ငံခြားသူများ ဘဲကင်ကို မြည်းစမ်းကြသည့် အဓိကနေရာတစ်ခုပင်။

“ဂလု…”

လင်းရွှယ်မှာ စိတ်ထဲတွင် အရသာရှိသည့် ဘဲကင်များကို မြင်ယောင်ကြည့်ရင်း တိတ်တဆိတ် တံတွေးမြိုချလိုက်ပြီး ဗိုက်ထဲမှ အသံမြည်လာ၏။ တည်ငြိမ်နေဆဲဖြစ်သည့် ကျန်းဟန်အား ကြည့်လိုက်ပြီးနောက် သူမ နှာခေါင်းရှုံ့ကာ ပြောလိုက်သည်။

“ဟုတ်ပါပြီ ဟုတ်ပါပြီ. ရှင်နိုင်ပါတယ်။ ဟုတ်ပြီလား။ ကျွန်မ မန်ဘာကတ်ကို ကိုယ့်ဘာသာဝယ်လိုက်မယ်။ ဟွန့်… တော်တော်ကကပ်စေးနဲတဲ့ သူဌေး။ ကျွန်မ ဘယ်လိုပေးရမလဲ”

“ကျုပ်နဲ့လိုက်ခဲ့ပါ” ကျောက်ဖုန်းက ပြုံးကာ ထရပ်လိုက်ပြီး လင်းရွှယ်ကို လက်တော့တင်ထားသည့် ခုံသို့ ခေါ်သွား၏။ ထိုနောက် ကျန်းဟန်၏ဘဏ်ကတ်ကို အံဆွဲထဲမှ ထုတ်လိုက်သည်။

ရက်အနည်းငယ်ကြာ လုပ်ငန်းလည်ပတ်ပြီးနောက်တွင် အံဆွဲထဲ၌ ပိုက်ဆံများ ပြည့်နေလေသည်။ ပိုက်ဆံများ

မည်မျှပြန့်ကျဲနေသည်ကို တွေ့လိုက်ရသည့်အခါ လင်းရှယ်နှုတ်ခမ်းများ ရှုံ့မဲ့သွား။

“ငွေလွှဲပေးပါ” ကျောက်ဖုန်းက ခရက်ဒစ်ကတ်ကို ပေးလိုက်သည်။

…

-အပိုင်း(၂၁၂) ပြီး

wunzinnosp

အပိုင်း(၂၁၃) ယွမ်ဆယ်သန်းအဆင့်အဖွဲ့ဝင်

“ကျွန်မလွှဲပေးပါ့မယ်” လင်းရှယ်က ဒေါသတကြီးပြောလိုက်ကာ ကတ်အား ဆွဲယူပြီး ထိုနံပါတ်များအတိုင်း ငွေဆယ်သန်းကို အကောင့်ထဲလွှဲပေးလိုက်သည်။

ပစ္စည်းများအရောင်းအဝယ်မှ အမြန်အစွန်းမှာ အလွှန်များပြားသည့်အတွက် သူမ၏အဖေက ငွေအများအပြား ဆုချလိုက်လေသည်။

ငွေလွှဲပေးပြီးနောက်တွင် လင်းရှယ်သည် အဖွဲ့ဝင်များ၏အခန်းတွင် ကျောက်ဖုန်းနှင့်အတူထိုင်နေခဲ့သည်။ ခဏအကြာတွင် ကျန်းဟန်၏ဖုန်းတွင် အကြောင်းကြားစာတစ်စောင် ရောက်ရှိလာပြီး ငွေအများအပြားကို သူ၏အကောင့်ထဲသို့ လွှဲပေးလိုက်ကြောင်း ကြေငြာလိုက်လေသည်။

ပထမဆုံးသော ယွမ် ၁၀ သန်းတန် မန်ဘာကတ်အား ရောင်းချပြီးလေပြီ။

ပါဝင်ပစ္စည်းများအားလုံးကို ပြင်ဆင်ပြီးနောက်တွင် ကျန်းဟန်သည် ကောင်တာသို့သွားကာ နံပါတ် ၁၁ ပါရှိသည့် အမည်းရောင်စိန်အဖွဲ့ဝင်ကတ်ကို ထုတ်ယူကာ

လင်းရှယ်ဆီလျှောက်သွားပြီး သူမအား ပေးလိုက်သည်။ "ဒါက မင်းရဲ့ မန်ဘာကတ်"

"နောက်ဆုံးတော့ ငါ မန်ဘာကတ်တစ်ခုရခဲ့ပြီ။ အဲဒါက ပိုသဘောကျတယ်။ ယွမ် ၁၀ သန်းကုန်ကျခံပြီးမှတော့ ငါတစ်ခုရသင့်ပါတယ်" လင်းရှယ်သည် မန်ဘာကတ်ကို ဝမ်းသာအားရသိမ်းဆည်းလိုက်၏။

"သူဌေး ဝမ်မိသားစု၊ စွန်းဒုန်ဟမ်တို့မိသားစုနဲ့ ကျွန်တော်တို့အဖွဲ့က စားပွဲအားလုံးနေရာပြည့်သွားကြပြီ။ လင်းရှယ်က တစ်ယောက်တည်းမထိုင်ချင်ဘူးဆိုရင် ခုံမလောက်တော့ဘူး" ကျောက်ဖုန်းက ပြောသည်။

"အမှန်ပဲ။ ကျွန်မ သူစိမ်းတွေနဲ့ စားပွဲအတူတူမထိုင်ချင်ဘူး" လင်းရှယ်က ခေါင်းညိတ်ကာ ပြောသည်။

"အင်း" သူမ၏စကားကိုကြားသည့်အခါ ကျန်းဟန်က လှည့်ပတ်ကြည့်လိုက်ပြီး စန္ဒယားအနီးတွင်

နေရာချနိုင်သည်ကို တွေ့လိုက်၏။ ထို့ကြောင့် ကျန်းဟန်က ပြတင်းပေါက်ရှေ့ရှိ အလှဆင်ထားသည့်စင်များကို လက်ညှိုးထိုးပြလိုက်ပြီး “အဲဒီစင်တွေကို လွှင့်ပစ်ပြီး စားပွဲနဲ့ ထိုင်ခုံအသစ် သွားဝယ်လိုက်ပါ”

ပြောပြီးသည်နှင့် ကျန်းဟန်သည် မီးဖိုချောင်ဘက်သို့ ပြန်လှည့်သွား၏။

“ကောင်းပြီ” ကျောက်ဖုန်းက တုံ့ပြန်လိုက်ပြီး ထရပ်ကာ ထိုစင်များအားလုံးကို အပြင်ဘက် အမှိုက်ပုံးသို့ သယ်သွားခဲ့သည်။ သူ ပြန်ရောက်လာသည့်အခါ လင်းရှယ်ကို တစ်ချက်ကြည့်လိုက်ပြီး “စားပွဲတွေသွားတယ်မလို့။ မင်း ငါနဲ့လိုက်ချင်လား။ ဒါမှ မင်းကြိုက်တဲ့ ဒီဇိုင်းကို ရွေးလို့ရမှာ”

“ကောင်းပြီ” လင်းရှယ်က ပြုံး၍ပြန်ပြောပြီး ကျောက်ဖုန်းနှင့်အတူ ဈေးဝယ်ထွက်သွားခဲ့သည်။

နာရီဝက်အကြာတွင် သူတို့နှစ်ဦးပြန်ရောက်လာကြသည်။ ဥရောပစတိုင် စတုရန်းပုံစားပွဲငယ်သုံးလုံးနှင့် ထိုင်ခုံခြောက်လုံး ဝယ်ယူခဲ့ကြပြီး ၎င်းတို့မှ အလွန်ဇိမ်ခံပစ္စည်းဆန်လေသည်။

ဤအချိန်တွင် ဆိုင်အပြင်ဘက်၌ လူတော်တော်များများ တန်းစီနေကြပြီဖြစ်သည်။ ကျောက်ဖုန်းနှင့် မိန်းမလှလေးတို့ စားပွဲများ ထိုင်ခုံများကို သယ်သွားသည်အား မြင်သည့်အခါ အံ့သြသွားကြသည်။

“ဘာဖြစ်နေတာလဲ။ သူဌေးက စားပွဲ ထပ်ထည့်မှာလား”

“အဲ့ဒါက တန်းစီဖို့ အချိန်တွေလျော့သွားပြီလို့ ဆိုလိုတာမဟုတ်လား။ အရမ်းကောင်းတယ်။ နောက်ဆုံးတော့ သူဌေးက စားပွဲတွေ ထိုင်ခုံတွေ ထပ်ထည့်ပေးပြီ”

“အိပ်မက်မက်မနေနဲ့တော့။ နောက်ထပ် အဖွဲ့ဝင်အသစ်ရှိနေတာလို့ပဲ ငါထင်တယ်”

“မသိဘူး။ တစ်ချက်ကြည့်ကြည့်ရအောင်”

"..."

သူတို့၏အကြည့်များအောက်တွင် ကျောက်ဖုန်းနှင့် လင်း၅ွယ်သည် စားသောက်ဆိုင်၏ညာဘက်ခြမ်းရှိ ပြတင်းပေါက်အနီးတွင် စားပွဲများနှင့်ထိုင်ခုံများကို နေရာချလိုက်သည်။

ကျောက်ဖုန်းသည် လူတိုင်းပြောနေသည့်အသံများကို ကြားပုံရသည်။ သူက ပြုံးလိုက်ကာ ကွန်ပြူတာကောင်တာမှ ဘောပင်ကိုယူကာ တံခါးရှေ့ရှိ ဆိုင်းဘုတ်ဆီသို့ လျှောက်သွားပြီး နံပါတ်အား ပြောင်းရေးလိုက်သည်။

မန်ဘာကတ်များ ရောင်းပြီး - ၁၁/၂၀

စာရေးပြီးနောက်တွင် ကျောက်ဖုန်းသည် အေးဆေးတည်ငြိမ်သည့်အမူအရာဖြင့် ဆိုင်ထဲသို့ ပြန်လျှောက်သွား၏။

ထိုအချိန်တွင် စပ်စုသည့်လူတစ်ယောက်က ထလာပြီး လျှောက်သွားလေသည်။ စောစောက ရေးထားခဲ့သည့်စာကို ဖတ်ကြည့်ပြီးနောက် သူ၏မျက်လုံးများ တဖြည်းဖြည်း ပြူးကျယ်သွားလာသည်။

"ဘုရားရေ...တကယ်ကြီးဟ။ နောက်ထပ် မန်ဘာကတ်တစ်ခုကို ရောင်းလိုက်ပြီ"

ထိုသတင်းက ချက်ချင်းပင် တန်းစီနေသည့်လူအုပ်ကြီးထဲသို့ ပျံ့နှံ့သွား၏။

"ဘုရားရေ ယွမ်ဆယ်သန်းတန် မန်ဘာကတ်၊ စိတ်ကူးတောင် မယဉ်နိုင်ဘူး"

"အဲဒီမိန်းမလှလေးက မမျှော်လင့်ဘဲ မန်ဘာကတ်ဝယ်ဖို့ ယွမ်ဆယ်သန်း သုံးခဲ့တာပဲ။ သူမက ဘယ်လောက်တောင် ချမ်းသာတာလဲ။ ဘုရားရေ။ သူမက အရမ်းချမ်းသာတဲ့ သူဌေးသမီးဖြစ်ရမယ်"

"စဉ်းစားနေဖို့တောင်မလိုဘူး။ သူမက လုံးဝကို ချမ်းသာတယ်။ ဒီစားသောက်ဆိုင်က တယ်ကို ကြောက်စရာကောင်းတယ်။ ယွမ်ဆယ်သန်းတန် မန်ဘာကတ်တောင် ရောင်းရတယ်။ ဘယ်လောက်တောင် ကြောက်ဖို့ကောင်းလိုက်လဲ"

"…"

အပြင်ရှိလူများသာမက လျန်မုန့်ချီ၊ စွန်းဒုန်ဟမ်၊ စွန်းမင်နှင့် အခြားအဖွဲ့ဝင်များသည်လည်း ပြတင်းပေါက်နားတွင် တစ်ယောက်တည်းထိုင်နေသည့် လင်း၅ွယ်ကို စူးစမ်းလိုစိတ်ဖြင့် ကြည့်နေကြသည်။

သူမသည် အဖွဲ့ဝင်အသစ်ဖြစ်ကြောင်း ခန့်မှန်းမိကြပြီး အဖွဲ့ဝင်အသစ်သည် ယွမ်ဆယ်သန်းပေးချေရန် လိုအပ်ကြောင်း သူတို့သိကြ၏။ မန်ဘာကတ်တစ်ခုကို ယွမ်ဆယ်သုံးသုံးသူများမှာ အလွန်ထူးခြားသူဖြစ်သင့်သည်ဟု သူတို့ထင်ကြသည်။

အနည်းဆုံးတော့ သူ၏လက်ရှိပိုင်ဆိုင်မှုကို စဉ်းစားကြည့်ရင်း စွန်းမင်သည် သူ့ကိုယ်သူ ဝယ်နိုင်မည်မထင်ပေ။

ယူချင်းချင်းနှင့်ကျောက်ဒါဟူတို့သည်လည်း ယွမ်ဆယ်သန်းတန် မန်ဘာကတ်ကို မတတ်နိုင်ကြပေ။ လျှန်မုန့်ချီသည်တော့ တည်ငြိမ်နေ၏။ ဤမန်ဘာကတ်မှာ ယွမ်ဆယ်သန်းကုန်ကျလျှင်ပင် သူမလိုချင်ပါက တစ်ကတ်တယ်နိုင်သည်။ အကြောင်းမှာ သူမသည် လင်း၅ွယ်ထက်များစွာပို၍ ချမ်းသာသည့်အတွက်ဖြစ်သည်။

"ဟေး ဟေး သူက အဖွဲ့ဝင်အသစ်လား"

ကျောက်ဖုန်းထိုင်လိုက်ပြီးနောက် ယူချင်းချင်းသည် စူးစမ်းလိုစိတ်ဖြင့် မေးသည်။

"ဟုတ်တယ်။ သူမက ဒီနေ့ မန်ဘာကတ်တစ်ခု ဝယ်ခဲ့တယ်" ကျောက်ဖုန်းက ခေါင်းညိတ်ပြသည်။

"ဝိုး...ယွမ်ဆယ်သန်း။ အရမ်းကြောက်ဖို့ကောင်းတာပဲ" ကျောက်ဒါဟူက ထိတ်လန့်သည့် လေသံဖြင့် ပြောလိုက်သည်။

ပုံမှန်ဆိုလျှင် ယူချင်းချင်းသည် သေချာပေါက် သူ့အား "တိတ်စမ်း၊ ဣန္ဒြေကိုမရဘူး"ဟု ဆူပူမည်ဖြစ်သည်။ သို့သော် သူမသည် သူ့အား လျစ်လျူရှုထားကာ လင်းရှယ်အား အံ့သြတကြီးအကဲခတ်ကြည့်လိုက်ပြီး ခေါင်းယမ်းကာ ပြောလိုက်သည်။

"အရမ်းမိုက်တာပဲ။ သူမက ယွမ်ဆယ်သန်းတန်မန်ဘာကတ်ကို ဝယ်ခဲ့တယ်။ သူ့ငွေက လွယ်လွယ်နဲ့ ချမ်းသာနိုင်တာပဲ"

"ဟားဟား...ဒီငွေတွေက သူ့ငွေရဲ့မျက်လုံးထဲမှာ ဘာမှမဟုတ်ဘူး" ကျောက်ဖုန်းက ရယ်လိုက်သည်။

သူ့ငွေသည် ယွမ် ၁.၃၂ ဘီလီယမ် ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ယွမ်ဆယ်သန်းတန်မန်ဘာကတ်က ပမွှားလေးတစ်သာဖြစ်သည်။

"ဘာမှမဟုတ်ဘူးလား" လျန်မုန့်ချီက ကျောက်ဖုန်းအား ထူးထူးဆန်းဆန်းကြည့်လိုက်ပြီး နှုတ်ခမ်းအား တွန့်ကွေးလိုက်သည်။ ထိုနောက် သူမက ကျန်းဟန်အား လှပသည့်မျက်လုံးလေးများဖြင့် လှမ်းကြည့်ကာ "သူ့ငွေက သာမန်လူမဟုတ်ဘူးဆိုတာ ငါသိပါတယ် သူက အရမ်းသြဇာကြီးတဲ့သူဖြစ်ရမယ်။ ဟမ့်...မဟုတ်ရင် ငါ သူ့ကို စိတ်ဝင်စားမှာမဟုတ်ဘူး"

"အာ..." ကျောက်ဖုန်းမှာ အေးခဲသွား၏။

သူ့ခြေထောက်ကိုသူ သေနတ်ဖြင့် ပစ်မိလိုက်သလို ခံစားလိုက်ရသည်။

"ဖူး..."

ယူချင်းချင်းသည် ရုတ်တရက် တံတွေးသီးသွားသည့်အခါ ကျောက်ဖုန်းနှင့်လျန်မုန့်ချီတို့၏အာရုံကို ဆွဲဆောင်သွားသည်။ ယူချင်းချင်း၏မျက်လုံးများမှာ တံခါးဆီသို့ စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

သူတို့လှည့်ကြည့်လိုက်ပြီးနောက်တွင် ဘာဖြစ်နေသည်အား နှစ်ယောက်သား သိလိုက်၏။

အဝတ်အစားသန့်သန့်ရှင်းရှင်းနှင့်လူတစ်ယောက်က အားလုံးပေါင်း ဘဲခြောက်ကောင်ပါရှိသည့် ပလတ်စတစ်အိတ်နှစ်ခုကို ဆွဲကာ ဝင်လာခဲ့သည်။

"ဘဲကင်လား" လျန်မုန့်ချီ၏မျက်လုံးများ တောက်ပလာ၏။

လူအများ၏အကြည့်အောက်တွင် ဘဲကင်ယူလာသောသူသည် မီးဖိုချောင်သို့သွား၍ ကျန်းဟန်အား ပြုံးပြလိုက်ပြီး "သူဌေး မင်းရဲ့ဘဲကင်တွေ အဆင်သင့်ဖြစ်ပါပြီ။ ဒီဘဲတွေရဲ့အရည်အသွေးက ပြောမပြနိုင်လောက်အောင်ကို ကောင်းတယ်။ အနံ့က အရမ်းမွှေးပြီး အုံ့ဩစရာကောင်းတယ်"

"အင်း" ကျန်းဟန်က ခေါင်းညိတ်ကာ အိတ်ကိုယူလိုက်သည်။

“ဒါဆို ခွင့်ပြုပါဦး” ထိုလူက ပြုံးကာ လှည့်ထွက်သွားသည်။

ထိုအချိန်တွင် ယူချင်းချင်း ပြေးလာ၏။ သူမသည် အိတ်ထဲက ဘဲကင်များကို စိုက်ကြည့်ရင်း တံတွေးမျိုချလိုက်ပြီး ပြောသည်။

“သူဌေး ကျွန်မတို့ နေ့လည်စာကို ဘဲကင်စားရမှာလား”

“မင်း ဒါတွေကို မမြင်ဘူးလား” ကျန်းဟန် အနည်းငယ် ဆွံ့အသွား၏။

ဒီမှာ ဘဲကင်ခြောက်ကောင်ရှိနေတယ်လေ။ သူမက ဘာလို့ ဒီလိုမေးခွန်းမျိုး မေးနေသေးတာလဲ…။

“ဟားဟားဟား…အရမ်းအံ့သြစရာကောင်းတယ်” ယူချင်းချင်းက ရှက်ရွံ့ခြင်းမရှိဘဲ ပြုံးကာ ပြန်လှည့်သွား၏။

“ကျောက်ဖုန်း ဒီဘဲကင်တွေကို ဝယ်လာတာလား” လျန်မုန့်ချီက ကျောက်ဖုန်းအား မေးသည်။

"အဲ့ဒါတွေက သူ့ငွေး မွေးထားတဲ့ အကောင်းဆုံးအရည်အသွေးနဲ့ ခြံထွက်လဲတွေပါ။ ပြီးရင် စားလို့ရတယ်။ အရသာက သေချာပေါက် အကောင်းဆုံးပဲ" ကျောက်ဖုန်းက ပြုံးကာ ပြန်ပြောသည်။

"ငါပိုစားမယ်" လျှန်မုန့်ချီသည် လျှာကိုထုတ်ကာ နှုတ်ခမ်းအား သပ်လိုက်၏။

လျှန်မုန့်ချီကို ကြည့်ကာ ကျောက်ဖုန်းအနည်းငယ် မှိန်းမောသွားသည်။ လျှန်မုန့်ချီ၏ပေါ့ပေါ့ပါးပါး အပြုအမူသည် အလွန်ဆက်စီကျသည်ဟု သူထင်သည်။

ဘဲကင်များရောက်လာသည့်အခါ ကျန်းဟန်က ဒယ်အိုးထဲမှ ကြက်ဥထမင်းကြော်ကို အမြန်ဖယ်လိုက်ပြီး ဘဲကင်ခြောက်ကောင်ကို ပန်းကန်ပြားခြောက်ခုပေါ်တွင် တင်လိုက်သည်။ ကျန်းဟန်သည် နောက်လှည့်မကြည့်ဘဲ လက်ကို နောက်ပြန်ထုတ်လိုက်ကာ ဓားအား ဆွဲထုတ်လိုက်သည်။

ဤအခိုက်တွင် အားလုံးက သေချာကြည့်ရှုနေကြ၏။ သူဌေးက စိတ်ဝင်စားစရာတစ်ခုခုလုပ်တော့မည်ကို သူတို့သိကြသည်။

အမှန်ပင်။

အားလုံး၏အကြည့်အောက်တွင် ခေးရောင်များ တောက်ပနေသည်။

ကျန်းဟန်၏လက်သည် စတင်လှုပ်ရှားလာပြီး ဘဲများကို ခေးဖြင့် အဆက်မပြတ် ခုတ်ပိုင်းလိုက်သည်။

သို့သော် ဘဲခြောက်ကောင်မှာ ခုတ်ပိုင်းခံရပြီးနောက်တွင် ၎င်းတို့၏အပြင်ပန်းအသွင်ပြင်မှာ လုံးဝ ပြောင်းလဲသွားခြင်းမရှိချေ။

ဘာဖြစ်တာလဲ။ သူဌေးက ဟန်ပြလုပ်ခဲ့တာလား။

အားလုံး အံ့သြနေကြပြီး သံသယဖြစ်နေကြသည်။

ကျောက်ဒါဟူပင် ထူးထူးဆန်းဆန်းပြောလိုက်သည်။ "အာ...ဘဲကင်တွေက ဘာမှလဲ မပြောင်းလဲဘူး။ သူဌေးက ဓားနဲ့ ဘဲတွေကို ခိုက်လိုက်တာမဟုတ်ဘူးလား"

သို့သော်လည်း ကျန်းဟန်၏နောက်ထပ်လှုပ်ရှားမှုက သူတို့အားလုံးကို အံ့အားသင့်သွားစေသည်။

သူသည် လက်နှစ်ဖက်ကို ဆန့်ထုတ်ကာ ဘဲခေါင်းအား အပြင်ဘက်သို့ ဖြည်းဖြည်းချင်းကိုင်မြှောက်လိုက်သည်။

ကလန့်...

ဘဲ၏အရိုးစုတစ်ခုလုံးကို တိုက်ရိုက်ဖယ်ရှားလိုက်လေသည်။ အသားမှာ လှပသည့် ပုံစံတူအရွယ်အစားများဖြင့် အပိုင်းပိုင်းဖြတ်ထားလေသည်။

ထိုနောက် ဒုတိယတစ်ကောင်၊ တတိယတစ်ကောင်၊... ကျန်းဟန်သည် ဘဲတစ်ခေါင်၏ဦးခေါင်းကို ကိုင်လိုက်တိုင်း အရိုးစုတစ်ခုလုံးကို ဆွဲထုတ်သွားလေသည်။ ဘဲကင်

အသားအတုံးလေးများကို လူတိုင်းမြင်နိုင်လောက်အောင် အတိအကျ လှီးဖြတ်ထား၏။

“ဘာလဲ”

“ဘုရားရေ”

“လုံး၀ အံ့သြစရာပဲ”

လူတိုင်း အံ့သြလွန်း၍ ထမင်းသွားယူဖို့ပင် မေ့လျော့သွားကာ အချိန်အတန်ကာ ထိုင်နေမိကြသည်။

ကျန်းဟန် ပါ၀င်ပစ္စည်းများကို ပြင်ဆင်ပြီး ဘဲကင်နှစ်ပန်ကို စားပွဲဝိုင်းပေါ် တင်သည့်အချိန်မှ လူများက တုံ့ပြန်မှုပြုကြလေသည်။

လျန်မုန့်ချီနှင့် အခြားသူများမှာ ခေါက်ဆွဲပြုတ် သို့မဟုတ် ကြက်ဥထမင်းကြော်ကို ပန်းကန်ဖြင့် အပြည့်ထည့်ကြ၏။ ထိုနောက် ဘဲကင် တစ်ချို့၊ အခြားအရံဟင်းများနှင့်အတူ အရသာခံစားနိုင်ရန် ထိုင်ခုံသို့ ပြန်သွားကြသည်။

သို့သော် အရံဟင်းများ အများပြားရှိပြီး ကျန်းဟန်ဘာအတွက် ပြင်ဆင်ထားမှန်းမသိသဖြင့် သူတို့ ကျန်းဟန်အား လှည့်ကြည့်လိုက်ကြသည်။

ကျန်းဟန်က ပြုံးလိုက်၏။ သူက မုန့်မုန့်အား ကျွေးရင်း ရှင်းပြလေသည်။

"ပေကျင်းဘဲကင်စစ်စစ်ကို စားဖို့က သုံးနည်းရှိတယ်"

"ပထမနည်းက ကြက်သွန်မစားတဲ့သူတွေအတွက် သင့်တော်တယ်။ ကြွပ်ရွတဲ့အရေခွံကို သကြားနည်းနည်းနဲ့ စိမ်လိုက်။ အရသာက ကောင်းပြီး အနံ့ကလည်း မွှေးတယ်။ ကဲ မုန့်မုန့် မြည်းကြည့်ပါဦး"

ပြောနေရင်းဖြင့် ကျန်းဟန်သည် အရေခွံပါသည့် အသားတစ်ပိုင်းကို ကောက်ယူကာ သကြားထဲသို့ နှစ်လိုက်ပြီး မုန့်မုန့်အား ခွံ့ကျွေးလိုက်သည်။

"အရမ်းအရသာရှိတယ်။ ချိုပြီးတော့ မွှေးတယ်" မုန့်မုန့်က သူမ၏လက်မောင်းလေးကို ဝှေ့ယမ်းကာ ပြောသည်။

လျန်မုန့်ချီနှင့် အခြားသူများကလည်း ဘဲကင်ကို သူတို့ယခင်ကစားခဲ့ဖူးသည့်နည်းဖြင့်စားကြည့်ပြီးမှ ထိုအတိုင်းစားလိုက်သည့်အခါ မတူညီသည့်အရသာကို ပေးစွမ်းနိုင်ကြောင်း သိရှိလာ၏။

အထူးသဖြင့် လင်း၍ယှသည် တစ်ဖက်လှည့်ကာ ခေါင်းညိတ်ပြသည်။ သူမ ထိုအရသာအား အလွန်နှစ်သက်သည်။

"ဒုတိယနည်းကတော့ ကြက်သွန်စိတ်ကို အချိုမှုန့်ထည့်ပြီး စားတာပဲ။ သခွားသီးစိတ်၊ မုန့်လာဥစိတ်တို့နဲ့လည်း စားလို့ရတယ်။ အချို့မှုန့်နည်းနည်းကို ခါးလေးနဲ့ယူပြီး ကြာရွက်ကိတ်ပေါ်ကို နည်းနည်းဖြန့်ထည့်လိုက်။ ဘဲကင်၊ ကြက်သွန်မြိတ်နည်းနည်း၊ သခွားသီး ဒါမှမဟုတ် မုန်လာဥစိတ်ကို ထည့်ပြီး ကြာရွက်ကို လိပ်လိုက်။ လာ မုန့်မုန့်

စားကြည့်ဦး” ကျန်းဟန်သည် မုန့်မုန့်အတွက် တစ်ခုလိပ်ကာ ကျွေးလိုက်သည်။

မုန့်မုန့်က ၎င်းအားယူကာ စားလိုက်သည်။ သူမလေး၏ပြောပုံအရ အလွန်အရသာရှိကြောင်း လူတိုင်းသိနိုင်သည်။

လျှန်မုန့်ချီနှင့်အခြားသူများမှာ ယခင်က ထိုနည်းအတိုင်းစားခဲ့ဖူးသော်လည်း ဤဘဲကင်လောက် အရသာမရှိချေ။ ဘဲသား၏သန့်ရှင်းလတ်ဆတ်သော အရသာနှင့် ကြွပ်ကြွပ်ရွရွ အရေခွံက ဘဝ၏ပျော်ရွှင်စရာများထဲမှ တစ်ခုဖြစ်သည်။

“တတိယနည်းကတော့ ကြက်သွန်ဖြူထောင်းနဲ့ အချိုမှုန့်ထည့်၊ မုန့်လာဥစိတ်တို့ ဘာတို့ထည့်၊ ဘဲသားနဲ့ ကြာရွက်ကိတ်ကိုစားတားကလည်း ရှေးကတည်းက လူကြိုက်များတဲ့နည်းတစ်မျိုးပဲ။ ကြက်သွန်ဖြူထောင်းထားတဲ့အတွက် ကြက်သွန်ဖြူက

အဆီရှဲတာကို ချေဖျက်ပေးတယ်။ ကြက်သွန်ဖြူထောင်းနဲ့ အချို့မှုန့်၊ ဘဲသားကို တို့စားတာကလည်း ထူးခြားတဲ့အရသာကို ရတယ်။ မုန့်မုန့် စားကြည့်” ကျန်းဟန်က ဘဲသားတစ်လိပ် ထပ်မံပြုလုပ်ပေးလိုက်သည်။

...

-အပိုင်း(၂၁၃) ပြီး

wunzinnosp

အပိုင်း(၂၁၄) ဘဲသားကင်စစ်စစ်

မုန့်မုန့်သည် ဘဲသားလိပ်ကိုယူလိုက်ပြီး တစ်ကိုက်ကိုက်လိုက်၏။ ထိုနောက် သူမ၏လက်ကလေးကို ဆန့်ထုတ်ကာ ဘဲသားလိပ်ကို ကျန်းဟန်အားပေးလိုက်၏။ သူမသည် နူးညံ့သည့်အသံလေးဖြင့် “ဖေဖေ ဖေဖေလည်းစား။

ဒါကို စားလိုက်။ အရသာရှိတာတွေအကုန်လုံးကို မုန့်မုန့်ကိုချည်းမပေးနဲ့”

“ဟားဟား…ကောင်းပါပြီဗျာ” ကျန်းဟန်က ပေါ့ပေါ့ပါးပါးရယ်မောကာ ဘဲသားလိပ်ကို ကိုက်လိုက်၏။

ဤသည်က သူမလေးမွေးလာပြီးကတည်း ယခုအချိန်ထိ သူမလေး ကျန်းဟန်အား ပထမဆုံးခွံကျွေးခြင်းဖြစ်လေသည်။ သူ၏မသိစိတ်က သမီးဖြစ်သူအား အမြဲတမ်းပထမနေရာတွင်ထားကာ အရသာရှိသည့်အစားအသောက်များကို သူမလေးအား အမြဲပေးခဲ့သည်။ ၎င်းက ယောက်ျားတစ်ယောက်၏ရင့်ကျက်မှုကို ထင်ဟပ်စေသလို ဖခင်တစ်ယောက်၏မသိစိတ်မှချစ်ခြင်းမေတ္တာကို ထင်ဟပ်စေသည်။

သူတို့ စားနေစဉ်တွင် ဝမ်ချမ်းနှင့် ဝူလီယင်းတို့သည် ဝမ်ရှီဟန်၊ စုယွီတို့နှင့်အတူ ဝင်လာခဲ့ကြသည်။

"မုန့်မုန့်ရေ…မုန့်မုန့်…ငါလာပြီ" ဝမ်ရီဟန်က စိတ်လှုပ်ရှားစွာ အော်ပြောလိုက်၏။

"ဟေး နင်ဘာလို့နောက်ကျနေတာလဲ။ ငါနင့်ကို လွမ်းနေတာ။ ရီဟန် လာ ဘဲကင်စားလှည့်။ အရမ်းအရသာရှိတယ်" မုန့်မုန့်က နှုတ်ခမ်းလေးကိုလှုပ်ကာ ပြောလိုက်သည်။

"အာ…ဘဲကင်လား။ ငါကြိုက်တယ်။ ဟေးဟေး…" ဝမ်ရီဟန် ဝမ်းသာအားရဖြင့် မုန့်မုန့်အနားသို့ ပြေးလာသည်။

"အန်တီ ဒီမှာထိုင်" မုန့်မုန့်သည် ဝမ်ရီဟန်၏ဘယ်ဘက်ကို ညွှန်ပြသည်။

"ကျေးဇူးပါမုန့်မုန့်" စုယွီက ပြုံးကာ ဝင်ထိုင်လိုက်သည်။

"ကြည့်ရတာ အရမ်းကောင်းမယ့်ပုံပဲ" ဝမ်ရီဟန်သည် ပန်းကန်ပြားထဲမှ ဘဲကင်များကိုကြည့်လိုက်သည်။

သူမလေး၏ပါးစပ်မှ သွားရည်များယိုထွက်လာတော့မတတ်ပင်။

သူမဘေးရှိ စုယွီမှာလည်း မထူးမခြားနားပင်။ ချမ်းသာကြွယ်ဝသည့် သူဌေးသမီးတစ်ယောက်အနေဖြင့် စုယွီသည် အရသာရှိသော အစားသောက်များစွာကို စားဖူးသော်လည်း ဤဆိုင်မှအစားအသောက်များက သူမအား စားဖူးသမျှတွင် အကောင်းဆုံး အရသာခံစားမှုအတွေ့အကြုံကို ပေးစွမ်းသည်။ ဘဲကင်အပိုင်းလေးများကိုကြည့်ရင်း စုယွီစိတ်လှုပ်ရှားလာ၏။

"ရီဟာန် ရီဟာန် ဒီတိုင်းတန်းမစားနဲ့။ နည်းလမ်းမှန်မှန်နဲ့ စားသင့်တယ်။ ဘယ်လိုစားရလဲဆိုတာ နည်းလမ်းတွေအများကြီးရှိတယ်" မုန့်မုန့်က ပြောနေရင်းဖြင့် ကျန်းဟန်အား လှမ်းကြည့်လိုက်သည်။

ကျန်းဟန်က နည်းလမ်းသုံးခုအား ထပ်မံသရုပ်ပြပေးခဲ့သည်။ စုယွီသည်

သပ်သပ်ရပ်ရပ်ပြင်ဆင်သည်။ သူမသည် မှန်ကန်စွာ ထုပ်ပိုးထားသည့် ဘဲသားလိပ်များကို ဝမ်ရီဟာန်ထံသို့ပေးလိုက်သည်။ သူမလေးသည် အဘယ်ကြောင့်ဝဝကစ်ကစ်လေးဖြစ်နေရသည့်အကြောင်းအရင်းကို လက်တွေ့ကျကျ သရုပ်ပြသွားခဲ့လေသည်။

တစ်ချိန်တည်းမှာပင် လင်းရှယ်သည် ခေါင်းလှည့်မကြည့်သော်လည်း နားစွင့်နေခဲ့လေသည်။ ကျန်းဟန်ပြောပြသည့်နည်းလမ်းသုံးမျိုးဖြင့် ဘဲသားကို စားကြည့်ရာ အရသာအား သူမ စွဲလန်းသွားလေ၏။ သို့သော် သူမအကြိုက်ဆုံးနည်းလမ်းသည်ကား ဘဲသားကို သကြားအနည်းငယ်ဖြင့် တို့စားခြင်းဖြစ်လေသည်။ လျှပ်တပြက်အတွင်းမှာပင် လင်းရှယ်သည် သူမ၏နေ့လည်စာကို စားပြီးသွားခဲ့၏။

အဖွဲ့ဝင်များအတွက် အလွန်ကျေနပ်ပျော်ရွှင်စရာဖြစ်ခဲ့သော်လည်း

သာမန်စားသုံးသူများအတွက်ကား ခက်ခဲကြမ်းတမ်းသည့် အတွေ့အကြုံတစ်ခုဖြစ်ခဲ့လေသည်။

သို့သော် ဤတစ်ကြိမ်တွင်တော့ သူတို့ အနည်းငယ် သက်သာခဲ့သည်။ ပါးစပ်က စက်သေနတ်ကဲ့သို့ တတွတ်တွတ်ပြောနေတတ်သည့် ပီရာဆန်ကား ဤနေရာတွင် ရှိမနေချေ။ အကယ်၍ သူသာရှိနေခဲ့လျှင် သူတို့အတွက် အိပ်မက်ဆိုးတစ်ခုဖြစ်သွားပေမည်။

မုန့်မုန့်သည် စားပြီးသွားသည့်အခါ ဝမ်ရီဟန်အား ပျော်ရွှင်စွာ ပြောလိုက်သည်။

“ရီဟန် မြန်မြန်စား”

“ဟင့်အင်း…ငါအများကြီးစားနိုင်သေးတယ်” ဝမ်ရီဟန်က စားနေရင်းဖြင့် ပလုတ်ပလောင်းပြန်ပြောသည်။

“အာ…ငါက နင့်ကို သုခဘုံဆီခေါ်သွားပေးမလို့။ အဲ့မှာက အရမ်းလှတယ်။ ငါ့ဖေဖေက ငါ့အတွက် လုပ်ပေးထားတာ။

အဲဒီမှာ ရှောင်ဟေးနဲ့ တာဟေးတို့လည်းရှိတယ်။ ခွေးတွေအများကြီးရောပဲ။ သူတို့က ငါ့ရဲ့သူငယ်ချင်းတွေလေ” မုန့်မုန့်က နှုတ်ခမ်းသေးသေးလေးများအား တလှုပ်လှုပ်ဖြင့်ပြောသည်။

“ခွေးတွေအများကြီးလား” မုန့်မုန့်ကိုအနည်းငယ် တွန့်ဆုတ်စွာကြည့်ရင်း ဝမ်ရီဟာန်မှာ မျက်လုံးများ တောက်ပလာသည်။

“ဟုတ်တယ်။ ခွေးတွေအများကြီးရှိတယ်။ မြန်မြန်စား။ ပြီးရင် ငါတို့ သွားကြမယ်”

“ဒါဆို…ငါ…” ဝမ်ရီဟာန်သည် ဘဲသားကင်လိပ်ကို တစ်ချက်ကြည့်လိုက်၏။ သူမလေးသည် ဗိုက်ပြည့်နေပြီဖြစ်သော်လည်း နောက်ထပ်အများကြီးစားချင်နေသေးသည့်အတွက် ဘဲသားတစ်ချို့အား ပါးစပ်ထဲ ထိုးထည့်ကာ ထိုင်ခုံပေါ်မှ ခုန်ဆင်းလိုက်သည်။

"ငါစားလို့ ပြီးပြီ"

"ခစ်ခစ်..." မုန့်မုန့်က ရယ်မောလိုက်ပြီး ကျန်းဟန်အားကြည့်ကာ "ဖေဖေ သုခဘုံကို သွားကစားရအောင်။ ရှီဟန်နဲ့သမီး နှစ်ယောက်လုံး အဆင်သင့်ဖြစ်နေပြီ"

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်ကာ သဘောတူလိုက်ပြီး "ဒါပေမယ့် ထမင်းစားပြီးတဲ့အခါ မိနစ်အနည်းငယ်လောက် အနားယူရမယ်။ ရှီဟန်ရဲ့မေမေက စားလို့မပြီးသေးဘူး။ ဆယ်မိနစ်လောက် စောင့်လိုက်ပါဦး"

"အဲဒါက အရမ်းကြာတာပဲ..." မုန့်မုန့်က နှုတ်ခမ်းလေးစူလိုက်၏။

"ဟေး ခဏလောက်စောင့်ဦး။ ငါနောက်ထပ် နည်းနည်းစားချင်သေးတယ်" ဝမ်ရှီဟန်သည် ထိုင်ခုံပေါ် အမြန်ပြန်တက်သွားသည်။

"ဝမ်ရီဟန် သမီးနောက်ထပ် စားလို့မရတော့ဘူး။ ဘဲတစ်ကောင်လုံးကို တစ်ဝက်လောက် သမီးစားပြီးပြီ။ အများကြီးစားရင် သမီး ဗိုက်ဝလာလိမ့်မယ်" စုယွီက မျက်မှောင်ကြုတ်ကာ ပြောသည်။

"ဒါဆို...သမီး တစ်ခုပဲစားမယ်လေ" ဝမ်ရီဟန်သည် ညို့နှိုင်းသည့်လေသံဖြင့် ပြောသည်။

သို့သော် ကလေးမလေး၏အမူအရာအရ စုယွီသာ သဘောမတူလျှင် သူမ ငိုတော့မည်မှန်းသိသည်။

ထို့ကြောင့် စုယွီက သက်ပြင်းချကာ ကူရာမဲ့သည့်လေသံဖြင့် "ကောင်းပြီ။ နောက်ဆုံးတစ်ခုပဲ။ ဒါပေမယ့် ဒါပြီးရင် နောက်ထပ် မရတော့ဘူးနော်"

"ဒါက နောက်ဆုံးတစ်ခုဆိုတော့ နည်းနည်းပိုကြီးတာပေးပါ" ဝမ်ရီဟန်က ဝမ်းသာအားရပြောသည်။

နောက်ဆုံးတွင် စုယွီသည် သူမအား ခပ်လတ်လတ်တစ်ခု လိပ်ပေးလိုက်ကာ စားပြီးသွားသည့်နောက်တွင် နောက်ထပ် မတောင်းတော့ချေ။

မိနစ်အနည်းငယ်အကြာတွင် စုယွီလည်း စားပြီးသွားသည်။ တစ်ချိန်လုံး စောင့်ကြည့်နေသည့် မုန့်မုန့်က ချက်ချင်းမေးလိုက်သည်။

“ဖေဖေ အခုသွားကြတော့မှာလား”

“ကောင်းပြီ ဖေဖေတို့သွားကြရအောင်” ကျန်းဟန်သည် မုန့်မုန့်၏မျှော်လင့်တကြီးမျက်ဝန်းများကို ကြည့်၍ ပြုံးကာ ပြောလိုက်သည်။

“ကောင်းတယ်...။ သုခဘုံကိုသွားကြမယ်.။ ရီဟာန် သွားရအောင်” မုန့်မုန့်သည် ထိုင်ခုံပေါ်မှ ချပေးသည်ကိုပင် မစောင့်နိုင်တော့ဘဲ ဝမ်ရီဟာန်နှင့်အတူ ခုန်ဆင်းကာ ဆိုင်အပြင်သို့ ပြေးထွက်လာခဲ့သည်။

ကျန်းဟန်နှင့်စုယွီသည် ထရပ်ကာ သူတို့နောက်မှ လိုက်သွား၏။ စုယွီက ဝမ်ရီဟန်အား သူမ၏ Porsche Panamera ဖြင့် ခေါ်သွားရန် ရည်ရွယ်ထားခဲ့သော်လည်း ကလေးမလေးသည် မုန့်မုန့်နှင့်အတူ ထိုင်ချင်နေသည့်အတွက် စုယွီလည်း ပန်ဒါကားပေါ်သို့ တက်လာခဲ့သည်။

လဆန်းတောင်သို့ရောက်သည့်အခါ ရှုခင်းများကြောင့် စုယွီအံ့အားသင့်သွားရသည်။

"ဘယ်လောက်တောင် သာယာလှပလိုက်တဲ့နေရာလဲ။ မစ္စတာကျန်း ရှင် မုန့်မုန့်အတွက် သီးသန့် တည်ဆောက်ပေးထားတာလား" စုယွီက စိတ်ဝင်တစားမေးသည်။

"အင်း" ကျန်းဟန်က ခေါင်းညိတ်၏။

"အံ့ဩစရာကောင်းလိုက်တာ"

ဤကဲ့သို့နေရာမျိုးကို တည်ဆောင်ရန် ငွေအမြောက်အများ ကုန်ကျမည်ကို စုယွီသိရှိသည်။ မစ္စတာကျန်းသည် အလွန်ထူးခြားကာ အကြိုက်ကောင်းပုံရသည်။

၎င်းက မစ္စတာကျန်းအပေါ် သူမ၏ အကဲဖြတ်မှုအား သိသိသာသာ မြင့်တက်သွားစေသည်။ သူတို့ရှေ့သို့လျှောက်လာရင်း ပန်းပင်လယ်ကြီးကြောင့် စုယွီ မှင်တက်သွားသည်။ သူမ အသံတိုးတိုးဖြင့် ရေရွတ်လိုက်သည်။

"လှလိုက်တဲ့ ပန်းတွေ။ သူတို့ရဲ့ပုံစံက ပြီးပြည့်စုံတယ်။ မစ္စတာကျန်းသာ ကောင်မလေးတစ်ယောက်ကို ပေးရင် သေချာပေါက် သူမရဲ့နှလုံးသားကို သိမ်းပိုက်နိုင်မှာပဲ"

ဝမ်ကျားဝမ် သူမအား လိုက်နေသည့်အချိန်က ဤကဲ့သို့လှပသည့်ပန်းများကို ယူလာပေးမည်ဆိုပါက သူတို့ နှစ်ဝက်ခန့်စော၍ အတူနေနိုင်ကြပေလိမ့်မည်။

"အာ..."

ကျန်းဟန်သည် ရုတ်တရက် တစ်စုံတစ်ရာအားသတိရသွားသည်။ သူသည် နှင်းဆီပန်းကိုစိုက်ကြည့်ရင်း တုံ့ဆိုင်းနေသည်။

ဗီယန်သည် ဤပန်းများအား အလွန်သဘောကျပုံရ၏။ သူမပြန်လာသည့်အခါ...

ကျန်းဟန်သည် တစ်စုံတစ်ရာ လုပ်နိုင်သည်ဟု ခံစားလိုက်မိသည်။ ဤသည်က မုန့်မုန့်၏နေရေးထိုင်ရေး အစီအစဉ်များနှင့် ပြဿနာများအတွက်ကြောင့်သာ မဟုတ်ပေ။ သူကိုယ်တိုင်ကလည်း ထိုသို့စဉ်းစားဖူးလေသည်။ ဗီယန်က သူ့အတွက် ပို၍ပို၍ ဆွဲဆောင်မှုရှိလာသည်ဟု ခံစားရသည်။ သူမ၏ပေါ့ပေါ့ပါးပါးဖြင့် ရက်ရွဲ့တတ်သည့်စကားများ၊ ရုံဖန်ရံခါ ကျက်သရေရှိသည့် မျက်ဝန်းများ သူမ၏ရယ်သံများ၊ အပြုံးများက ကျန်းဟန်၏စိတ်အာရုံတွင် ထင်ဟပ်လာသည်။

ငင်းက အချစ်မဟုတ်ကြောင်း သူသိသော်လည်း အနည်းဆုံးတော့ သဘောကျနှစ်သက်မှုရှိသည့်အဆင့်ဖြစ်လေသည်။

"ဒီပန်းတွေကို မစ္စတာကျန်း စိုက်ထားတာလား။ တခြားတစ်ယောက်ယောက်ကို စိုက်ခိုင်းတာလား" စုယွီက နောက်လှည့်ကြည့်ကာ မေးသည်။

"ကျုပ်စိုက်ထားတာပါ"

"အထင်ကြီးစရာပင်။ မစ္စတာကျန်းက ဒီလောက် လှပတဲ့ပန်းလေးတွေကို ပြုစုပျိုးထောင်နိုင်တယ်ဆိုတော့ မစ္စတာကျန်းက ဥယျာဉ်မှူးဖြစ်ရမယ် ထင်တယ်" စုယွီက ပြုံးကာ ပြောသည်။

"ကျွမ်းကျင်မှုက ငါ့ရဲ့အတိုင်းအတာကို ကျော်သွားပြီ" ကျန်းဟန်က ခေါင်းကို အနည်းငယ် ယမ်းလိုက်၏။

ပန်းတွေကို ပြုစုပျိုးထောင်ရမှာလား။ တစ်ခါမှ မလေ့လာဖူးသည့်အတွက် မည်သို့ပြုလုပ်ရမည်ကို သူမသိချေ။ သူသည် ပန်းပင်များကို စိုက်ပျိုးရုံသာရှိခဲ့ပြီး ၎င်းတို့သည် အပြည့်စုံဆုံးအခြေအနေသို့ သဘာဝအတိုင်း ကြီးထွားလာခဲ့ကြသည်။

“ဝိုး...အဲ့ဒါက တကယ့်ဂေါ်ရီလာကြီးပဲ” စုယွီသည် တာဟေးအား မြင်လိုက်ရသည့်အခါ အော်ပြောလိုက်သည်။

လမ်းတစ်လျှောက်တွင် မုန့်မုန့်က တာဟေးနှင့်ရှောင်ဟေးအကြောင်းကို ပြောပြထားပြီးဖြစ်၍ သူမသည် စိတ်ပိုင်းဆိုင်ရာ ပြင်ဆင်ထားပြီးဖြစ်ကာ တာဟေးအားတွေ့သည့်အချိန်တွင် အလွန်အမင်းတုန်လှုပ်ခြင်းမရှိချေ။

“တာဟေး လာ ငါ့ကို ချီပြီး အမြင့်ကို ပစ်မြှောက်ပေးဦး” မုန့်မုန့်သည် သူမ၏လက်ကလေးများကို ဆန့်တန်းကာ အော်ပြောလိုက်သည်။

"ဝူး..ဝူး..."

တာဟေးက မုန့်မုန့်အား ညင်သာစွာ ပွေ့ချီလိုက်ပြီး လေထဲသို့ ပစ်မြှောက်လိုက်၏။

ဂေါ်ရီလာမှာ ဤမျှ လူသားဆန်လိမ့်မည်ဟု မျှော်လင့်မထားသည့်အတွက် စုယွီ အံ့အားသင့်သွား၏။

ကျန်ဟန်နှင့် စုယွီတို့ အနားသို့ရောက်လာသည့်အခါ မုန့်မုန့်က ပြောလိုက်သည်။ "တာဟေး ရပြီ။ ငါ့ကို အောက်ချပေးတော့။ ဒီတစ်ခါ ရီဟာန်အလှည့်"

ထို့ကြောင့် တာဟေးသည် မုန့်မုန့်အား အောက်ချပေးလိုက်ပြီး သူ၏လက်များကို ဆန့်ကာ ဝမ်ရီဟာန်အား မုန့်မုန့်၏အမိန့်ပေးမှုအောက်တွင် ပွေ့ချီရန် ပြင်လိုက်သည်။

"ဟေး...ငါလုပ်လို့ရပါ့မလား" ဝမ်ရီဟာန်က ထိတ်လန့်စွာဖြင့် ပြောသည်။

"ရတယ်။ အဲဒါက အရမ်းပျော်စရာကောင်းတယ်။ အရမ်းစိတ်ဝင်စားဖို့လည်းကောင်းတယ်" မုန့်မုန့်က ဝမ်ရီဟန်အား သူမ၏အတွေ့အကြုံကို ပြောပြသည်။

နောက်ဆုံးတွင် ဝမ်ရီဟန်သည် ပျံ့သန်းရခြင်း၏ခံစားချက်ကို ခံစားလိုက်ရသည်။ တာပေးသည် စုယွီအား ဂရုမစိုက်ချေ။ သူမသည် သခင်မ မဟုတ်သည့်အတွက် သူမအား ပစ်လွှင့်ကစားခြင်းမရှိချေ။

ခဏလောက်ကစားပြီးနောက် မုန့်မုန့်သည် ဝမ်ရီဟန်အား တောင်နောက်ဘက်ရှိ အိမ်မွေးတိရစ္ဆာန်များရှိရာသို့ ခေါ်သွားခဲ့သည်။ ရီဟန်သည် ခွေးအများအပြားအား မြင်လိုက်ရသည့်အခါ မျက်လုံးများ တောက်ပသွား၏။

သို့သော် စုယွီမှာ အနည်းငယ် စိုးရိမ်သွားသည်။ ခွေးများတွင် ဘက်တီးရီးယားပိုးမွှားများ ရှိနေတတ်၏။ သူမသည် ခွေးများကို သဘောကျသော်လည်း ရီဟန်မှာ

ငယ်သေးသည့်အတွက် အိမ်တွင် တိရစ္ဆာန်များကို မွေးမထားချေ။

စုယွီ၏အမူအရာကိုမြင်သည့်အခါ ကျွန်းဟန်ခေါင်းကို အနည်းငယ်ခါယမ်းလိုက်၏။ လဆန်းတောင်ပေါ်ရှိ ခွေးများသည် သန့်ရှင်းကျန်းမာကာ ဘတ်တီးရီးယားများမရှိကြောင်း ရှင်းပြသော်လည်း စုယွီက သံသယဝင်နေဆဲပင်။ နောက်ဆုံးတွင်တော့ ဤသည်က သူမအတွက် ထူးဆန်းနေပုံရသော်လည်း သူမ ဘာမှမပြောခဲ့ချေ။ သူတို့ ရောက်လာပြီဆိုမှတော့ သူမ၏သမီးကို ပျော်ရွှင်အောင် ထားသင့်ပေသည်။

သို့သော် စုယွီမှာ တောင်နောက်ဘက်ရှိ မွေးမြူရေးဧရိယာနှင့် စိုက်ပျိုးရေးဧရိယာကိုမြင်သည့်အခါ အံ့သြသွားခဲ့သည်။ သူမသည် ဤအမျိုးသား၏ကြီးမြတ်မှုနှင့် ဖခင်မေတ္တာကို တိတ်တဆိတ် ချီးကျူးမိခဲ့သည်။

ဝမ်ရှီဟန်မှာ အနည်းငယ် အားကျနေခဲ့ပြီး “ငါလည်း ဖေဖေ့ကို သုခဘုံတစ်ခု ဆောက်ခိုင်းမယ်” ဟု ပြောလိုက်၏။

သူမ၏စကားကြောင့် စုယွီမှာ ရယ်ရမလား ငိုရမလားမသိဖြစ်သွားလေသည်။ ဝမ်ကျားဝမ်သာ ဤကဲ့သို့အရည်အချင်းမျိုးရှိပါက သူမသည် အစောကြီးကတည်းက သူ၏ရည်းစားဖြစ်လာပေလိမ့်မည်။

ညနေ လေးနာရီခန့်တွင် ဇီယန် ဖုန်းဆက်လာ၏။

“ကျန်းဟန် ကျွန်မ လေယာဉ်ပေါ်တက်တော့မယ်။ ပရိုဂရမ်တစ်ခုမှာ ပါဝင်ဖို့ ပေကျင်းကို သွားရမှာ”

“အင်း” ကျန်းဟန်က ပြန်ပြောသည်။

“အမ်...”

ဇီယန် နှုတ်ခမ်းစူလိုက်သည်။ သူက ဘာကိုဆိုလိုတာလဲ။ ဘာလို့ ငါ့ကို စိတ်ပူတဲ့ပုံ မပြတာလဲ။

ထို့ကြောင့် ဧယန် အနည်းငယ်ဒေါသတကြီးဖြင့် ပြောလိုက်သည်။ "ဖုန်းခေါ်လိုက်တိုင်း ရှင်ကျွန်မကို ဘာလို့ အမြဲ ဒီလိုဆက်ဆံနေရတာလဲ။ ရှင် ဒီလိုဆက်လုပ်နေရင် ကျွန်မ နောက်တစ်ခါ ဖုန်းမခေါ်တော့ဘူး"

"အာ..."

ကျန်းဟန် ခဏလောက် အံ့အားသင့်သွား၏။ သူမ ဘာကို ပြောချင်တာလဲ။

ခဏလောက်စဉ်းစားပြီးနောက် ကျန်းဟန်က ပြောလိုက်သည်။ "ကျန်းချွမ်က မင်းရဲ့အစီအစဉ်ရော ဘယ်လိုလဲ"

"အစီအစဉ်က ပျက်သွားပြီ။ ပြသဖို့ မဖြစ်နိုင်တော့ဘူး။ ပေကျင်းမှာ အစီအစဉ်ကို ဘယ်လိုဆက်သွားမလဲ မသေချာသေးဘူး။ အဆင်ပြေသွားရင် အကျိုးသက်ရောက်မှုက ကောင်းလိမ့်မယ်" ဧယန်က ဖြည်းညှင်းစွာ ပြောသည်။

"ကောင်းပြီ။ ပေကျင်းမှာ ပြဿနာတစ်ခုခုဖြစ်ရင် ကိုယ့်ကို ဖုန်းဆက်ပါ" ကျန်းဟန် ပြုံးကာ ပြောလိုက်သည်။

"ဟွန့် အဲ့ဒါ ပေကျင်းက မစ္စတာကျန်းရဲ့နယ်မြေမလို့ပါ။ ဒါကြောင့် ရှင်က အရမ်းယုံကြည်မှုရှိနေတာ။ ကျွန်မ ကျန်းချွမ်ကို မသွားခင်တုန်းကကျ ဘာလို့ ဘာမှမပြောတာလဲ" ဇီယန်က နှာခေါင်းရှုံ့ကာ ပြုံးလိုက်သည်။

"မဟုတ်ပါဘူး။ မင်းပြဿနာဖြစ်ခဲ့ရင် ကိုယ်ကိုယ်တိုင် အဲဒီကို လာမယ်လို့ ပြောတာ။ ပေကျင်းမှာ ဘာကိုမှ ကိုယ်ဂရုမစိုက်ပါဘူး" ကျန်းဟန်က ပေါ့ပေါ့ပါးပါးပင် ပြန်ပြောလိုက်၏။

...

-အပိုင်း(၂၁၄) ပြီး

wunzinnosp

အပိုင်း(၂၁၅) ဝန်ထမ်းခေါ်ယူခြင်း

၎င်းက ကျန်းဟန်၏အလွန်ခက်ခဲကြမ်းတမ်းခဲ့သော ငါးနှစ်တာကာလကို ဇီယန် အမှတ်ရသွားစေသည်။ သူမသည် တိတ်ဆိတ်နေပြီး ကျန်းဟန်အတွက် အနည်းငယ် စိတ်မကောင်းဖြစ်နေခဲ့သည်။

ကျန်းမိသားစုမှ ထုတ်ပယ်ခံရပြီးနောက်တွင် သူသည် စိတ်ဓာတ်ကျကာ မျှော်လင့်ချက်မဲ့နေခဲ့သည်။ သူ၏အရင်းနီးဆုံးညီအစ်ကိုများပင် မိသားစု၏ဖိအားပေးမှုကြောင့် သူ့အား ကူညီမပေးကြချေ။ သူတို့သည် ကျန်းဟန်အား ပိုက်ဆံအချို့ပေးရန် ကြိုးစားခဲ့သော်လည်းခေါင်းမာသည့်လူက လက်မခံခဲ့ပေ။

ဇီယန်သည် စက္ကန့်အနည်းငယ်တိတ်ဆိတ်နေပြီးနောက် အမျိုးသမီးတစ်ယောက်၏အသံကို ကြားလိုက်ရသည်။ သူမ ချက်ချင်း အံ့အားသင့်သွားခဲ့သည်။

မိန်းမတစ်ယောက်လား...။

"ရှင်ဘယ်မှာလဲ" ဇီယန်၏အသံမှာ အနည်းငယ်အေးစက်လာ၏။

"ကိုယ် လဆန်းတောင်မှာ"

"ရှင် အဲဒီကို မိန်းမတစ်ယောက် ခေါ်သွားတာလား" ဇီယန်၏လေသံမှာ စစ်ဆေးမေးမြန်းသည့်အရိပ်အယောက်များ ထွက်ပေါ်လာသည်။

ကျန်းဟန်က မိန်းမတစ်ယောက်ကို လှပတဲ့လဆန်းတောင်ဆီ ခေါ်သွားတာလား။ သူက ဒီလိုလှပတဲ့နေရာကို တခြားသူတွေကို ပြခဲ့တာလား။ အဲ့မိန်းမကို သူဆွဲဆောင်နေတာဆို ဘယ်လိုလုပ်မလဲ။ အဲ့မိန်းမက သူ့ကို စွဲလမ်းနေရင်ရင် ဘယ်လိုလုပ်မလဲ။ လဆန်းတောင်က သူ့သမီးအတွက် လုပ်ပေးထားတာလေ။ သူက ဘယ်လိုတောင် တခြားမိန်းမကို ခေါ်သွားရတာလဲ။

ဇီယန်ဒေါသတကြီးခံစားလိုက်ရပြီး တွေးလိုက်သည်။ ဘယ်လိုအကောင်လဲ။

နောက်ထပ်စိတ်ပျက်ဖို့ကောင်းတဲ့ယောကျ်ားတစ်ယောက်ပဲ။ ရှုံစရာအကောင်း။ သူမ အဝေးရောက်နေချိန်တွင် သူသည် အမှန်တကယ် တခြားမိန်းမတစ်ယောက်နှင့် ဆက်သွယ်နေခဲ့သည်။

ကျန်းဟန်သည် ဇီယန်၏လေသံမှ ဒေါသကို ခံစားမိလိုက်သည်။ "မဟုတ်ပါဘူး။ မင်းဘာတွေ လျှောက်တွေးနေတာလဲ။ အဲဒါ မုန့်မုန့် သူငယ်ချင်းရဲ့အမေ"

"ဟမ့်" ဇီယန်အသာလေး နှာခေါင်းရှုံ့လိုက်ပြီး ဘာမှ ပြန်မပြောပေ။

သို့သော်...မုန့်မုန့်သူငယ်ချင်း၏အမေအား သူမ၏စိတ်ထဲတွင် တွေးတောနေသည်။ သူမက ဘယ်သူလဲ။ သူမမှာ ခင်ပွန်းရှိလား။ သူမက Single Mom လား။ (Ps – Single Mom က တစ်ခုလပ်အမေလား တစ်ကိုယ်တည်းအမေလား...စင်ဂယ်မွန်းကို မြန်မာလို ဘယ်လိုသုံးရမလဲမသိလို့)။

"သူမက စားသောက်ဆိုင်အဖွဲ့ဝင်တစ်ယောက်ရဲ့ချွေးမပါ။ သူ့ယောကျ်ားက အလုပ်များနေလို့ ဒီနေ့မလာဘူး။ သူ့ကလေးနဲ့ လိုက်လာတာ။ မုန့်မုန့်က သူငယ်ချင်းကို တောင်ပေါ်ခေါ်သွားချင်နေတာ။ အဲ့ဒါကြောင့် သူတို့ကို ခေါ်လာခဲ့တာ" ကျန်းဟန်က အားလုံးကို သေသေချာချာရှင်းပြသည်။

"ဘာပဲ ဖြစ်ဖြစ် အိမ်ရှင်မဖြစ်တဲ့ ကျွန်မကလွဲရင် တခြားမိန်းမတွေ အဲဒီကို သွားလို့မရဘူး" ဇီယန် ဒေါသတကြီးပြောလိုက်သည်။

"အာ..." ကျန်းဟန် အနည်းငယ် စကားမပြောနိုင်ဖြစ်သွားသည်။ အခြားသူများအား ဤနေရာသို့ ခေါ်လာရန်မှာ သူ၏အကြံမဟုတ်ချေ။

"အိုး..." ထိုအချိန်တွင် ဇီယန်၏ဘေးတွင် အိတ်ကိုင်ကာ ရပ်နေသည့် ကျိုးဖေးသည် နောက်ဆုံးတွင် တာဟေးကဲ့သို့ ပုံကြီးချဲ့သည့်အမူအရာဖြင့် ပါးစပ်အား ဖွင့်ဟလိုက်သည်။

သူမသည် ဇီယန်အား စနောက်လိုက်၏။ "အိမ်ရှင်မဖြစ်တဲ့ ကျွန်မ။ နင်အရမ်း သဝန်တိုနေသလိုပဲနော်"

"ပေါက်ကရတွေ မပြောနဲ့" ဇီယန်၏မျက်နှာလှလှလေးမှာ နီရဲလာပြီး ကျိုးဖေးအား မျက်စောင်းထိုးလိုက်သည်။ ထိုနောက် သူမသည် ခပ်ဖျော့ဖျော့နှာခေါင်းရှုံ့လိုက်ပြီး "ဘာပဲဖြစ်ဖြစ် ကျွန်မမရှိရင် လဆန်းတောင်ကို တခြားမိန်းမတွေ သွားလို့မရဘူး။ ရှင် သဘောတူလား မတူဘူးလား"

"ကောင်းပါပြီ။ ကိုယ်မင်းကို ကတိပေးတယ်" ကျွန်းဟန် ပြုံးကာ ခေါင်းယမ်းလိုက်၏။

"ဟမ့်" ဇီယန် ပြုံးလိုက်ပြီး အနည်းငယ်ဘဝင်ခိုက်ဟန်ဖြင့် "ကောင်းပြီ။ ကျွန်မ လေယာဉ်ပေါ်တက်ရတော့မယ်။ ဒါကြောင့် မုန့်မုန့်နဲ့ ဖုန်းပြောလို့ မရတော့ဘူး။ ဒီညနေ ဟိုတယ်ကိုရောက်မှ ဖုန်းဆက်လိုက်မယ်"

"ကောင်းပြီ"

ကျန်းဟန် ပြောပြီးနောက် ဖုန်းချလိုက်သည်။

ဇီယန်၏အသံမှတဆင့် သူမစိတ်အခြေအနေကောင်းနေသည်ကို သိလိုက်ရသည့်အတွက် သူ စိတ်သက်သာရာ ရသွားသည်။ အလုပ်တွင် ဘာပဲဖြစ်ခဲ့ပါစေ အရေးကြီးသည်က သူမ စိတ်အခြေအနေကောင်းနေဖို့ပင်။ ကျန်းဟန်သည် လောကစည်းဇိမ်များနှင့် အသေးအဖွဲ့များကို ဂရုမစိုက်ချေ။ သူ၏ကျင့်ကြံခြင်းခရီးလမ်း နှစ်ပေါင်း ၅၀၀ အတွင်း သူဘာတွေ လစ်လပ်ခဲ့ရသနည်း။ သူ ဂရုစိုက်သည်မှာ တစ်ခုသာ ရှိသည်။ ၎င်းက အိမ်ပင်။

သို့သော် ကျန်းဟန်ကား ပြဿနာများ စတင်နေပြီကို မသိလိုက်ချေ။ ဇီယန်အား ဒုက္ခပေးရန် လူတစ်ချို့ ပြင်ဆင်နေကြပြီဖြစ်သည်။

ကျန်းယွမ်(ကျန်းချမ်) တီဗီဌာနတွင် ဖတ်တီးလူကြီးဦးဆောင်သော ဒိုင်လူကြီးသုံးယောက်သည် ပြုံးရွှင်ကာဖြင့် အော်ပရေတာ ရုံးခန်းထဲမှ ထွက်လာခဲ့ကြသည်။

"အဲဒီဗီယန်က အရမ်းကို မိုက်မဲတာပဲ။ သူမက သူမကုမ္ပဏီရဲ့ ထိပ်ပိုင်းလူတွေကို စော်ကားခဲ့တယ်" မျက်မှန်တပ်ထားသည့် အမျိုးသားက နှာခေါင်းရှုံ့ကာ ပြောသည်။

"မိုက်မဲတဲ့ကောင်မလေး။ တကယ်တော့ သူမရဲ့အလှနဲ့ အရင်က ကျော်ကြားမှုအရ မစ္စတာလီနဲ့ ပူးပေါင်းခဲ့မယ်ဆိုရင် သူမ ပြန်ပြီး နာမည်ကျော်လာမှာပဲ မဟုတ်လား။ ဖြူစင်တဲ့မိန်းကလေးတစ်ယောက်လို့ ပြမူရတာ ဘာအသုံးဝင်လို့လဲ။ ရယ်စရာကောင်းလိုက်တာ" ဖက်တီးလူက ရိုင်းပျစွာ ပြောသည်။

"ဒါပေမယ့် သူမက တကယ့်ကို မိန်းမလှလေးပဲ။ သူမနဲ့ တစ်ညလောက် အတူကုန်ဆုံးခွင့်ရရင်

ငါ့ဘဝရဲ့နှစ်ပေါင်းများစွာကို စွန့်လွှတ်ဖို့ ဝန်မလေးဘူး” သက်လက်ပိုင်းအရွယ်လူက ညစ်ညမ်းစွာပြောသည်။

“စိတ်ကူးယဉ်မနေနဲ့။ သူမလို့ လှပတဲ့ မိန်းကလေးတွေက သြဇာကြီးတဲ့သူတွေပဲ ခံစားနိုင်မှာ။ အင်း...မင်းကိုတော့ ကလပ်ပဲသွားပြီး မင်းရဲ့တတိယမြောက်ကြက်ကလေးကို ရှာဖို့ အကြံပေးပါရစေ” ဖက်တီးလူက ပြောသည်။

“မင်းတို့နှစ်ယောက် ကလပ်ကို မရောက်ဖူးဘူးထင်တယ်” သက်လတ်ပိုင်းလူက ပြောသည်။

“ဖက်တီး” ထိုအချိန်တွင် မျက်မှန်နှင့် ခပ်ပိန်ပိန်လူက ခဏလောက်စဉ်းစားပြီး “မစ္စတာလီကို ဖုန်းဆက်ပြီး ဒီကိစ္စရှင်းပြလိုက်ဦး။ ဒီနေ့ ပိုက်ဆံရရင် ဒီညမင်းကို ဟုန်ယွမ်ကလပ်မှာ ညှော်ခံပေးမယ်”

“ကောင်းပြီ။ ငါသူ့ကို အခု မေးလိုက်မယ်” လူဝကြီးက ရယ်မောကာ ဖုန်းကို ထုတ်၍ နံပါတ်တစ်ခုကို ခေါ်လိုက်သည်။

"မစ္စတာလီ။ ဒီညနေ မစ္စဇီယန်ရဲ့ အစီအစဉ်ကို မင်းတွေ့လိမ့်မယ်။ ဗီဒီယိုကို တည်းဖြတ်ထားပြီးပြီ။ အကျိုးသက်ရောက်မှု အံ့အားသင့်စရာကောင်းလိမ့်မယ်ထင်တယ်" လူဝကြီးက လိုရင်းကို တန်းပြောသည်။

"ကောင်းပြီ ခင်ဗျားရဲ့အရည်အချင်းကို ကျုပ်ယုံပါတယ်"

"အင်း…မစ္စတာလီ။ မင်းကတိပေးထားတဲ့ ဆုကြေးငွေကရော"

"ခင်ဗျားရဲ့ ကတ်နံပါတ် ပို့ပေးလိုက်ပါ။ ကျုပ်အခု ချက်ချင်းလွှဲပေးလိုက်မယ်"

လီချန်းပြောပြီးသည်နှင့် ဖုန်းချလိုက်သည်။ တစ်မိနစ်မပြည့်ခင်မှာပင် လီချန်းသည် ဘဏ်ကတ်နံပါတ်တစ်ခု လက်ခံရရှိပြီး ယွမ် ၃ သန်းကို ချက်ချင်း လွှဲပေးလိုက်သည်။

ထိုနောက် စီးကရက်ကို မီးညှိကာ ပြတင်းပေါက်ဆီသို့ လျှောက်သွားကာ ရှုခင်းကိုကြည့်ရင်း ပြုံးလိုက်သည်။

အိုး…ဇီယန် ဇီယန် မင်း ငါ့လက်ထဲကနေ ပြေးလွတ်ဖို့ လမ်းမရှိပါဘူး….။

…

ဝမ်ရီဟာန်နှင့် မုန့်မုန့်သည် နဖူးမှချွေးများ ရွှဲနစ်နေသည်အထိ တစ်နေ့ခင်းလုံး ဆော့ကစားနေခဲ့ကြသည်။ သူတို့သည် အိမ်မွေးတိရစ္ဆာန်ဇရိယာတွင် ခုန်ပေါက်ပြေးလွှားနေကြပြီး တာဟေးအား အပေါ်သို့ပစ်မြှောက်ပေးရန် ကျပန်း တောင်းဆိုကြသည်။

ညနေ ၅ နာရီမတိုင်မီအထိ ကလေးမလေးနှစ်ယောက်မှာ လုံလောက်အောင် ဆော့ကစားနေခဲ့ပြီးဖြစ်သည်။ ကျန်းဟန်သည် ခြသေ့်ခေါင်းငန်းနှစ်ကောင်ကို ယူဆောင်လာခဲ့သည်။

ကျန်းဟန်သည် ၎င်းတို့အား ယခင်နည်းအတိုင်း ချတ်ပြုတ်ခဲ့သည်။

ဤတစ်ကြိမ်တွင် ကျန်းဟန်သည် ဘဲငန်းအသဲကြော်ကို ပြုလုပ်ခဲ့ပြီး စုယွီမှာ ၎င်းအား အလွန်နှစ်သက်နေကာ မချီးကျူးပဲ မနေနိုင်ချေ။

ဝ်ရီဟန်သည် သူမ၏ဖခင်အတွက် အလွန်စိတ်ပူပေးနေပြီး ဘဲသားအနည်းငယ်ကို ပြန်ယူသွားရန် အခိုင်အမာပြောနေခဲ့သည်။

သူမသည် မုန့်မုန့်၏သူငယ်ချင်းဖြစ်သည့်အတွက် စည်းကမ်းများကို လိုက်နာရန် မလိုအပ်ချေ။ ထို့ကြောင့် ကလေးမလေးသည် ငန်းတစ်ကောင်း၏တစ်ဝက်နီးပါး ပြန်ယူသွားခဲ့သည်။

၎င်းက စည်းကမ်းဖောက်သည်ဟု ဆိုလိုပေသည်။ သို့သော် ဤစားသောက်ဆိုင်မှ စည်းကမ်းများတွင် ဟာကွက်တစ်ခုရှိလေသည်။ ၎င်းက မင်းသမီးလေး မုန့်မုန့်ပင်။

ညစာစားပြီးနောက် ဆိုင်ထဲတွင် ဘာမှလုပ်စရာမရှိသဖြင့် ကျောက်ဖုန်း ခဏထိုင်နေခဲ့သည်။ ထိုနောက် ည ၉ နာရီ မိနစ် ၃၀ ဝန်းကျင်တွင် ဆိုင်မှထွက်လာခဲ့ပြီး ဖုန်းမင်ကလပ်သို့ သွားခဲ့သည်။

ထိုအချိန်တွင် စားသောက်ဆိုင်တစ်ဆိုင်တွင် အလွန်မြူးကြွလှုပ်ရှားနေသည်။ ဂူချန်းနှင့်အခြားသူများမှာ မင်္ဂလာပွဲကဲ့သို့ စားပွဲဝိုင်းသုံးဆယ်ခန့်တွင် ထိုင်နေကြ၏။

ထို့ကြောင့် စားသောက်ဆိုင်မန်နေဂျာမှာ ဝမ်းသာမှုရော ထိတ်လန့်မှုပါ ခံစားနေရသည်။

အရက်နှင့်ဟင်းပွဲများ စားပွဲဝိုင်းသုံးဆယ်စာသည် အလွန်အကျိုးများသော်လည်း ထိုသူများ၏အထောက်အထားကို သူသိရှိလေသည်။ နောက်ဆုံးတစ်ကြိမ်က သူတို့ ရန်ဖြစ်ကြသေး၏။ ကံကောင်းစွာဖြင့်ပင် လူငယ်လေးက သူ၏ပြိုင်ဘက်များကို အေးအေးဆေးဆေးအနိုင်ယူနိုင်သည်အထိ သန်မာခဲ့သည်။

မဟုတ်ပါက စားသောက်ဆိုင်တစ်ခုလုံး ဖရိုဖရဲဖြစ်သွားပေမည်။

"ငါတို့ရဲ့သူရဲကောင်းကြီးကို ဖုန်းခေါ်ပြီး သူဘယ်ချိန်လာမလဲ မေးလိုက်ပါဦး" ဂူချန်းက နာရီကိုတစ်ချက်ကြည့်ကာ ပြုံး၍ ပြောလိုက်သည်။

"ဟုတ်ကဲ့" အားဟူက ဖုန်းကိုအမြန်ထုတ်ကာ ကျောက်ဖုန်း၏နံပါတ်အား ခေါ်ဆိုလိုက်သည်။ ထိုနောက်တွင် သူက ပြုံး၍ ပြောလိုက်သည်။ "အစ်ကိုဖုန်းက ဒီကို ဆယ်မိနစ်နေရင် ရောက်မယ်တဲ့"

"ကောင်းပြီ။ ဆယ်မိနစ်အတွင်း ပြင်ဆင်ပေးဖို့ စားပွဲထိုးကို ပြောလိုက်ပါ" ဂူချန်းက ခေါင်းညိတ်ကာ ပြောသည်။

မှုံ့ကြီးသည် သူ၏စကားကိုကြားသည့်အခါ ထ၍ ညှော်ကြိုကောင်တာသို့သွားကာ စတင်မည့်အချိန်ကိုပြောပြီး အရက်ကောင်းကောင်း ကြိုမှာထားသည်။

ယနေ့မနက်ခင်းက တိုက်ပွဲသည် တောင်ပိုင်းခရိုင်တစ်ခုလုံးအတွက် ပြောရေးဆိုခွင့်ရရှိသွားခဲ့ပြီဖြစ်သည်။ ကျောက်ဖုန်း ပြန်မလာခဲ့လျှင်ပင် ဂူချန်းသည် တောင်ပိုင်းခရိုင်အား သူ့ဟာသူ သိမ်းပိုက်နိုင်ကြောင်း သိသာသည်။ ထို့ကြောင့် ဂူချန်းသည် ယနေ့ အခမ်းအနားအတွက် တွန့်တိုမနေပေ။ သူတို့မှာယူထားသည့်အရက်များအားလုံးမှာ အကောင်းစား အရည်သွေးမြင့်များဖြစ်လေသည်။

ဂူချန်း အောင်မြင်တော့မည်ကို ညီအစ်ကိုများ သိထားပြီးဖြစ်၍ သူတို့သည် အစားအသောက်ကောင်းများဖြင့် ညှော့ခံရန် သေချာပေါက် တောင်းဆိုမည်ဖြစ်သည်။

ဆယ်မိနစ်ခန့်အကြာတွင် ဟင်းပွဲများစတင်တည်ခင်းပြီး အရက်များကို နေရာချထားသည်။

ဟင်းပွဲများ ပြီးခါနီးတွင် ကျောက်ဖုန်းသည် တံခါးဝသို့ ဖြည်းဖြည်းချင်း လျှောက်လာခဲ့၏။

“အစ်ကိုဖုန်း”

“ဝိုး”

“ကြိုဆိုပါတယ် အစ်ကိုဖုန်း”

“အစ်ကိုဖုန်း ငါမင်းကို ချစ်တယ်”(စားတယ်နော်…xd)

ကျောက်ဖုန်း ရောက်ရှိလာသည့်အခါ လူအများက ဝိုင်းအော်ဟစ်ကာ အားပေးကြသည်။ ကျောက်ဖုန်းသည် ယခင်က သူတို့နှင့်ကောင်းမွန်သည့်ဆက်ဆံရေးရှိခဲ့ပြီး သူတို့အခက်အခဲကြုံရသည့်အချိန်တွင် ကယ်တင်ပေးခဲ့သည်။ ၎င်းကို လူတိုင်း၏စိတ်ထဲတွင် စွဲမှတ်ထားကြသည်။ သူတို့အတွက် ကျောက်ဖုန်းက သူရဲကောင်းတစ်ယောက်ဖြစ်သည့်အတွက် တိတ်တိတ်ဆိတ်ဆိတ်နေတတသည့်သူများပင် သူရောက်လာသည့်အခါ အော်ဟစ်အားပေးကြသည်။

လူအုပ်ကြီး၏အားပေးသံများအောက်တွင် ကျောက်ဖုန်းက ပြုံးကာ ဂူချန်းဆီသို့လျှောက်လာရင်း ခေါင်းညိတ်ပြလိုက်သည်။

"လာ ဒီည မင်းကို မှုးအောင်တိုက်ရမယ်" ဂူချန်းက ပြုံးကာ ပြောသည်။

ကျောက်ဖုန်း သူ့အနားသို့ လာထိုင်ရန် ခေါ်လိုက်ပြီးနောက် ဂူချန်းက အရက်တစ်ခွက်ကို ကောက်ကိုင်ကာ မတ်တပ်ရပ်၍ လူတိုင်းကို အကဲခတ်လိုက်ပြီး "ပထမတစ်ခွက်က ငါတို့သူရဲကောင်းကြီး ကျောက်ဖုန်းအတွက်ပဲ"

တစ်ချိန်တည်းမှာပင် လူတိုင်းက ပထမတစ်ခွက်ကို သောက်လိုက်ကြသည်။

"ကျောက်ဖုန်း မင်းတစ်ခုခုပြောသင့်တယ်" ဂူချန်းက ပြောသည်။

"ငါ့မှာ ပြောစရာရှိတယ်" ကျောက်ဖုန်းက ခေါင်းညိတ်ပြပြီး လက်ထဲက ဖန်ခွက်ကို ကိုင်မြှောက်၍ ထရပ်ပြီး "ညီအစ်ကိုတို့ မင်းအတွက်အတွက် ငါ ဒီတစ်ခွက်ကို အရင်သောက်မယ်"

"ကောင်းတယ်"

သူသောက်ပြီးသွားသည့်အခါ ကျောက်ဖုန်း၏မျက်လုံးများသည် အားဟူ၊ မုံ့ကြီးနှင့် အခြားသူများကို ကြည့်လိုက်သည်။

ကျောက်ဖုန်း၏အကြည့်ကိုမြင်သည့်အခါ ဂူချန်း ထူဆန်းသော ခံစားချက်တစ်ခုရရှိလိုက်သည်။

ဘာလို့ သူ့မှာ အရေးတကြီးပြောစရာ တစ်စုံတစ်ခုရှိပုံပေါ်နေရတာလဲ။

သူ၏အထင်မှန်ပေသည်။

ကျောက်ဖုန်းက ပြုံးရွှင်စွာဖြင့် "ဒီည ငါတို့ အားရတဲ့အထိသောက်ကြမယ်။ ဒါပေမယ့် မသောက်ခင်မှာ ငါတစ်ခုပြောစရာရှိတယ်"

"ငါ ကုမ္ပဏီတစ်ခု ထောင်ချင်တယ်။ လုံခြုံရေးကုမ္ပဏီတစ်ခု"

"အဲ့ဒါက တခြားသူတွေကို စောင့်ရှောက်ပေးဖို့အတွက် ရည်ရွယ်ထားတာမဟုတ်ဘူး။ ကုမ္ပဏီက ငါ့သူဌေးရဲ့ မိသားစုတစ်ခုတည်းအတွက်ပဲ ဆောင်ရွက်ပေးမှာ။ ညီအစ်ကိုတို့ ငါမင်းတို့ကို ချစ်တဲ့စိတ်တစ်ခုတည်းနဲ့ ဒီလုံခြုံရေးကုမ္ပဏီကို တည်ထောင်ခဲ့တာ"

"မင်းတို့တွေ အရင်က ငါ့ရဲ့ခွန်အားကို သိကြမယ်ထင်တယ်။ အရင်ကဆို ငါ ခွန်ရှင်းတန်ရဲ့ ပြိုင်ဘက်မဖြစ်နိုင်ဘူး။ ဒါဆို ဘာကြောင့် သူ့ကို တစ်ချက်တည်းနဲ့ အနိုင်ယူနိုင်ရတာလဲ။ အဲ့ဒါက ငါ့သူဌေးကြောင့်ပဲ"

ကျောက်ဖုန်းမှာ ပြောနေရင်းဖြင့် အလွန်စိတ်လှုပ်ရှားလာသည်။ ဆရာသည် သူ့အား ဘဝအသစ်တစ်ခုပေးခဲ့ပြီး ယခင်က သူလက်လှမ်းမမှီနိုင်သော အဆင့်သို့ ရောက်ရှိစေခဲ့သည်ဟု ဆိုနိုင်သည်။ ၎င်းကို သူ၏စိတ်ထဲတွင် နက်နက်ရှိုင်းရှိုင်း စွဲမှတ်ထားသည်။ အသက်ပြင်းပြင်းရှူသွင်းလိုက်ပြီးနောက် ကျောက်ဖုန်းက ဆက်ပြောသည်။

"ငါ့သူဌေးက အရမ်းအစွမ်းထက်တယ်ဆို ငါပြောနိုင်တယ်။ သူက စွမ်းအားကြီးလွန်းလို့ မင်းတို့ စိတ်ကူးကြည့်လို့တောင် ရမှာမဟုတ်ဘူး။ ငါသူ့ဆီခွင့်တောင်းလိုက်တော့ သူက ကုမ္ပဏီတစ်ခု ဖွင့်ဖို့ သဘောတူခဲ့တယ်။ ဒါကြောင့် ပါတီမစခင်မှာ မင်းတို့ကို ငါ ပြောပြတာ"

"ငါမင်းတို့ကို သိပ်အများကြီး ပြောမပြနိုင်ဘူး။ တစ်ခုသိထားရမှာက ငါ သူဌေးနဲ့ ရက်နည်းနည်းပဲ နေခဲ့တာ

ငါ့ရဲ့တိုက်ပွဲဝင်စွမ်းရည်က အရင်ကထက် ဆယ်ဆပိုတိုးတက်နေပြီဆိုတာပဲ”

ကျောက်ဖုန်း၏စကားကိုကြားပြီးနောက် လူအများစုသည် မျက်လုံးများပြူးကျယ်သွားကြသည်။

မည်သူကများ သန်မာသည့်ကိုယ်ခန္ဓာကိုယ် မလိုချင်ဘဲနေမည်နည်း။ မည်သူကများ မြေအောက်လောကတွင် လူသိများကျော်ကြားသူတစ်ယောက် မဖြစ်ချင်ပါမည်နည်း။

သူတို့အားလုံးသည် အပြာရောင်အင်္ကျီနှင့် ဓားတစ်လက်ဖြင့် ကမ္ဘာအနှံ့သွားလာသည့် သူရဲကောင်းဆန်သော အိပ်မက်ရှိကြသည်။ ဤအချိန်တွင် ကျောက်ဖုန်း၏စကားများက သူတို့အား လွှမ်းမိုးသွားသည်။

ဂူချန်းက ခါးသီးစွာ ပြုံးလိုက်ပြီး “မင်းက ငါ့ကိုတောင် စွဲဆောင်နိုင်လုနီးပါးပဲ။ ဒါပေမယ့် ငါ့ရဲ့ရည်မှန်းချက်က

မတူညီဘူး။ ကျောက်ဖုန်း ငါ့အတွက် လူတစ်ချို့တော့ ထားခဲ့ပါဦး”

…

-အပိုင်း(၂၁၅) ပြီး

wunzinnosp

အပိုင်း(၂၁၆) လူထုအမြင်ဖြင့် သူမကို ရိုက်ချပါ

ကျောက်ဖုန်း၏စကားများက သူ၏လူအချို့အား စွဲဆောင်သွားပါက ဂူချန်း အလွန်စိုးရိမ်မိမည်မဟုတ်ပေ။ သို့သော် သူ၏လူအများစုသည် မျက်လုံးများတောက်ပလာသည်ကို တွေ့လိုက်ရသည့်အခါ သူ အမှန်တကယ် ထိတ်လန့်သွား၏။

အားလုံးက သူ့အား ထားခဲ့ပြီး ကျောက်ဖုန်းနောက်သို့ လိုက်သွားခဲ့လျှင် အနာဂတ်တွင် သူ မည်သို့ ခြေကုပ်ယူနိုင်ပါမည်နည်း။

သူသည် လွတ်လပ်ပေါ့ပါးသော ဘဝကို လိုချင်ပြီး အဖွဲ့အစည်းတစ်ခုတွင် သူဌေးအဖြစ်လက်ခံနိုင်သော်လည်း သူနှင့်မရင်းနီးသည့်လူတစ်ယောက်၏ လက်အောက်တွင် တာဝန်ထမ်းဆောင်ရသော ဝန်ထမ်းတစ်ယောက် မဖြစ်လိုချေ။ သူဌေးက အလွန်ကြောက်မက်ဖွယ်ကောင်းပုံရသော်လည်း သူသည် ချုပ်ချယ်ခံရသည်ကို မကြိုက်ပေ။

ဂူချန်း၏ခါးသီးသော ရယ်သံကို ကြားလိုက်ရပြီး လူတိုင်း၏အမူအရာကို မြင်လိုက်ရသည့်အခါ ဂူချန်း ဘာတွေးနေသည်ကို ကျောက်ဖုန်း သိလိုက်သည်။ ကျောက်ဖုန်းက စိတ်ချလက်ချနေပါဟူ၍ကြည့်လိုက်ကာ ချောင်းဟန့်ပြီး နက်ရှိုင်းသည့်အသံဖြင့် ဆက်ပြောသည်။

"မင်းတို့ ငါ့နောက်ကို လိုက်ချင်ရင် လိုအပ်ချက်တွေတော့ရှိတယ်"

"ပထမဆုံး မင်းတို့ အရင်က ဘယ်လိုအကျင့်ဆိုးတွေပဲ ရှိပါစေ ကုမ္ပဏီမှာ အလုပ်လုပ်တဲ့အခါ သူဌေးရဲ့ရှေ့မှာ ရိုင်းရိုင်းပြပြပြောဆိုခွင့်မရှိဘူး"

"ဒုတိယက မင်းတို့ကုမ္ပဏီကို ဝင်ရောက်ပြီဆိုကတည်းက စည်းကမ်းတွေ အများကြီးရှိလိမ့်မယ်။ အဲဒီစည်းကမ်းတွေကို လိုက်နာနိုင်တဲ့သူ ပါဝင်နိုင်တယ်။ အဲ့လို မဟုတ်ရင်တော့ ငါ့ကို မစာနာဘူးလို့ အပြစ်မတင်နဲ့"

"တတိယက မင်းတို့ ငါ့နောက်ကိုလိုက်တယ်ဆိုကတည်းက ငါဘာပဲအမိန့်ပေးပေး မင်းတို့ စောဒကမတက်ရဘူး။ မင်းတို့ လုပ်ရမယ်"

"စတုတ္ထက ကုမ္ပဏီကို ဝင်လိုက်ပြီဆိုရင် သက်သာချောင်ချိတဲ့ ဘဝကို နှုတ်ဆက်ပြီး

ပြင်းပြင်းထန်ထန်လေ့ကျင့်ရတာမျိုး ရှိနိုင်သလို တခြားအခြေနေတွေလည်း ရှိနိုင်တယ်”

“အဲဒီအချက်တွေကို လိုက်နာနိုင်ရင် ငါ့နဲ့လိုက်ခဲ့လို့ရတယ်။ အခု လိုက်ချင်တဲ့သူတွေ မတ်တပ်ရပ်လိုက်ပါ”

မူလက သူတို့အမျိုးစုသည် စိတ်လှုပ်ရှားနေခဲ့ကြသော်လည်း ကျောက်ဖုန်း၏စကားများက သူတို့အား လက်တွေ့လောကသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။

အသက်ရှင်နေရသည့်ရည်ရွယ်ချက်က ပိုမိုကောင်းမွန်သည့်ဘဝကို ခံစားရရန်ဖြစ်သည်။ ၎င်းက ငွေကြေး၊ အာဏာနှင့် ချမ်းသာမှု၊ အဆင့်အတန်း နှင့် မိန်းမလှလေးများ ပါဝင်လေသည်။

သို့သော် အစ်ကိုဖုန်း၏လေသံအရ သူတို့အား စစ်တပ်ထဲဝင်ရောက်လိုက်သည်နှင့် အတူတူပင်ဖြစ်ကြောင်း

နားလည်သွားစေသည်။ သူတို့သည် အနည်းငယ် မသက်မသာခံစားလိုက်ရ၏။ ထို့ကြောင့် အများစုက နောက်ပြန်ဆုတ်သွားကြသည်။

"ငါ ပထမဆုံးပါမယ်"

ပထမဆုံးတစ်ယောက်က အမြဲတမ်း အားဟူဖြစ်လေသည်။ သူသည် အရေးကြီးသည့်အချိန်များတွင် အမြဲတမ်း ကျောက်ဖုန်း၏နောက်တွင် ရပ်တည်သည်။

ကျောက်ဖုန်း ပြောပြီးသည်နှင့် သူထရပ်လိုက်၏။ စည်းမျဉ်းများကို သူမသိသော်လည်း အစ်ကိုဖုန်း၏နောက်သို့ လိုက်ခြင်းက မှန်ကန်သောရွေးချယ်မှုဖြစ်သည်ကို သူသိသည်။

"ငါ ဒုတိယ။ အားဟူ အဲ့ကောင်လေးက အမြဲတမ်း အရမ်းလက်သွက်တယ်" မုံ့ကြီးက ပြုံးကာ ထရပ်လိုက်သည်။

"ငါ့ကို ပြောမနေနဲ့။ မင်းလည်း မြန်တာပါပဲ"

အခြားနှစ်ယောက်သည် တခစ်ခစ်ရယ်မောကာ ထရပ်လိုက်သည်။

သူတို့လေးယောဦက်သည် ကျောက်ဖုန်း၏နောက်လိုက်များဖြစ်ကြသည်။ လူခုနှစ်ယောက်ရှိသည့်တွင် လေးယောက်က မဆိုင်းမတွ ထရပ်လိုက်၏။ ကျန်သည့် သုံးယောက်မှာ ပြုံးနေပြီး ခေါင်းယမ်းပြကာ နောက်ဆုံးတွင် မတ်တပ်မရပ်ရန် ဆုံးဖြတ်လိုက်သည်။ သူတို့တွင် ဂူချန်းနှင့်တူညီသည့် အတွေးရှိကြသည်။ သူပြောခဲ့သည့်စည်းမျဉ်းများက သူတို့အား အဟာန့်အတားဖြစ်စေမည်ဟု ယုံကြည်သည်။ သူတို့သည် သက်သောင့်သက်သာရှိသည့်ဘဝကို နှစ်သက်ကြပေသည်။

ထိုသုံးယောက်သည် ဂူချန်းအား ကြည့်လိုက်ပြီး ကျောက်ဖုန်းသည် ဤနေရာမှာလူများအား ခွဲထုတ်ရန် ရည်ရွယ်၍ လုပ်ဆောင်ခဲ့ကြောင်း ကောင်းကောင်းသိလိုက်သည်။ ယခုအချိန်မှစ၍ သူသည်

ကုမ္ပဏီတစ်ခုထူထောင်ကာ တရားဝင်စီးပွားရေးလုပ်ဆောင်တော့မည်ဖြစ်ကာ ဂူချန်းသည် သူ၏လူများကို ဦးဆောင်၍ တောင်ပိုင်းခရိုင်၏မြေအောက်ဂိုဏ်းများကို စိုးမိုးကာ ခေါင်းဆောင်အသစ်ဖြစ်လာပေလိမ့်မည်။ သူတို့သည် ဂူချန်း၏နောက်သို့လိုက်ကာ သူတို့ကိုယ်သူတို့ အကန့်မဲ့သည့် ကြွယ်ဝမှုနှင့် အဆင့်အတန်းကို ခံစားကြမည်ဖြစ်သည်။ ထို့ကြောင့် သူတို့ ကျောက်ဖုန်းအား မရွေးချယ်ခဲ့ကြပေ။

အားဟူ၊ မုံ့ကြီးနှင့် အခြားနှစ်ယောက်တို့မှာ သူတို့၏ရွေးချယ်မှုကို နားလည်သည့်အတွက် ဘာမှ မပြောကြပေ။ သူတို့၏အနာဂတ်ကို သူတို့ကိုယ်တိုင် ရွေးချယ်ခွင့်ရှိပေသည်။ အတင်းအကြပ်လုပ်ဆောင်ပါက အဆုံးသတ်ကောင်းမည်မဟုတ်ကြောင်း စကားရှိပေသည်.

သို့သော် ရှုရုံသည် ထိုလူများအား အနည်းငယ် အံ့အားသင့်သွားစေခဲ့သည်။

သူသည် ခေါင်းကိုငုံ့ကာ အချိန်အတန်ကြာ တိတ်ဆိတ်နေပြီး အားဟူနှင့်သူ၏ညီအစ်ကိုများနည်းတူ ဖြည်းညှင်းစွာ ထရပ်လိုက်သည်။ သူက ဂူချန်းအား ကြည့်ကာ ခေါင်းယမ်း၍ ပြောလိုက်သည်။

"အစ်ကိုချန်း ဒီတစ်ခေါက် ငါ လောင်ပင်းရဲ့အသတ်ခံရလုနီးပါးဖြစ်ခဲ့တာ။ ဒီလိုမျိုး အန္တရာယ်များတဲ့ဘဝကို နေရာ ငြီးငွေ့လာပြီ"

"ညီအစ်ကို ဘာမှ ပြောနေဖို့မလိုပါဘူး။ ငါနားလည်ပါတယ်" ဂူချန်းက ပြုံးကာ ခေါင်းညိတ်ပြလိုက်ပြီး ရှုရုံ၏လက်မောင်းကို ပုတ်လိုက်သည်။ "မင်း သူနဲ့လိုက်သွားရင်တောင် ငါတို့က ညီအစ်ကိုတွေ ဖြစ်နေတုန်းပါပဲ။ မင်း ပြဿနာရှိတဲ့အခါ ငါ့ကို အကူအညီတောင်းလို့ရတယ်"

ပြောနေရင်းဖြင့် ဂူချန်းသည် သူ့၏ညာလက်ကို ဆုပ်ကိုင်ထားကာ ရင်ဘတ်အား အကြိမ်အနည်းငယ်

ပုတ်လိုက်ပြီး ထိုစကားများကို သူမှတ်မိနေရင် ပြောလိုက်သည်။

"အရမ်းကောင်းတယ်" ရှုရုံက ရယ်မောလိုက်ပြီး ကျောက်ဖုန်းအား ကြည့်ကာ "အစ်ကိုဖုန်း အခုကစပြီး ငါက မင်းရဲ့လူတစ်ယောက်ဖြစ်တော့မယ်"

"တော်စမ်းပါ။ ငါက ဂေးမဟုတ်ဘူး" ကျောက်ဖုန်းက ပြုံးကာ သူ့အား စနောက်လိုက်သည်။ သူက အားဟူအား ကြည့်ကာ "အားဟူ သူတို့နာမည်တွေကို မှတ်ထားလိုက်"

"ဟုတ်ကဲ့" အားဟူက ဖုန်းကို ထုတ်ကာ နာမည်များကို စတင်မှတ်ထားလိုက်သည်။

"ကောင်းပြီး မင်းတို့ ငါတို့ကိုပဲ အာရုံစိုက်မနေကြနဲ့။ အစ်ကိုဖုန်းနဲ့အတူလိုက်ပြီး စီးပွားရေးလုပ်ဖို့ ရည်ရွယ်ထားတဲ့သူတွေ ရှိလား။ ရှိရင် မတ်တပ်ရပ်ပြီး ငါ့ကို ပြောပါဦး"

“ငါလိုက်မယ်”

“ငါရောပဲ”

“ငါ့ကိုရော ထည့်မှတ်လိုက်”

ထိုအချိန်တွင် လူအများပြားက ဆက်တိုက်မတ်တပ်ရပ်လာကြသည်။ နာမည်များကို ရေးမှတ်ပြီးသည့်အခါ အားဟူက ရေတွက်ကြည့်လိုက်သည်။

ကျောက်ဖုန်းနှင့် ဂူချန်း၏လူများထဲမှ စုစုပေါင်း လူ ၅၀ ရှိလေသည်။

ကျောက်ဖုန်း၏ နောက်လိုက်များမှာ ယခင်က ၇၀ ကျော်ရှိသော်လည်း ၃၀ ကသာ သူ၏နောက်သို့ လိုက်ရန် ရွေးချယ်ခဲ့သည်။ ထိုအချိန်တွင်း ဂူချန်း၏လူ ၂၀ ကျော်က မတ်တပ်ထရပ်ကာ ကျန်သူများက ဂူချန်း၏နောက်သို့ဆက်လိုက်ရန် ရွေးချယ်ကြသည်။

ယခုအချိန်တွင် ထရပ်လိုက်သော လူ ၅၀ သည် မတူညီသော လမ်းကြောင်းကို လျှောက်လှမ်းနေကြသည်အား သူတို့ မသိရှိကြချေ။ မတ်တပ်ထမရပ်မိသည့်အတွက် ကြီးမားသောအခွင့်အရေးတစ်ခု လက်လွတ်သွားခဲ့ကြောင်း သတိမပြုမိခဲ့ကြပေ။

ကျောက်ဖုန်း၏နောက်သို့လိုက်သောညီအစ်ကိုများ မည်မျှ စွမ်းအားကြီးမားလာမည်ကို သူတို့သိလိုက်သည့်အခါတွင် သူတို့သည် ကျောက်ဖုန်း၏နောက်သို့လိုက်ရန် မဖြစ်နိုင်တော့သည်မှာ သေချာပေသည်။ သို့သော် ဤအချိန်တွင် ကုမ္ပဏီတစ်ခုလုပ်ဆောင်ရန်က အလွန်ခက်ခဲကြောင်း သူတို့ သိရှိကြသည်။

ဤမျှ ထူးခြားသောဂုဏ်ပြုညစာစားပွဲနှင့် အလွန်ဝေးကွာသည့် အခြားတစ်နေရာတွင်…

ညသန်းခေါင်ယံအချိန် နီးကပ်လာသည်နှင့် အင်တာနက်ပေါ်တွင် ဗီဒီယိုတစ်ခု လွှင့်တင်ခဲ့လေသည်။

ယေဘူယျအားဖြင့် ဤဗီဒီယိုသည် အမှန်တကယ်ကြည့်ရှုသူ အနည်းငယ်သာ ရှိပြီး ဒယ်အိုးထဲမှ မီးရောင်ကဲ့သို့သာ ဖြစ်နိုင်ပေသည်။

သို့သော် ညသန်းခေါင်အချိန်တွင် Weibo တွင် ရှာဖွေမှုအများဆုံးခေါင်းစဉ်များ၏တတိယနေရာတွင် အလွန်ဖမ်းစားနိုင်သော ခေါင်းစဉ်တစ်ခုရှိနေခဲ့သည်။

ယခင်က နာမည်ကြီးကြယ်ပွင့်ဖြစ်ခဲ့သည့် ဇီယန်သည် အစီစဉ်မှ ဂီတပညာရှင်များကို စော်ကားခဲ့သည်။

ထို့သို့သော အငြင်းပွားစရာ ခေါင်းစဉ်သည် လူများစွာ၏အာရုံကို စွဲဆောင်သွားခဲ့ပြီး အထူးသဖြင့် လူအများစု ညမအိပ်ခင်တွင် အိပ်ရာပေါ်လှဲကာ အင်တာနက်တွင် အချိန်ကုန်ဆုံးသောအချိန်ဖြစ်လေသည်။ သူတို့သည် ဖုန်းများဖြင့် ခဏတာ အပန်းဖြေရသည်ကို နှစ်သက်သည့်အတွက် Weibo အား ကြည့်မိကြသူအများစုမှာ ထိုသတင်းကို သတိထားမိခဲ့ကြသည်။

ကလစ်နှိပ်လိုက်သည့်အခါတွင် ၎င်းသည် Floating Music အမည်ရှိ အစီအစဉ်တစ်ခုမှ မြင်ကွင်းဖြစ်ကြောင်း သိရှိနိုင်ခဲ့သည်။ ကျွန်းရွှမ်တီဗီချန်နယ်မှ ထုတ်လွှင့်ပြသသည့် အစီအစဉ်ဖြစ်ပြီး ပရိသတ်အားပေးမှု မြင့်မားခဲ့သည်။

တကယ့်ဝဘ်ဆိုဒ်မှ တင်ထားသည့်မှန်းသိလိုက်သည့်အခါ ဗီဒီယိုကို ကြည့်နေကြသည့်လူတိုင်း အံ့သြသွားကြသည်။

ကြီးကြီးမားမားတစ်ခုခုဖြစ်တော့မယ်...

သူတို့သည် ကမ္ဘာပေါ်တွင် ဖြစ်ပျက်ခဲ့သည်များအား မစပ်စုဘဲ မနေနိုင်ကြသဖြင့် ဗီဒီယိုအား မကျော်ဘဲ အဆုံးထိ ကြည့်ရှုလိုက်ကြသည်။

“ဟမ်...ဒီမိန်းမလှလေးက ဇီယန်မလား”

လူအများစုက ဇီယန်အား မှတ်မိကြသည်။ အချိန်အတော်ကြ စောင့်ကြည့်ပြီးနောက်

ဟို့တ်၏မိတ်ဆက်စကားကို ကြားလိုက်ရပြီး သူမကို မှတ်မိသွားကြသည်။

သို့သော်...

ဗီဒီယိုအား စတင်ဖွင့်လိုက်စဉ်တွင် ဒိုင်သုံးဦး၏အကဲဖြတ်မှုများမှာ ပြင်းထန်ခြင်းမရှိချေ။ ထိုအစား သူတို့သည် စာနာသနားမှုအပြည့်ဖြင့် လမ်းညွှန်ပေးခဲ့ကြသည်။ နောက်အခိုက်အတန့်တွင် အမျိုးသမီးတစ်ဦးက စင်ပေါ်ပြေးတက်လာကာ ဒိုင်သုံးဦးအား စော်ကားပြောဆိုကာ ပေါက်ကွဲထွက်လာခဲ့၏။

ယေဘူယျအားဖြင့် လူအများသည် မှန်ကန်သည့်ဘက်တွင် ရပ်တည်ရသည်ကို နှစ်သက်ကြပြီး ဇီယန်က တမင်ပြဿနာရှာခဲ့ကြောင်း ထင်ရှားလေသည်။

သူမသည် ရှိုးတွင် အဆင်မပြေသည့်စကား အနည်းငယ်ပြောမိသည်နှင့် လူများကို

ဒေါသထွက်သွားသည်လား။ ထို့ပြင် စင်ပေါ်တွင် ဘာကြောင့် သူတို့အား ဆဲဆိုရသနည်း။

လူအများစုမှာ ဇီယန်နှင့် ကျိုးဖေအား ချက်ချင်း မကျေမနပ်ဖြစ်သွားကြသည်။ နာမည်ကြီးပုဂ္ဂိုလ်များနှင့် ကြယ်ပွင့်များမှာ ၎င်းတို့၏အပြုအမူအပြောဆိုများက လူအများပေါ် သက်ရောက်မှုရှိသည်။ အထူးသဖြင့် ဆယ်ကျော်သက်များကိုပင်။

ထို့ကြောင့် အလွန်လှပသည့်တိုင် ဆိုးရွားသောအပြုအမူရှိသည် ကြယ်ပွင့်များကို လူအများက စက်ဆုပ်ကြ၏။

ထို့ကြောင့် အစကတည်းကပင် ဇီယန်အား တစ်ဖက်သတ်ရှုတ်ချသည့် မှတ်ချက်များ ပေးခဲ့ကြလေသည်။

"ကြယ်ပွင့်တစ်ယောက်အနေနဲ့ အကျင့်သိက္ခာရှိရမှာ။ မင်းက အရည်အချင်းရှိပေမယ့် အကျင့်မကောင်းတာ သူနဲ့ အတူတူပဲ"

“ဖျော်ဖြေရေးလောကရဲ့ ပတ်ဝန်းကျင်ကို မြှင့်တင်ဖို့ အချိန်တန်ပြီ”

“အခုခေတ် အနုပညာရှင်တွေက အရမ်းသတိထားရတယ်။ လူတွေက သူတို့အကြောင်း အကောင်းပြောဖို့ မျှော်လင့်ကြတာ။ သူတို့ရဲ့အားနည်းချက်ကို ထောက်ပြမိရင် စင်ပေါ် အပြေးအလွှားတက်လာပြီး အော်ဟစ်ဆဲဆိုကြလိမ့်မယ်။ မသာယာစရာ ဆက်ပြောနေတဲ့လူကိုတောင် ရိုက်နှက်နိုင်လောက်တယ်”

“…”

တစ်နာရီအတွင်း ဤအကြောင်းအရာက သောင်းနှင့်ချီသော မှတ်ချက်များကို ရရှိခဲ့သည်။

ထိုအချိန်အတွင်း၌ လျန်မုန့်ချီသည် အိပ်ယာထက်တွင်လဲလျောင်းနေ၏။ သူမသည် မအိပ်ခင်တွင် ဖုန်း ခဏလောက် ဆော့ကစားလေ့ရှိသည်။

သူမသည် နာမည်ကြီးသည့် ဂိမ်းတစ်ခုကို ကစားပြီးနောက် Weibo ကို ဖွင့်ကြည့်လိုက်သည်။

“အမ်...ဒါက ဇီယန် မဟုတ်လား”

ဤမျှ နာမည်ကြီးနေသည့်ခေါင်းစဉ်ကို တွေ့လိုက်ရပြီးနောက် လျန်မုန့်ချီ ရုတ်တရက် ထိတ်လန့်သွားသည်။ ဗီဒီယိုအားကြည့်လိုက်ပြီးနောက် လျန်မုန့်ချီ၏မျက်ခုံးများ တွန့်သွားသည်။

ဇီယန်နှင့် လူချင်းမတွေ့ဖူးသော်လည်း ဇီယန်၏စိတ်နေစိတ်ထားနှင့် အမူအရာမှာ အလန်ပြေပြစ်ကြောင်း သူမ၏အစ်ကိုထံမှ အကြိမ်များစွာ ကြားခဲ့ရသည်။

ဒီဗီယိုက ဘယ်လိုဖြစ်တာလဲ...?

လျန်မုန့်ချီသည် WeChat ကိုဖွင့်ကာ သူမအစ်ကိုအား ပြောလိုက်သည်။ "ဟေး အစ်ကို နင်အိပ်နေပြီလား။ ငါတစ်ခုပြစရာရှိတယ်"

"မအိပ်သေးဘူး။ ပို့လိုက်"

လျန်မုန့်ချီ ဗီဒီယိုဖိုင်အား ပေးပို့လိုက်သည်။ ဗီဒီယိုအားကြည့်ရှုပြီးနောက်တွင် လျန်ချန်း ရုတ်တရက် တောင့်တင်းသွားပြီး မျက်ခုံးများ တွန့်လာကာ အတွေးနက်သွားသည်။ ဤကိစ္စအား သူ သံသယရှိနေသည်။ ယေဘုယျအားဖြင့် အစီစဉ်တစ်ခုတွင် ထိုသို့သော မတော်တဆမှုများ ဖြစ်လာမည်မဟုတ်သလို ပြဿနရှိလျှင်ပင် လူအများအား ချပြရလောက်အောင် အရူးများမဟုတ်ကြချေ။ သို့သော် ဖျော်ဖြေရေးလောကသည် အလွန်ရှုပ်ထွေးပြီး လူအများမသိနိုင်သည့် ကိစ္စရပ်များ ပါဝင်လေသည်။ လျန်ချန်းသည် ဇီယန် ဒုက္ခရောက်နေမည်ဟု ခန်းမှန်းမိသည်။

သူ၏လက်ရှိ အစီအစဉ်များကို အရှိန်မြှင့်တင်ရမည့်ပုံပင်။

အခြားတစ်ဖက်ရှိ ပေကျင်းမှ ကြယ်ငါးပွင့်ဟိုတယ်တစ်ခုတွင်။

ကျိုးဖေးနှင့် ဇီယန်သည် ကုတင်ဘေးတွင် ထိုင်နေကြ၏။ ဇီယန်၏မျက်နှာမှာ အနည်းငယ် ခပ်တန်းတန်းဖြစ်နေသော်လည်း ကျိုးဖေးမှာ အလွန်ဒေါသထွက်နေ၏။

"အရှက်မရှိလိုက်တာ။ သူတို့က အရမ်းအရှက်မဲ့တာပဲ။ ဗီဒီယိုကို တည်းဖြတ်ထားတာလား။ ဒါက ငါ့ကို သေလောက်အောင်ဒေါသထွက်စေတာပဲ" ကျိုးဖေးသည် အံကိုကြိတ်ကာ ကျိုးပဲလုမတတ်ပင်ဖြစ်နေသည်။

ဤဗီဒီယိုမှာ ရည်ရွယ်ချက်ရှိရှိလုပ်ခဲ့ကြောင်း ထင်ရှားပေသည်။

လုံးဝကို ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားခြင်းပင်။ တည်းဖြတ်ပြင်ဆင်ထားမှုကြောင့် လူထုအမြင်တွင် ကျိုးဖေးသည် ဇီယန်ဘက်မှနေ၍ ရိုင်းပြစွာ ပြေဆိုသူအဖြစ်

ပြောင်းလဲခဲ့သည်။ အထူးသဖြင့် ဇီယန်သည် အခြားအစီစဉ်တစ်ခုသို့ ဦးတည်သွားနေသည့်အချိန်တွင် ကျဆုံးသွားစေရန် ကြိုးစားနေခြင်းဖြစ်ကြောင်း မြင်နိုင်ပေသည်။ အပျက်သဘောဆောင်သည့် သက်ရောက်မှုများရှိလာပါက အစီအစဉ်၏ဌာနခွဲသည် ဇီယန်၏အချိန်ဇယားအား ပယ်ဖျက်နိုင်ချေရှိသည်။

"သူတို့ ဘာလို့ ဒီလို လုပ်နိုင်ရတာ" ဇီယန် အနည်းငယ် မျက်ခုံးတွန့်ကာ ပြောလိုက်သည်။

ယခင်က ဤကဲ့သို့သော ကိစ္စမျိုးကို ကြုံရခဲ့သည်။ သူမ ပြန်လာပြီးကတည်းက ဘာကြောင့် အမြဲမပြတ် တိုက်ခိုက်နေရပါသနည်း။ သူမကို မည်သူက တိုက်ခိုက်နေရသနည်း။

"တစ်ခုခုမှားနေတာဖြစ်ရမယ်။ ဘာလို့ ရုတ်တရက်ကြီး ရှာဖွေမှုအများဆုံးခေါင်းစဉ်မှာ ဒီဗီဒီယိုက ပေါ်လာရတာလဲ။ ငါ မပြောစရာ စကားမရှိတော့ဘူး" ကျိုးဖေးမှာ

ဒေါသတကြီးပြောသည်။ ငါ လူသိရှင်ကြား ကြေငြာပြီးတော့ သူတို့ရဲ့ အရှက်မရှိတဲ့လုပ်ရပ်ကို လူတိုင်းကို ပြောပစ်မယ်”

“အဲ့ဒါ အသုံးမဝင်ဘူး” ဇီယန်က သက်ပြင်းလေး ချကာ ပြောသည်။ “ငါ့မှာ Weibo ဖော်လိုဝါ ၅ သန်းပဲရှိတယ်။ အများစုက လုပ်ရှားမှုမရှိတော့တဲ့ ပရိသတ်တွေ။ နင် တစ်ခုခုပြောရင်တောင် သက်ရောက်မှုရှိမှာ မဟုတ်ဘူး။ တစ်ခုခုဆို လူတွေက ငါတို့ အပြစ်ရှိတယ်လို့ ထင်ကြလိမ့်မယ်။ အဲ့ဒါကို လျစ်လျူရှုပြီး မနက်အထိ စောင့်ကြည့်ကြရအောင်”

…

-အပိုင်း(၂၁၆) ပြီး

wunzinnosp

အပိုင်း(၂၁၇) ကျိုးဖေး စိတ်တိုနေသည်

"အာ...ငါတကယ် စိတ်တိုနေပြီ" ကျိုးဖေး ခေါင်းအုံးကို ကောက်ကိုင်ကာ ကိုက်ပစ်လိုက်သည်။ သူမ၏ဒေါသကို ဖြေဖျောက်ရန် ခဏလိုက် ကိုက်ပစ်လိုက်ပြီးနောက် "လောလောဆယ် ငါတို့မှာ ပီအာအဖွဲ့(လူထုဆက်ဆံရေး - Public Relation Team)တောင်မရှိဘူး။ အရမ်းစိတ်တိုဖို့ကောင်းတာပဲ"

ယေဘူယျအားဖြင့် ကျိုးဖေး၏အလုပ်မှာ ဇီယန်အတွက် အချိန်ဇယား စီစဉ်ပေးပြီး လက်ထောက်အဖြစ်ဆောင်ရွက်ရသည်။ သို့သော် အင်တာနက်ပေါ်တွင် လူထုအမြင်နှင့်ပတ်သက်၍ ကိုင်တွယ်ရန် ပီအာအဖွဲ့တစ်ခုလိုအပ်ပေသည်။ ကောင်းမွန်သည့် ပီအာအဖွဲ့သည် ဝက်တစ်ကောင်ကိုပင် ဩဇာကြီးမားသူဖြစ်အောင် ပြောင်းလဲပေးနိုင်သည်။

လူထုဆက်ဆံရေးမှာ အရေးပါသော်လည်း ဇီယန်နှင့် ကျိုးဖေးတို့ လက်ရှိတွင် အဖော်မဲ့နေသည်။ သူတို့တွင် ရွေးချယ်စရာမရှိသော်လည်း ကုမ္ပဏီ၏ရှင်းလင်းပေးမှုဖြင့် ရှုံးတွင် ပြန်ပါနိုင်သည်။

သန်းခေါင်အကျော်မှ ည ၂ နာရီအထိ ဗီဒီယို၏အောက်တွင် မှတ်ချက်များ တဖြည်းဖြည်းလျော့နည်းလာသော်လည်း လီချန်း၊ ဖက်တီးနှင့် အခြားနှစ်ယောက်မှာ ဤသည်က အစတစ်ခုသာဖြစ်ကြောင်း သိကြသည်။ နောက်တစ်နေ့မနက်မိုးလင်းသည်နှင့် ဤဗီဒီယို၏ရေပန်းစားမှုမှာ ထိပ်ဆုံးဖြစ်သွားပေမည်။ လူထု၏အမြင်ဖြင့် ဖိနှိပ်ခံရပြီးနောက် ဇီယန်သည် နောင်တွင် ပြဿနာများစွာကို ရင်ဆိုင်ရဖွယ်ရှိသည်။

နောက်တစ်နေ့ မနက်ခြောက်နာရီတွင်...

"အမ်.."

မုန့်မုန့်သည် ရုတ်တရက် မျက်လုံးများကို ဖွင့်လိုက်ပြီး ပတ်ဝန်းကျင်အား ကြောင်အကာ ကြည့်လိုက်သည်။ သူမလေးသည် နှုတ်ခမ်းများကို မဲ့လိုက်ကာ စတင်ငိုလေတော့သည်။ "အူးဝါး...."

ဝုစ်...

ကျန်းဟန် မျက်လုံးဖွင့်ကာ ထထိုင်လိုက်ပြီး မုန့်မုန့်အား သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

ဤအဖြစ်အပျက်မှာ သူ့အတွက် တစ်စက္ကန့်ပင်မကြာလိုက်ချေ။

"ဘာဖြစ်တာလဲ မုန့်မုန့်။ သမီးအိပ်မက်မက်နေတာလား။ ဒီမှာ ဖေဖေရှိတယ် မကြောက်နဲ့နော်..." ကျန်းဟန်သည် မုန့်မုန့်၏ခေါင်းလေးအား ပွတ်သပ်ပေးရင် နူးညံ့စွာပြောသည်။

"ဝူးဝါး..." မုန့်မုန့်၏ငိုသံမှာ အားပျော့သွားပြီး "ဖေဖေ သမီးကြောက်တယ်"

"မကြောက်ကက်နဲ့ မုန့်မုန့်။ ဖေဖေ သမီးအိပ်မက်ထဲက လူဆိုးတွေကို ရိုက်နှက်ပြီး မောင်းထုတ်လိုက်မယ်" ကျန်းဟန်က လက်ဖဝါးကို ဝှေ့ယမ်းင်း ပြုံး ကာပြောသည်။ "ဖေဖေကိုကြည့်...ယား..ရှော့....ဖေဖေ လူဆိုးတွေကို လွယ်လွယ်လေး အနိုင်ယူပြီး မောင်းထုတ်နိုင်တယ်"

"ဝါး..." မုန့်မုန့်မှာ အငိုတိတ်သွားသော်လည်း သူမလေး၏မျက်လုံးများတွင် မျက်ရည်များ ပြည့်နေဆဲဖြစ်သည်။ သူမသည် ကျန်းဟန်အား အပြစ်ကင်းစင်စွာ မော့ကြည့်လိုက်ပြီး တုံ့ဆိုင်းနေသည့်အသံဖြင့် ပြောလိုက်သည်။

"ဒါပေမယ့်...လူဆိုးက ဘိုးဘိုးလေ"

"ဘာ" ကျန်းဟန် အနည်းငယ် အံ့အားသင့်သွား၏။ ပြီးမှ သူက ရယ်မောရင်း "မုန့်မုန့်က ဘိုးဘိုးကို အိပ်မက်မက်နေတာလား။ သမီးသူ့ကို မတွေ့ဖူးပဲနဲ့ ဘယ်လို

အိပ်မက်မက်တာလဲ။ သမီးဘိုးဘိုးကို အိပ်မက်မက်တာဆို ဘာလို့ ငိုနေရတာလဲ”

“ဖေဖေ ဘိုးဘိုးက အရမ်းကြောက်ဖို့ကောင်းတယ်” မုန့်မုန့်က ကျန်းဟန်၏ရင်ခွင်ထဲမှ ထွက်လိုက်ပြီး သူ၏ဘေးတွင် ဝင်ထိုင်ကာ အမူအရာလုပ်ပြရန် သူမ၏လက်ကလေးနှစ်ဖက်ကို ဆန့်ထုတ်လိုက်သည်။

“သူ့မှာ ခေါင်းပေါ်က ချိုအကြီးကြီးနှစ်ချောင်းရှိတာ့။ သူက တာဟေးထက်ပိုပြီး ကြီးတယ်။ သူ့မျက်နှာက သမီးတို့နဲ့အတူဘဲ အပြာရောင်ကြီး။ ဆံပင်ကလည်း အရှည်ကြီးနဲ့ အမြီးလည်းရှိတယ်။ သူက ကလေးတွေကို စားရတာ ကြိုက်တယ်။ သူက မုန့်မုန့်ကို ကိုက်စားချင်နေတာ”

“အဟမ်း...”ကျန်းဟန်မှာ အနည်းငယ် တောင့်တင်သွားပြီး ကူရာမဲ့သည့်လေသံဖြင့် ပြောလိုက်သည်။ “မုန့်မုန့် အဲဒါက မနေ့ညက ဖေဖေ ပြောပြတဲ့ ပုံပြင်မဟုတ်လား။ အဲဒါက လူသားမဟုတ်ဘူး ဘီလူးကြီးပဲ။

သမီးဘိုးဘိုးက လူသားလေ။ ဖေဖေနောက်မှ သမီးဘိုးဘိုးဆီခေါ်သွားပေးမယ်”

“သမီး ဘာလို့ ဘိုးဘိုးနဲ့ ဖွားဖွားကို မတွေ့တာလဲ။ မုန့်မုန့်မှာ ဘိုးဘိုးဖွားဖွားမရှိလူးလား။ ရီဟာန်မှာ ဘိုးဘိုးနဲ့ဖွားဖွားရှိတယ်” မုန့်မုန့်က နှုတ်ခမ်းလေးစူကာ မကျေမနပ်ပြောလိုက်သည်။

“ရှိတာပေါ့” ကျန်းဟန်က မုန့်မုန့်၏ခေါင်းလေးကို ပွတ်သပ်လိုက်ပြီး “သမီး အဘိုးနဲ့အဖွားက အရမ်းသဘောကောင်းတယ်။ ဒါပေမယ့် သူတို့က အဝေးကို ရောက်နေကြတာ။ ဖေဖေက တစ်နှစ်အတွင်း သူတို့ကိုခေါ်လာပြီး မုန့်မုန့်နဲ့ တွေ့နိုင်မှာပါ”

“တကယ်လား” မုန့်မုန့်၏မျက်လုံးများ တောက်ပလာသည်။

“တကယ်ပေါ့” ကျန်းဟန်က လေးနက်စွာ ခေါင်းညိတ်သည်။

"ဘိုးဘိုးနဲ့ ဖွားဖွားက သမီးကိုတွေ့ရင် သဘောကျမှာလား"

မုန့်မုန့်သည် စိုးရိမ်သည့်အရပ်အယောက်များ ပြသသည်။ သူမလေးသည် နှုတ်ခမ်းလေးစူက လက်သေးသေးလေးများကို ဆုပ်ကိုင်၍ ဆက်ပြောသည်။ "သူတို့က မုန့်မုန့်ကို သဘောမကျရင် ဘယ်လိုလုပ်မလဲ"

"အဲ့လို မဖြစ်ပါဘူး" ကျန်းဟန်က "မုန့်မုန့်က ကမ္ဘာပေါ်မှာ ချစ်စရာအကောင်းဆုံးမိန်းကလေးဆိုတော့ သူတို့က သေချာပေါက် မုန့်မုန့်ကို သဘောကျမှာ"

"အန်တီဖေဖေးက သမီးမေမေဖရဲ့ အဘိုးအဖွားတွေက ကလေးတွေကို သဘောမကျဘူးလို့ ပြောတယ်။ မေမေက သူတို့ဖုန်းခေါ်ရင် အပြင်ကို ထွက်သွားတာ" မုန့်မုန့်က မကျေမနပ် ပြောသည်။

"အာ...သူတိုက သမီးကို တွေ့ရင် သဘောကျသွားမှာပါ"

ကျန်းဟန်သည် ခဏလောက် အတွေးနက်သွားသည်။ မုန့်မုန့်၏စကားများအရ ဇီယန်၏မိသားစုသည် မုန့်မုန့်အကြောင်း မသိရှိချေ။ ဖခင်မရှိဘဲ မွေးဖွားခဲ့ရသည့်အတွက် သူမတွင် အခက်အခဲများ ရှိနေပေမည်။ ထို့ပြင် ကျန်းဟန်သည် ဇီယန် ဘယ်ကနေလာသည်ကို မသိရှိသော်လည်း သူမ၏ဟန်ပင်၊ သိမ်မွေ့သည့်အပြုအမူများအရ သူမသည် သာမန်မိသားစုတစ်ခုမှ မဟုတ်ကြောင်း သိလေသည်။

သို့သော် ဤအကြောင်းကို နက်နက်ရှိုင်းရှိုင်းတွေးတောရန် မရည်ရွယ်ချေ။ ကျန်းဟန်သည် သူ၏မိဘများကို ရှာမတွေ့သေးသည့်အတွက် အခြားအသေးအမွှာကိစ္စများကို စိတ်ပူနေရန် အဆင်သင့်မဖြစ်သေးချေ။

"ဖေဖေတို့ ထသင့်ပြီ။ ဖေဖေ သမီးကို အင်္ကျီလဲဖို့ ကူညီပေးမယ်။ ဝမ်ရီဟန် ခဏနေရင် ရောက်လာတော့မယ်။

သမီးအိပ်ရာထဲမှာပဲ ရှိသေးတာကို တွေ့သွားရင် ရှက်စရာကြီး” ကျန်းဟန်က ရယ်မောကာ ပြောလိုက်သည်။

“ထပြီးတော့ အင်္ကျီလှလှလေးတွေ လဲရအောင်” ဝမ်ရီဟန်၏အကြောင်းကို ကြားသည့်အခါ မုန့်မုန့်သည် တက်ကြွသွားပြီး အမြန်ထ၍ အင်္ကျီလဲပေးရန် တောင်းဆိုလေသည်။

ကျန်းဟန် ဗီရိုကို ဖွင့်လိုက်သည်။ ဤဗီရိုတွင် မုန့်မုန့်၏အဝတ်အစားများက ၉၈ ရာခိုင်နှုန်း၊ ဇီယန်၏အဝ၀်အစားများက ၁.၉ ရာခိုင်နှုန်းနှင့် ကျန်သည့် ၂ စုံစာ ဝ.၁ ရာခိုင်နှုန်းက ကျန်းဟန်အပိုင်ဖြစ်လေသည်။

သူသည် မုန့်မုန့်အတွက် အပြာရောင် ပေါ့ပေါ့ပါးပါးဝတ်စုံနှင့် အားကစားဝတ်စုံအချို့ကို ထုတ်ယူလိုက်သည်။

ကုတင်နားရောက်သည့်အခါ မုန့်မုန့်၏ ဝက်ဝံရုပ် ညဝတ်အင်္ကျီကို ချွတ်လိုက်ပြီး အပြာရောင်အားကစားဝတ်စုံကို

ဝတ်ဆင်ပေးလိုက်သည်။ ကျန်းဟနသည် အဝတ်အစားများ အမြန်ဝတ်ကာ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ မုန့်မုန့်သည် ထုံးစံအတိုင်း ဆိုဖာပေါ်တွင် တီဗီကြည့်နေခဲ့ပြီး ကျန်းဟန်သည် မီးဖိုချောင်တွင် မနက်စာ ပြင်ဆင်နေခဲ့သည်။

ခုနှစ်နာရီထိုးခါနီးတွင် ကျောက်ဖုန်းသည် စားသောက်ဆိုင်သို့ ရောက်လာခဲ့သည်။ သူသည် မီးဖိုချောင်သို့ တည့်တည့်လျှောက်သွားကာ ပြောလိုက်သည်။

"ဆရာ လုံခြုံရေးကုမ္ပဏီလုပ်ဖို့ ညှိနှိုင်းပြီးသွားပြီ။ အားလုံးပေါင်း လူ ၅၀ လောက်ရှိတယ်။ အားလုံးက ကျွန်တော့် ညီအစ်ကိုတွေမလို ယုံကြည့်လို့ရပါတယ်"

"ကောင်းပြီ" ကျန်းဟန်က တည်ငြိမ်စွာ ခေါင်းညိတ်သည်။

"သူတို့အတွက် တရားဝင် လေ့ကျင့်ရေးတွေ စီစဉ်ပေးဖို့ရည်ရွယ်ထားပြီးတော့ သူတို့ရဲ့ တစ်ဦးချင်း တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးဖို့ ရည်ရွယ်ထားပါတယ်။ ပြီးတော့ လုံခြုံရေးကုမ္ပဏီတစ်ခုမှာ လုပ်ကိုင်တာနဲ့

ပတ်သက်တဲ့ ကျင့်ဝတ်နဲ့ ပရော်ဖက်ရှင်နယ် အသိပညာတွေကို သင်ခန်းစာ ပို့ချပေးမယ်။ အဲဒီအတွက် သူတို့ ဖုန်းမင်ကလပ်မှာ လေ့လာသင့်တယ်လို့တော့ ကျွန်တော် မထင်ဘူး။ ကျွန်တော်တို့ ရုံးခန်းအဆောက်အဦး ငှားရမလား။ ဆရာဘယ်လိုထင်လဲ” ကျောက်ဖုန်းက မေးသည်။

“အဲဒီအဖွဲ့မှာ မိန်းကလေး ဘယ်နှယောက်ရှိလဲ” ကျန်းဟန်က နောက်လှည့်ကာ ကျောက်ဖုန်းအား ကြည့်လိုက်သည်။

သူသည် လုံခြုံရေးကုမ္ပဏီအား စိတ်မဝင်စားပေ။ ကျန်းဟန်သည် ဇီယန်အတွက် အနည်းငယ် ပို၍ သက်သောင့်သက်သာဖြစ်စေရန် အမျိုးသမီးကိုယ်ရံတော်အချို့ စီစဉ်ရန် ရည်ရွယ်၍ ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဇီယန်မှာ အလုပ်လုပ်ရန် စိတ်အားထက်သန်နေသည့်အတွက် သူမအား သူ၏လူအနည်းငယ်ထည့်ပေး၍ အပြင်လွှတ်ရလျှင် သူ စိတ်ချရပေမည်။

"မိန်းကလေး ခြောက်ယောက်ပဲရှိပါတယ်" ကျောက်ဖုန်းက အနည်းငယ် အပြစ်ရှိသည့်လေသံဖြင့် ပြောသည်။

ထိုအမျိုးသမီးခြောက်ယောက ကျောက်ဖုန်း ခေါ်လာခဲ့ခြင်းဖြစ်သည်။

"အဲဒါဆို လုံလောက်ပါပြီ" ကျန်းဟန်က ခေါင်းညိတ်လိုက်ပြီး "သူတို့ရဲ့ တစ်ကိုယ်ရည် တိုက်ခိုက်ရေးစွမ်းရည်ကို မြှင့်တင်ပေးဖို့အတွက် စိတ်ပူစရာ မလိုပါဘူး။ လဆန်းပင်လယ်ကွေ့ရဲ့ နောက်က တောင်ခြေရင်းမှာ သောင်ပြင်တွေရှိတာ သတိထားမိတယ်။ သူတို့ကို စုစည်းပြီး အဲဒီမှာ လူစုထားလိုက်။ ငါ နည်းစနစ်တချို့ သင်ပေးလိုက်မယ်။ သင့်တော်တဲ့ရုံခန်းအဆောက်အဦးငှားနှာ၊ ဘားဖွင့်တာတွေက မင်းကိုယ်တိုင်ပဲ လုပ်လိုက်ပါ"

"ဟုတ်ကဲ့ပါ" ကျောက်ဖုန်းက အံ့သြစွာဖြင့် "ဆရာ သင်လို့ရနိုင်တဲ့ ကျွမ်းကျင်မှုတွေကို ရှာတွေ့ပြီလား"

"အများကြီးရှိပါတယ်။ ဒါပေမယ့် အဲ့ဒါတွေက အဆင့်နိမ့်လွန်းတယ်။ သူတို့ အဲဒါတွေကို အရင်ဆုံး လေ့ကျင့်ထားနိုင်တယ်" ကျန်းဟန် ပေါ့ပေါ့ပါးပါး ပြန်ဖြေသည်။

"အရမ်းနိမ့်တယ်လား..." ကျောက်ဖုန်း ခဏနှဲ့သွားပြီး "ဆရာ ဆရာသူတို့ကိုသင်ပေးမှာလား။ ကျွန်တော်ကော ကျွန်တော် သူတို့နဲ့ အတူတူ သင်ရမှာလား ဒါမှမဟုတ်..."

"ဟားဟားဟာ..." ကျောက်ဖုန်း၏စကားများက ကျန်းဟန် ရယ်မောသွားစေသည်။ "မင်းက အတန်းသင့်ကောင်းတဲ့ စွမ်းရည်တစ်ခု သင့်ရမယ်။ ငါရွေးပြီးသွားပြီ။ မင်းရဲ့ ရုပ်ပိုင်းဆိုင်ရာစွမ်းရည်ကို ကြည့်ရရင် မင်း ရိုးရှင်းအတဲ့ တစ်ခုကို လေ့ကျင့်နိုင်လောက်မယ်လို့ ငါထင်တယ်"

“ကောင်းလိုက်တာ” သူ၏စကားကိုကြားသည့်အခါ ကျောက်ဖုန်း ဝမ်းသာအားရပြောသည်။ “ကျွန်တော့်ကို သင်ပေးမယ့် စွမ်းရည်ရဲ့ နာမည်က ဘာလဲဟင်”

“မဟာ့ရာနတ်ဆိုးအရိပ်”

“ကြားရတာ စွမ်းအားကြီးမယ့်ပုံပဲ။ ဆရာ ဆရာက အရမ်းအံ့သြစရာကောင်းတယ်။ အဲဒါက ဘယ်အဆင့် စွမ်းရည်လဲ” ကျောက်ဖုန်း စိတ်လှုပ်ရှားစွာ ပြောသည်။

“အဲဒါက အရိပ်သန့်စင်ခြင်းကမ္ဘာက နတ်ဆိုးတစ်ယောက်ရဲ့ နည်းနည်းအဆင့်မြင့်တဲ့ စွမ်းရည်တစ်ခုပါပဲ။ အလျင်နဲ့ ခွန်အားကို ဦးတည်တယ်။ မင်းက မီးကျောက်စိမ်းနှင်းစက်ကို အသုံးပြုထားတဲ့အတွက် မင်းရဲ့ရုပ်ပိုင်းဆိုင်ရာအရည်အသွေးက အများကြီးတိုးတက်လာပြီးတော့ ရိုးရှင်းတဲ့ဗားရှင်းကို လေ့ကျင့်နိုင်မှာပါ။ နည်းနည်းတော့ အခက်အခဲရှိမှာပေါ့။ မင်း ချီသန့်စင်ခြင်းအဆင့်ကို ရောက်ပြီးရင်တော့

နတ်ဆိုးအရိပ်နည်းစနစ်ကို စတင်လေ့ကျင်ပြီး မဟူရာနတ်ဆိုးအရိပ်ကို ကျင့်ကြံနိုင်တယ်” ကျန်းဟန်က ရိုးရှင်းစွာ ရှင်းပြသည်။

ကျောက်ဖုန်း မှင်တက်သွားသော်လည်း စကားလုံးများစွာကို သူ၏စိတ်ထဲတွင် ပေါ်လာခဲ့သည်။ မဟူရာနတ်ဆိုးအရိပ်၊ အရိပ်သန့်စင်ခြင်းကမ္ဘာမှာ နတ်ဆိုး၏စွမ်းရည်၊ အလျင်၊ ခွန်အား၊ မီးကျောက်စိမ်းနှင်းစက်၊ နတ်ဆိုးအရိပ်နည်းစနစ်…

ဘုရားရေ…ငါနောက်ဆုံးတော့ တိုးတက်နိုင်တော့မယ်…

“ဟားဟားဟား….တာပေား..ဒီစွမ်းရည်ကို အောင်မြင်အောင် ကျင့်ကြံပြီးတာနဲ့ ငါမင်းကို လက်စားချေမယ်…”

ခဏလောက် စဉ်းစားပြီးနောက် ကျောက်ဖုန်း ဝမ်းသာသွားသည်။

သို့ေသာ် ကျန်းဟန်က သူ၏ပျော်ရွှင်မှုပေါ် ရေးအေးဖြင့် လောင်းချလိုက်၏။

"မင်း တာပေးကို အနိုင်ယူချင်ရင် အနည်းဆုံး ချီသန့်စင်ခြင်းအဆင့်ကို ရောက်ဖို့လိုလိမ့်မယ်"

"ဟားဟား..ဟမ်" ကျောက်ဖုန်း အေးခဲသွားပြီး ရင်နာသွားရ၏။

"ဆရာ တာပေးက ဘာလို့ ဒီလောက် ကြောက်ဖို့ကောင်းရတာလဲ။ ချီစွမ်းအားမာစတာကပဲ သူ့ကိုအနိုင်ယူနိုင်တာလား" ကျောက်ဖုန်း ရှုံ့မဲ့နေရင်း ပြောသည်။

"အင်း" ကျန်းဟန် ခေါင်းညိတ်လိုက်သည်။

ချီစွမ်းအားမာစတာကဲ့သို့ ထိပ်တန်းသိုင်းပညာရှင်ကသာ တာပေးအား အနိုင်ယူနိုင်သည်ဟု သူဆိုလိုသည်။ သို့သော် တာပေးနှင့် ယှဉ်နိုင်သည့်

အထွတ်အထပ်အဆင့်စစ်သည်တော်များလည်း ရှိနိုင်ပေ၏။ အထွတ်အထိပ်အဆင့်စစ်သည်တော်တွင် မှော်လက်နက်တစ်ခုရှိခဲ့ပါက တာပေား ဒုက္ခရောက်ပေမဥ္။ တာပေားသည် ခုခံနိုင်စွမ်းကောင်းသော်လည်း သာမန်စားနှင့် သေနတ်များကိုသာ ခုခံနိုင်သည်။

သူတို့တွင် အဆင့်မြင့်လက်နက်များရှိနေပါက ခုခံနိုင်မည်မဟုတ်ချေ။

ကျန်းဟန်၏အဖြေကို ကြားလိုက်ရပြီးနောက် ကျောက်ဖုန်းမှာ နှစ်စက္ကန့်ကြာ အေးခဲသွားသည်။ “ကောင်းပြီ…ကျွန်တော် တစ်ဆင့်ပြီးတစ်ဆင့် သင်ယူမယ်။ တာပေားက တွန်းလိုက်တဲ့အခါ နောက်ကို ခုနှစ်မီတာ ရှစ်မီတာလောက် လွင့်မသွားရင်ကို အရမ်းကောင်းနေပြီ”

ပြောပြီးသည်နှင့် ကျောက်ဖုန်းသည် ပျော်ရွှင်သော အမူအရာဖြင့် စားပွဲဆီ ပြန်သွားလေသည်။

မနက်စာမှာ ခါတိုင်းကဲ့သို့ပင် လူပြည့်နေ၏။ တန်းစီစောင့်နေသည့်လူများမှာ ပို၍ များလာခဲ့သည်။ အခြားနယ်မြေမှ စားသုံးသူအသစ်များပင် မြည်းစမ်းကြည့်ရန် ရောက်လာကြသည်။

ဤဖြစ်စဉ်သည် အကျိုးသက်ရောက်မှုပုံ့နှံ့နေဆဲဖြစ်ကြောင်း ပြသနေ၏။

တံခါးရှေ့တွင် လူ ၃၀ ကျော် တန်းစီနေကြပြီး အများစုမှာပျင်းရိသဖြင့် ဖုန်းဆော့နေကြသည်။ တစ်ချို့က ဘာမှ လုပ်စရာမရှိသည့်အတွက် သူတို့၏ Weibo ကို ဖွင့်ကြည့်ကြသည်။ ဇီယန်၏အဖြစ်အပျက်က ရှာဖွေမှုအများဆုံးတွင် ပထမနေရာကို သိမ်းပိုက်ထားသည်အား သတိပြုမိခြင်းဖြင့် စတင်ခဲ့သည်။

"ဇီယန်က အရင်တုန်းကအတိုင်းလှနေတုန်းပေမယ့် သူမရဲ့အောင်မြင်မှုက အရမ်းနိမ့်ကျနေပြီ"

“သူတို့က ဘာလို့ ဒီရှိုးအတွက် အရမ်းမသာမယာဖြစ်နေကြတာလဲ”

“…”

လူငယ်နှစ်ယောက်က ပြတင်းပေါက်ရှေ့တွင် တိုးတိုးလေး ပြောနေကြ၏။ မုန့်မုန့်နှင့် ဝမ်ရီဟန်တို့ ပျော်ရွှင်စွာ စကားပြောနေသည့်အတွက် ဘာမှ သတိမထားမိလိုက်သော်လည်း ကျန်းဟန်က ၎င်းတို့အား ကြားလိုက်ရသည်။

ထိုအချိန်တွင် ကျန်းရှမ်မြို့ရှိကုမ္ပဏီတစ်ခုမှ ဝန်ထမ်းဖြစ်သော ရှောင်လီသည် သူမ၏ရိုးရှင်းသော မနက်စာကို စားပြီးနောက် ကုမ္ပဏီသို့ တက္ကစီဖြင့် သွားနေခဲ့သည်။

ရှောင်လီသည် ပျင်းရိလာသဖြင့် တက္ကစီနောက်ခန်းတွင် ဖုန်းကို ကြည့်နေခဲ့သည်။

"ဟမ်...ဒါက ငါ စတူဒီယိုမှာ ရှိတုန်းက ဖြစ်ခဲ့တဲ့ အဖြစ်အပျက်မဟုတ်လား"

...

-အပိုင်း(၂၁၇) ပြီး

wunzinnosp

အပိုင်း(၂၁၈) အဖြူနှင့်အမဲ

ဗီဒီယိုကို တွေ့လိုက်ပြီးနောက် ရှောင်လီသည် သိချင်စိတ်ဖြင့် ဖွင့်ကြည့်လိုက်သည်။ ဗီဒီယိုအား တည်းဖြတ်ပြင်ဆင်ထားသည်ကို တွေ့လိုက်ရပြီးနောက် သူမ၏မျက်ခုံးများ တွန့်သွားလေသည်။

"ဘာလို့ သူတို့က ဒိုင်မှတ်ချက်တွေကို ဖြတ်ပစ်ထားတာလဲ။ သူတို့က သူများတွေကို လှည့်စားချင်နေတာထင်တယ်"

ရှောင်လီသည် ကောမန့်ပေးသည့်နေရာကို ဖွင့်လိုက်ရာ လူအများစုသည် ဒိုင်သုံးယောက်ကို ထောက်ခံကြသည်ကို တွေ့လိုက်ရ၏။

ဤဗီဒီယိုတစ်ခုတည်းက ဒိုင်သုံးယောက်ကို မှန်ကန်သည်ဟု ထင်မြင်စေသော်လည်း အမှန်မှာ ထိုသို့ မဟုတ်ခဲ့ချေ။

ရှောင်လီသည် သူမ၏ဖုန်းထဲတွင် သိမ်းထားသည့် ဗီဒီယိုအပြည့်အစုံကို ကြည့်ရှုလိုက်ပြန်သည်။ ထိုနောက် သူမ တိတ်ဆိတ်သွား၏။

သူမ ဒါကို တင်လိုက်သင့်လား...။

သူမသည် အလုပ်များသူမဟုတ်သဖြင့် အနည်းငယ် ချိတုံချတုံဖြစ်နေခဲ့သော်လည်း ဒိုင်သုံးယောဦးက်၏ Weibo ကို ကြည့်လိုက်မိသည်။ ရလဒ်အနေဖြင့် ဇီယန်သည် ဒေါသထွက်သဖြင့် ပြောဆိုခဲ့ကြောင်း

အကျဉ်းချုပ်စွပ်စွဲထားသည့် ရှင်းလင်းချက်တစ်ခုကို သူတို့သုံးဦးမှ ထုတ်ပြန်ထားကြောင်း သူမ တွေ့လိုက်ရသည်။

"သူတို့က ဒါကို အပေါ်စီးက နေချင်တာပဲ"

ရှောင်လီက မျက်ခုံးပင့်လိုက်ပြီး တစ်မိနစ်ခန့် တုံ့ဆိုင်းသွားသည်။ နောက်ဆုံးတွင် သူမသည် ဖုန်းထဲရှိ ဗီဒီယိုအပြည့်အစုံကို သူမ၏အကောင့်တွင် တင်ပေးရန် ဆုံးဖြတ်လိုက်သည်။

ကျန်းရွှမ်တီဗီဌာနနှင့်ပတ်သက်သည့် အဖြစ်အပျက် အပြည့်အစုံ။

ရှောင်လီသည် Weibo သုံးရသည်ကို နှစ်သက်သဖြင့် သူမတွင် ဖော်လိုဝါ တစ်သောင်းခန့်ရှိခဲ့သည်။ အရေအတွက် အရမ်းမများသော်လည်း သူမတွင် ဗီအဆင့် ဖော်လိုဝါများဈွာ ရှိပေသည်။ ဗီဒီယိုအား တွေ့လိုက်ရပြီးနောက် သိချင်စိတ်ဖြင့် ဖွင့်ကြည့်ကြသည်။

"စိတ်ဝင်စားစရာပဲ။ ဒီဗီဒီယို ပြန့်သွားတဲ့အချိန်ကျရင် လူထုဆီက ပြင်းထန်တဲ့ တုံ့ပြန်မှုတွေ ထွက်လာလိမ့်မယ်"

ဤအဖြစ်အပျက်သည် အလွန်ရေပန်းစားနေပြီး ဤဗီဒီယို၏ကြောင့် ဖော်လိုဝါအများအပြားရရှိနိုင်သည့်အတွက် အင်ဖလူရန်ဇာများက ၎င်းကို ထပ်ဆင့်မျှဝေခဲ့ကြသည်။

ထို့ကြောင့် ဤဗီဒီယိုသည် တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ပျံ့သွားခဲ့ပြီး ရှာဖွေမှုအများဆုံးတွင် နံပါတ် ၁၀ သို့ရောက်ရန် တစ်နာရီသာ ကြာခဲ့သည်။

ဇီယန်၏သဘောထားကို ရှုတ်ချသည့်စကားများ ရပ်တန့်သွားပြီး လူအများပြားက ချက်ချင်း ထိုဗီဒီယိုကို အာရုံစိုက်လာကြသည်။

ထိုဒိုင်နစ်ယောက်၏အကဲဖြတ်မှုများမှာ လွန်လွန်းလေသည်။ သို့သော် နောက်မှ ပေါ်ထွက်လာသည့် အမျိုးသမီးက သူတို့အား ပြင်းထန်စွာ ကြိမ်းမောင်းလေ၏။

ဗီဒီယိုက သူမအား ပြစ်တင်ရှုတ်ချနေကြသည့် လူအများကို ငြိမ်သက်သွားစေခဲ့သော်လည်း လူအများစုမှာ သူမအား ပြစ်တင်မှုရပ်တန့်ကာ ဒိုင်လူကြီးများအား ထောက်ခံနေကြဆဲဖြစ်သည်။ အစီအစဉ်ရှိ ဒိုင်လူကြီးများသည် ဆရာများကဲ့သို့ပင် သူတို့ တွေးထင်ထားကြသည့်အတွက် သူတို့အား လေးစားကာ ဝေဖန်မှုကို ကျိုးနွံစွာ နားထောင်ရပေမည်။

လူဆယ်ပုံတစ်ပုံအောက်ကသာလျှင် ဇီယန်အား ထောက်ခံခဲ့ကြသည်။ ၎င်းတို့သည် ဇီယန်၏ယခင် ပရိသတ်များဖြစ်ကြသောကြောင့်သာမက ဒိုင်များ၏စကားများမှာ အလွန် လွန်ကဲလွန်းသည်ဟု အမှန်တကယ် ယုံကြည်သောကြောင့်ဖြစ်သည်။ အစီအစဉ်အား လူအများကို ပြသခဲ့ပြီးဖြစ်ရာ အဘယ်ကြောင့် သာယာသည့်လေထုကို ဖန်တီးရန် မကြိုးစားခဲ့ကြသနည်း။ အဘယ်ကြောင့် ဤမျှ ရိုင်းပျသော မှတ်ချက်များကို ပြောခဲ့ကြရသနည်း။

အင်တာနက်သုံးစွဲသူများက မည်သို့ပင် ရွေးချယ်ခဲ့ပါစေ ဤအဖြစ်အပျက်မှာ လုံးဝ လှုပ်လှုပ်ရွရွဖြစ်သွားခဲ့ပေသည်။

သို့သော် ဗီဒီယို၏အပြည့်အစုံဗားရှင်းက ဇီယန်နှင့်ကျိုးဖေးအား စိတ်သက်သာရရသွားစေခဲ့သည်။ လူထု၏သဘောထားသည် ပြင်းထန်သည့်အတွက် သူတို့အပေါ် ဖိအားများစွာ သက်ရောက်စေသည်။ ယနေ့ခေတ်တွင် အင်တာနက်သုံးစွဲသူများ၏စွမ်းအားမှာ အလွန်အားကောင်းလာပေသည်။ အကယ်၍ မှတ်ချက်များက တစ်ဖက်စောင်းနင်းဖြစ်နေခဲ့ပါက ဤမတည်ငြိမ်မှုသည် ပေကျင်းရှိ ဇီယန်၏လက်ရှိ အစီအစဉ်ကို ထိခိုက်စေနိုင်သည်။

ကံကောင်းစွာဖြင့်ပင် အပြည့်အစုံဗားရှင်းက ထွက်လာခဲ့၏။ ဇီယန်သဉ် လူများတွင် တရားမျှတမှုရှိမည်ဟု ယုံကြည်သည်။ သို့သော် ဒိုင်သုံးယောက်တွင် ဆိုးရွားသည့်အကျင့်စရိုက်ရှိလိမ့်မည်ဟု သူမ မမျှော်လင့်ထားခဲ့ပေ။

ကျန်းရှမ်မြို့ရှိ ဟုန်ရှမ်ကလပ်၏ ဇိမ်ခံအခန်းများအတွင်း၌…

လူဝကြီး၊ မျက်မှန်တပ်ထားသည့် ခပ်ပိန်ပိန်လူနှင့် ဆံပင်ဆံတောက်ဖြင့် သက်လတ်ပိုင်းလးတို့ စုစည်းနေကြသည်။

"ယီးပဲ။ ဘယ်က ဝင်နှောက်တဲ့ကောင်လဲ"

ဗီဒီယိုဖိုင်ကို သူတို့သုံးယောက် ကြည့်ရှုပြီးနောက်တွင် ပိန်ပိန်လူက ဆဲရေးလိုက်သည်။

"ကံကောင်းလို့ ငါတို့ အချိန်မီပြင်ထားပြီးပြီ။ အပြည့်အစုံဗားရှင်းကို ထုတ်ပြတယ်ဆိုတာ ဘာမှမဟုတ်ပါဘူး" လူဝကြီးက လှောင်ပြောင်ပြောသည်။

"အရင်ဆုံး ပို့စ်တင်ရမယ်" ဆံပင်ဆံတောက်ဖြင့် အမျိုးသားက လက်တော့ကိုထုတ်ကာ သူ၏ Weibo ကို ဖွင့်၍ ပို့စ် တစ်ခု တင်ခဲ့သည်။

မနေ့ညက ထွက်လာတဲ့ ဗီဒီယိုက တကယ်ကို ဖြတ်ထားခဲ့ပါတယ်။ ဗီဒီယိုကို ရလာတဲ့အချိန်ကတည်းက ဖြတ်ထားပြီးသားပါ။ အစီအစဉ်ကို ပုံမှန်အတိုင်း ထုတ်လွှင့်နေပေမယ့် သူတို့ရဲ့ဆိုးရွားတဲ့ ပြုမူပုံကြောင့် ဧယန်ရဲ့ ပြကွက်အားလုံးကို တိုက်ရိုက်တည်းဖြတ်ခဲ့ပါတယ်။ ဒီလိုမျိုး ဆဲဆိုကြိမ်းမောင်းပြီးကတည်းက ကျုပ်တို့ဒေါသထွက်နေတယ်ဆိုတာ လူတိုင်းသိပါတယ်။ ဒါပေမယ့် အဓိကအကြောင်းအရင်းက အင်တာနက်သုံးစွဲသူတွေကို မကောင်းတဲ့ အနုပညာရှင်တွေရဲ့ အပြုအမူနဲ့ သူတို့ရဲ့ သရုပ်မှန်ကို မြင်စေချင်တာပါ။ စစ်မှန်တဲ့အနုပညာအသိုင်းဝိုင်းကို လူတိုင်းကို ပြသနိုင်ဖို့အတွက် အနုပညာရှင်တချို့ရဲ့ စကားနဲ့အပြုအမူတွေကို တကယ် ပြုပြင်သင့်ပါတယ်။

“ဒီစကားတွေကို ငါကိုယ်တိုင်တောင် မယုံနိုင်ဘူး။ ဒါပေမယ့် ငွေက ကမ္ဘာကြီးကို လည်ပတ်စေတယ်”

ဆံပင်ဆံတောက်နှင့်လူက ပို့တင်လိုက်သည့်အခါ ခံစားချက်မျိုးစုံဖြင့် ပြုံးနေ၏။

"ငါလည်း ပို့စ်တင်ထားတယ်။ ဇီယန်ရဲ့ကိုယ်စားလှယ်သာ မြင်ရင် တော်တော် ဒေါသထွက်လောက်တယ်" လူဝကြီးက ရယ်မောကာ ဆံပင်ဆံတောက်နှင့်လူအား သူ၏ကွန်ပြူတာစခရင်ကို ပြသည်။

"ဟား...ဇာတ်လမ်းဖန်တီးတဲ့နေရာမှာ မင်းက တော်တော် တော်တာပဲ။ မင်းက ငါ့ကိုတောင် လှည့်စားနိုင်လုနီးပါးပြ" ဆံပင်ဆံတောက်နှင့်လူက လက်ခုပ်တီးကာ ချီးကျူးသည်။

Weibo ပို့စ်သည်ကား...

ကျွန်တော်တို့ ကိစ္စများကို ချောချောမွေ့မွေ့ လုပ်ချင်ခဲ့သော်လည်း အကြိမ်များစွာ ဆွေးနွေးပြီးနောက် ကျွန်တော်တို့၏ကိုယ်စီအကဲဖြတ်မှုသည် လွန်ကဲခြင်းရှိမရှိ လူတိုင်း ဆုံးဖြတ်နိုင်စေရန် ဗီဒီယိုကို ထုတ်ပြန်ရမည်ဟု ကျွန်တော်တို့ ထင်မြင်ပါသည်။ ကျွန်တော်တို့သာမက

အင်တာနက်သုံးစွဲသူများလည်း သူမ၏သီချင်းများမှာ အရည်အသွေးညံ့ဖျင်းကြောင်း သိကြပေသည်။ သူမ လုပ်ခဲ့သည်များက လုံဝကို နားမလည်နိုင်လောက်အောင်ပင်။ ကျွန်တော်တို့ သုံးယောက် သူမအား နှုတ်ဆက်ဖို့အတွက် စင်နောက်ကို သွားတဲ့အခါမှာ အသိအမှတ်ပြုသည့်အနေဖြင့် လက်ပင်မလှုပ်ခဲ့ပေ။ သူမက အေးစက်သည့်အမူအရာဖြင့် အထင်သေးစွာ ကြည့်ခဲ့ပါသည်။ ဤကဲ့သို့အနုပညာရှင်မှာ စည်းကမ်းမဲ့လွန်းပါသည်။

လူဝကြီး၏စာကို ဖတ်ပြီးနောက် သူတို့နှစ်ဦး မျက်မှန်တပ်ထားသောလူ၏ဘေးသို့ ရောက်ရှိသွားကြသည်။

မျက်မှန်တပ်ထားသူသည် သူ၏ ၄၀၀ ဒီဂရီရှိသော မျက်မှန်နှင့် လိုက်ဖက်ပေသည်။ သူသည် ကျိုးဖေးနှင့် ဇီယန်တို့အား စက်ဆုပ်ရွံရှာဖွယ်ကောင်းကြောင်း စွပ်စွဲကာ စကားလုံးတစ်ထောင်ကျော်ဖြင့် ရှည်လျားသည့်စာတမ်းကြီး ရေးခဲ့လေသည်။

“စာကြောင်းတွေကြားထဲမှာ လိမ္မာပါးနပ်တဲ့ အရိပ်အယောင်တွေမြင်နိုင်တယ်။ မင်းက စာရေးသူကောင်းကောင်း ဖြစ်လာနိုင်တယ်” လူဝကြီးက သူ့အားချီးကျူးသည်။

“ဟားဟား…ငါက သူမကို ထိခိုက်စေမယ့် အခွင့်အရေးကို အသုံးချခင်ရုံပါ။ ဒီတစ်ခါက် သူမ အသေးစိတ်လုပ်လို့ ရမယ်ထင်တယ်။ ပေကျင်းက အစီအစဉ်နှစ်ခုမှာလည်း မစ္စတာလီက သူမကို ဝေဖန်ဖို့ လူတွေ စီစဉ်ထားတယ်။ သူမ အနုပညာအလုပ်တွေ ဆက်လုပ်ဖို့ ခက်ခဲလိမ့်မယ်” မျက်မှန်တပ်ထားသည့်လူက မထီမဲ့မြင်ပြုကာ ပြုံး၍ စခရင်အောက်ခြေရှိ ပို့စ်တင်သည့်ခလုတ်ကို နှိပ်လိုက်လေသည်။

၎င်းတို့တစ်ယောက်ချင်းစီသည် Weibo တွင် ဖော်လိုဝါ တစ်သိန်းကျော်သာရှိကြသည်။ ရှောင်လီ၏မီဒီယိုကဲ့သို့ပင် အရေအတွက်နည်းသော်လည်း လွှမ်းမိုးနိုင်စွမ်းရှိသူများက

တိုက်ရိုက်ပြန်၍ မှုဝေကြသည်။ ထို့ကြောင့် နာရီပိုင်းအတွင်း ပျံ့နှံ့သွား၏။ နောက်ဆုံးတွင်တော့ ဤအဖြစ်အပျက်မှာ အင်တာနက်သုံးသူများအကြား အာရုံစိုက်မှုများခဲ့ပေသည်။

အချို့သော လူများမှာ ထိုစာများကြောင့် ရွှင်လန်းလာကြပြီး အချို့မှာ စိတ်ဓာတ်ကျနေကြသည်။

ပေကျင်းကြယ်ငါးပွင့်အဆင့်ရှိ ယွဲ့လုံဟိုတယ်၏ အထူးခန်းတွင်...

"သူတို့က တော်တော်အရှက်မရှိတာပဲ။ အား....။ သူတို့ ဘာလို့ ဒီလိုမျိုးလုပ်နိုင်ရတာလဲ...။ ဒါက တိုက်ခိုက်နေတာပဲ" ကျိုးဖေးမှာ ဒေါသတကြီးဖြင့် သူမဖုန်းကို လွှင့်ပစ်လိုက်သည်။

တစ်ချိန်တည်းမှာပင် ဇီယန်သည် တိတ်ဆိတ်စွာထိုင်နေခဲ့သည်။ သို့သော် ယခုအခိုက်အတန့်တွင် သူမ၏ကောက်မက်ဖွယ်အသက်ရှူသံများနှင့် အေးစက်စက်မျက်လုံးများက သူမ၏ဒေါသကို ပြသနေခဲ့သည်။

"ဖေးဖေး ငါတို့ အစီအစဉ်ကို ရိုက်ကူးပြီးတာနဲ့ သူတို့ကို တရားစွဲမယ်" ဇီယန်က အေးစက်စွာ ပြောသည်။

"အစ်မယန် လူထုအမြင်က အစီအစဉ်ကို အချိန်ဇယားအတိုင်း ဆက်သွားပါ့မလား မသိဘူး" ကျိုးဖေးက ခေါင်းယမ်းရင်း ပြောသည်။

တင်...

ပြောနေရင်းဖြင့် ဇီယန်၏ဖုန်းက မြည်လာသည့်အတွက် သူမ ဖုန်းပြန်ဖြေလိုက်သည်။ ဖုန်းထဲမှ စကားများကို နားထောင်ရင်း ဇီယန်၏မျက်ခုံးများမှာ တဖြည်းဖြည်း ကျုံ့လာသည်။

မျှော်လင့်ထားသည့်အတိုင်းပင် မနက်ဖြန်အစီအစဉ်မှာ သဘက်ခါအထိ ရွှေ့ဆိုင်းလိုက်သည်။ ထို့ပြင် ဇီယန် အစီအစဉ်တွင် ပါဝင်နိုင်မည်လားဆိုသည်ကို အစီအစဉ်၏ဌာနခွဲတွင် ဆွေးနွေးမည်ဖြစ်သည်။

ဆိုလိုသည်မှာ အစီအစဉ်၌ာက စောင့်ကြည့်ချင်သေးသည်။ အင်တာနက်သုံးစွဲသူများ၏ အထင်အမြင်များသည် ပို၍ ဆိုးရွားလာပါက သူတို့၏အစီအစဉ်တွင် ဇီယန် ပါဝင်ခွင့်ရမည်မဟုတ်ပေ။ အကယ်၍ အခြေအနေတည်ငြိမ်သွားပါက ဇီယန်သည် အစီအစဉ်တွင် ပါဝင်ခွင့်ရမည်ဖြစ်ကာ သူတို့သည် ဤမျှ ဟော့ဖြစ်နေသည့်အကြောင်းအရာကြောင် ပရိသတ်အဆင့်သတ်မှတ်ချက်များ ပို၍ ရရှိစေမည်ဖြစ်သည်။

ဟောင်ကောင် တော်ဝန်အန်တာတိတ်မန့်ကုမ္ပဏီတွင်..

လီချန်းသည် မိန်ချီ၏ရုံးခန်းထိုင်ခုံတွင် ထိုင်ကာ ဆေးလိပ်သောက်နေပြီး မိန်ချီသည် သူ၏နောက်တွင်ရပ်ကာ သူ၏ပခုံးအား နှိပ်နယ်ပေးနေသည်။

“ဒီသုံးယောက်က ဒီလောက်ထို ထိရောက်လိမ့်မယ်လို့ ကျွန်မ မမျှော်လင့်ထားဘူး။ ဇီယန်က ပေကျင်းက အစီအစဉ်ကို

ရှေ့လိုက်ရင်တော့ ဝေဖန်မှုတွေ အများကြီးရခဲ့တယ်" မိန်ချီက ရယ်မောကာ ပြောသည်။

"အမှန်ပဲ။ သူတို့ရဲ့ အမြန်နှုန်းက ငါ့ကို အံ့အားသင့်စေတယ်။ ဒါပေမယ့်ငါ အရမ်းကျေနပ်ပါတယ်" လီချန်းက ခေါင်းယမ်းကာ ပြုံးလိုက်သည်။ "ပေကျင်းက အစီအစဉ်ရဲ့ လူနှစ်ယောက်က ငွေအများကြီးတောင်းချင်နေတယ်။ ဒီကိစ္စက ငါ့ကို ငွေအများကြီး သက်သာသွားစေတယ်"

"ဒီဟော့ဖြစ်နေတဲ့ အကြောင်းအရာကို အခွင့်ကောင်းယူပြီးတော့ ပေကျင်းက အစီအစဉ်မှာ သူမ ပါမှာမဟုတ်တော့ဘူးလို့ ကျွန်မထင်တယ်။ သူမပြန်လာတဲ့အခါ ကျွန်မ သူမနဲ့ စကားပြောလိုက်ပါ့မယ်။ သူမ လှည့်စားခံရတာပဲ။ နောက်ဆုံးတော့ သူမက တဖြည်းဖြည်းနဲ့ ရှင့်ရဲ့ သိမ်းပိုက်ခံရလိမ့်မယ်။ ရှင်က တော်တော်

တဏှာကြီးတဲ့သူပဲ” မိန်ချီက အနယ်းငယ် မြှောက်ပင့်ကာ ပြောသည်။

“စိတ်မပူပါနဲ့ ငါသူမကို ရပြီးရင်တောင် မင်းရဲ့ ဒါရိုက်တာရာထူးကို ဘယ်သူမှ မကိုင်လှုပ်နိုင်ပါဘူး” လီချန်းက မိန်ချီ၏လက်ကို ပုတ်ကာ ပြောသည်။

“ရှင့်ရဲ့နှလုံးသားက နေရာမှန်မှာ ရှိတာပဲ” မိန်ချီက ပါးနပ်စွာပြောသည်။

သူတို့၏အမြင်တွင် ဇီယန်သည် အိတ်ထဲရောက်နေပြီးသား ဖြစ်ပေသည်။

လီချန်းသည် ဇီယန်အား ရရှိရန် အခွင့်အရေးကို စောင့်နေခဲ့သည်။ သို့သော် ဇီယန်တွင် ကလေးရှိနေခဲ့ပြီး အလွန်ကြောက်မက်ဖွယ်ကောင်းသည့် ကလေးအဖေကို ရှာတွေ့ထားလိမ့်မည်ဟု သူ ဘယ်တုန်းကမှ သံသယမဝင်ခဲ့မိချေ။ သူ၏တဏှာရာဂကြောင့် အရာအားလုံးကို ဆုံးရှုံးရလိမ့်မည်ဟု ဘယ်တုန်းကမှ

မတွေးခဲ့ဖူးချေ။ တဏှာရာဂသည် သင်၏ခေါင်းပေါ်တွင် တင်ထားသည့် ဓားသွားနှင့်တူညီ၏။ ဤစကားက အနည်းငယ် အကျိုးကြောင်းသင့်ပေသည်။

ထိုအချိန်၊ မုန့်မုန့်အပန်းဖြေရာ စားသောက်ဆိုင်တွင်...

မနက်စာစားပြီးနောက်တွင် စုယွီနှင့်အတူ မုန့်မုန့်နှင့် ဝမ်ရီဟာန်တို့သည် အရုပ်များဖြင့် ကစားနေခဲ့ကြသည်။ ကျန်းဟန်သည် ခဏလောက် ထိုင်နေခဲ့ပြီးနောက် ဒုတိယထပ်သို့ တက်သွားခဲ့သည်။ သူ၏လက်တော့ကို ဖွင့်ကာ Weibo ကို ဖွင့်လိုက်သည်။

မြင်လိုက်ရသည့်မြင်ကွင်းက သူ့အားထိတ်လန့်သွားစေခဲ့သည်။

ကျန်းရွှမ်တီဗီဌာနမှ အဖြစ်အပျက်သည် ရှာဖွေမှုအများဆုံးစာရင်းတွင် ပထမအဆင့်ဖြစ်နေပြီး ဗီဒီယိုအပြည့်အစုံမှာ နံပါတ်ခုနှစ်အထိ တက်လာကာ

အဆင့်ရှစ်မှ အဆင့်တစ်ဆယ်အထိသည် ဒိုင်လူကြီးများ ထုတ်ပြန်ထားသည့် အကြောင်းအရာများဖြစ်သည်။

"ကြည့်ရတာ သူမ ဒုက္ခရောက်နေတဲ့ပုံပဲ" ယမန်နေ့က ဇီယန်၏ နူးညံ့သိမ်မွေ့သော ရှိုက်သံကို သတိရမိသွားပြီး ကျန်းဟန်သည် မျက်ခုံးများပင့်လိုက်ကာ အေးစက်၍ အင်မော်တယ်စိတ်ဝိညာဉ်စွမ်းအားများပါဝင်သည့် အရိုန်အဝါအား ထုတ်ဖော်လိုက်မိသည်။

ရှာဖွေမှုအများဆုံးထိပ်ဆုံးနေရာတွင် ရှိနေသည့် ဗီဒီယိုကို ကြည့်ရှုပြီးနောက် ထိုဗီဒီယိုသည် ဇီယန်နှင့် ကျိုးဖေးတို့အား အဓိက ရည်ရွယ်ထားကြောင်း သဘာဝကျကျပင် နားလည်နိုင်သည်။

ကျန်းဟန်သည် မှတ်ချက်များနှင့် ဆက်စပ်စာမျက်နှာများကို အကဲခတ်ပြီးနောက် ရှာဖွေမှုအများဆုံးတွင် နံပတ်ခုနှစ်နေရာတွင် ရှိနေသော ဗီဒီယိုအပြည့်အစုံကို ကြည့်လိုက်သည်။ ၎င်းကို

ကြည့်လိုက်ပြီးနောက်တွင် ဘာဖြစ်နေမှန်း ကျန်းဟန် နောက်ဆုံးတွင် သိလိုက်သည်။

ထိုနောက် ကျန်းဟန်သည် ထိုသုံးယောက်၏ Weibo ကို ထပ်မံစစ်ဆေးကြည့်ရှုလိုက်ပြီးနောက် သူ၏ဖုန်းကို ကောက်ယူကာ ဇီယန်၏နံပါတ်ကို ခေါ်ဆိုလိုက်သည်။

“ဟဲလို ကျန်းဟန်” ဇီယန်၏အသံမှာ ကြွပ်ဆတ်ဆတ်ဖြင့် နားဝင်ချိုနေသေးသော်လည်း သူမ၏လေသံတွင် ပင်ပန်းနွမ်းနယ်မှုကို ခံစားလိုက်ရသည်။

“မင်း ပြန်လာနိုင်တယ်”

…

-အပိုင်း(၂၁၈) ပြီး

wunzinnosp

အပိုင်း(၂၁၉) စကားလုံးအနည်းငယ်က ဂယက်ရိုက်သွားစေခြင်း

အနည်းငယ် တိတ်ဆိတ်သွားပြီးနောက် ကျန်းဟန်က ရိုးရှင်းသော်လည်း အဓိပ္ပာယ်ပြည့်ဝသော စကားလုံးအနည်းငယ်ကို ဖွင့်ဟလိုက်သည်။

သူ၏စကားကို ကြားသည့်အခါ ဇီယန်တုန်ခနဲဖြစ်သွားပြီး သူမ၏နှလုံးသားက တဖြည်းဖြည်း အရည်ပျော်သွားလေသည်။

သူမ အလွန်ပင်ပန်းနေပြီဖြစ်၍ သူမ ဆုပ်ကိုင်ထားရန်အတွက် ခိုင်မာသော လက်တစ်စုံကို လိုချင်မိသည်။ ကျန်းဟန် အနားတွင် မရှိသော်လည်း သူ၏စကားများက သူမကို ပို၍ အခြေအနေကောင်းလာစေသည်။

"ဟင့်အင်း" ဇီယန်သည် ပါးလျသည့်နှုတ်ခမ်းလေးများကို ညင်သာစွာ ဖိကိုက်လိုက်ပြီး ပြောလိုက်သည်။ "ကျွန်မ လမ်းတစ်ဝက်ကနေ အရှုံးမပေးချင်ဘူး။ အခုလောလောဆယ်

ခက်ခဲတဲ့အခြေအနေကို ရင်ဆိုင်နေရပေမယ့် မိုးသည်းပြီးတဲ့နောက်မှာ သက်တံက အမြဲလိုက်ပါနေမယ်လို့ ကျွန်မယုံကြည်တယ်”

“မင်းပြန်လာတာနဲ့ အကြီးမားဆုံးနဲ့ အကောင်းဆုံးသက်တံကို ကိုယ်ပေးနိုင်ပါတယ်” ကျန်းဟန်က လေသံတိုးတိုးဖြင့် ပြောသည်။

ကျန်းဟန်၏အမြင်တွင် ဇီယန်သည် ကုမ္ပဏီတစ်ခုနှင့် စာချုပ်မချုပ်ခဲ့လျှင်ပင် သူမသည် သူ၏ပံ့ပိုးမှုဖြင့် ရုပ်ရှင်ဘုရင်မနေရာသို့ အလွယ်တကူရယူနိုင်သည်။

သို့သော်…ဇီယန်သည် ၎င်းကို နားမလည်ချေ။ ကျန်းဟန်မည်မျှ ကြောက်မက်ဖွယ်ကောင်းသည်ကို သူမ သေချာမသိသဖြင့် ဤအခိုက်တွင် အသာအယာနှာခေါင်းရှုတ်လိုက်ကာ ပြောလိုက်သည်။

“အလုပ်အကြောင်း မပြောချင်တော့ဘူး။ တခြားအကြောင်းပြောရအောင်။ မုန့်မုန့်ရော ဒီရက်ပိုင်း

လိမ်လိမ်မာမာနေလား။ သူ ကျွန်မကို လွမ်းနေလား။ ရှင် သူ့အတွက် အရသာရှိတာတွေ ပြင်ဆင်ပေးရဲ့လား”

ကျန်းဟန်သည် ဤရက်များအတွက် ကြယ်ပွင့်များအကြောင်းကို မပြောခဲ့သော်လည်း သူသည် ဖျော်ဖြေရေးလောကအား ရှုံ့ချသည်ဟု ဇီယန်အမြဲယုံကြည်ထားခဲ့၏။ ထို့ကြောင့် ကျန်းဟန်နှင့်အတူရှိစဉ် သူမ၏အလုပ်အကြောင်းကို မပြောချင်ခဲ့ချေ။ အငြင်းပွားရမည့်ကိစ္စရပ်များကို သူမ၏မသိစိတ်က ရှောင်ဖယ်သွားခဲ့သည်။

သို့သော် ကျန်းဟန်သည် ဖျော်ဖြေရေးလောကအား ရှုံ့ချခြင်းမရှိသည်ကို ဇီယန် မသိရှိခဲ့ပေ။ ၎င်း သူ့အတွက် အခြားအရာများနှင့် အတူတူပင်ဖြစ်သည်။

ဇီယန်၏မေးခွန်းကို ကြားသည့်အခါ ကျန်းဟန်က ပြုံးကာ ပြောလိုက်သည်။

"မုန့်မုန့်က အမြဲတမ်းလိမ္မာတဲ့ကလေးပါ။ သူက နေ့တိုင်း မင်းကိုလွမ်းနေတာ။ သိပ်မကြာခင်က ကိုယ်သူ့အတွက် ဘဲကင်လုပ်ပေးထားတယ်..."

ဇီယန်နှင့် ဆယ်မိနစ်ခန့်စကားပြောပြီးနောက် ကျန်းဟန်သည် မုန့်မုန့်အား ဖုန်းပေးရန် အောက်ထပ်သို့ ဆင်းသွားကာ သူမတို့သားအမိအား စကားပြောစေခဲ့သည်။

ကျန်းဟန်က အပေါ်ထပ်သို့ ပြန်တက်၍ လက်တော့ရှေ့တွင် ထိုင်ကာ Weibo အား ဖွင့်လိုက်သည်။

ယခုအချိန်တွင် ကျန်းဟန်၏ဖော်လိုဝါအရေအတွက်မှာ သန်း ၆၀ ကျော်တွင် တည်ငြိမ်သွားခဲ့သည်။ ဆိုလိုသည်မှာ သူသည် နာမည်ကြီးစူပါစတားများတစ်ယောက်ဖြစ်လေသည်။ သို့သော် ကျန်းဟန်က ၎င်းကိုမြင်သည့်အချိန်တွင် တည်ငြိမ်နေခဲ့၏။

သူသည် ကြိုးမဲ့မောက်စ်ပေါ်တွင် ညာလက်ကို အုပ်ကိုင်လိုက်ပြီး ဗီဒီယိုအပြည့်အစုံကို အောက်ပါစကားလုံးများဖြင့် ထပ်ဆင့်မျှဝေပေးလိုက်သည်။

“အထင်ကြီးစရာပဲ။ ဒီဝက်ငတုံးတွေက သူတို့မှာ ဂီတနားတွေရှိတယ်လို့ တကယ်ကြီးတင်နေတာလား”

ထိုနောက်တွင် သူသည် ပို့စ်တင်လိုက်၏။ ၎င်းသည် ပင်မစာမျက်နှာတွင် ကျန်းဟန် ထုတ်ပြန်ထားသည့် ဒုတိယမြောက် ပို့စ်ဖြစ်လေသည်။

ဖော်လိုဝါ သန်း ၆၀ ကျော်ရှိခြင်းက ဘာကို ဆိုလိုပါသနည်း။ တကယ်တမ်းတွင် ယနေ့ခေတ် ထိပ်တန်းအင်ဖလူရန်ဇာများမှာ ဖော်လိုဝါ ၁၀ သန်း မှ သန်း ၂၀ အထိသာ ရှိကြပြီး အချို့သော နာမည်ကြီးကြယ်ပွင့်များသာ ဖော်လိုဝါ သန်း ၃၀ မှ သန်း ၉၀ အထိ ရှိကြသည်။ သို့သော် သန်း ၁၀၀ ထက်မကျော်ပေ။

ဖော်လိုဝါ သန်း ၆၀ ရှိသည့်လူတစ်ယောက်သည် အမှန်တကယ်ကို ထူးချွန်ကြောင်း နားလည်နိုင်သည်။

ထို့ကြောင့် ကျန်းဟန် ထိုစာကို တင်လိုက်သည်နှင့် လူများစွာက ချက်ချင်းမြင်လိုက်ကြလေသည်။

“ဘုရားရေ ဟန်ယန်က သူ့ Weibo မှာ ပို့စ်တစ်ခုတင်ထားတယ်”

“ဘုရားရေ သူနောက်ဆုံးတော့ ဒုတိယမြောက် ပို့စ်ကို တင်ပြီပေါ့။ ဟန်ယန်က ဝေ့ပေါ်(Weibo) မသုံးတော့ဘူး တင်နေတာ”

“ဟေး…အဲဒါက ကျန်းရွှမ်တီဗီစတေရှင်က အစီအစဉ်ရဲ့ ဗီဒီယိုမလား”

“ဖူး…ဆရာဟန်က ဒိုင်လူကြီးသုံးယောက်ကို ဝက်ငတုံးတွေလို့ပြောလိုက်တာလား”

အစပိုင်းတွင် ဟန်ယန် ပို့စ်တစ်ခုတင်သည်ဆိုသည့်အချက်ကိုသာ လူများကာ အစိက အာရုံစိုက်ခဲ့ကြသည်။ ဗီဒီယိုအားကြည့်ရှုပြီးနောက်မှ ဗီဒီယို၏အကြောင်းကို အလေးထားလာခဲ့ကြသည်။

"ဟန်ယန်က အရမ်းတော်ပြီး ပွင့်ပွင့်လင်းလင်းရှိတယ်။ ငါသူ့ကို သဘောကျတယ်။ အဲဒီလူသုံးယောဦက်က တကယ့်ကို ဝက်ငတုံးတွေနဲ့တူတယ်"

"အမှန်ပဲ။ ငါ အဲ့သုံးယောက်အကြောင်း တစ်ခါမှ မကြာဖူးဘူး။ သူတို့အကြောင်း မင်းတို့ ကြားဖူးလား" ဤမှတ်ချက်အောက်တွင် တူညီသော မှတ်ချက်များစွာမှာ "မကြားဖူးဘူး" ဟူ၍ပင်။

"ဆရာဟန်က သူတို့သုံးယောက်ကို ဂီတနဲ့ပတ်သက်ပြီး ဘာမှ မသိဘူးလို့ ပြောတယ်ဆိုတော့ သူတို့ရဲ့အကဲဖြတ်မှတ်ချက်တွေက အဓိပ္ပာယ်မရှိတာဘ

ဖြစ်နိုင်တယ်။ သူတို့ရဲ့ဆိုးရွားတဲ့ မှတ်ချက်တွေကို ပိတ်ပင်သင့်တယ်”

“ဟုတ်တယ်။ ဆရာဟန်က ဂီတကို ကောင်းကောင်းနားလည်တဲ့သူတစ်ယောက်ပဲ။ ဒိုင်သုံးယောဉ်ကက အသုံးမကျဘူးဆိုတာ သူ့ရဲ့စကားလုံးတွေက ပြသနေတယ်။ သူတို့က နေရာရဖို့ ကြိုးနည်းနည်းဆွဲလာတာဖြစ်မယ်။ အင်း သူတို့က ကိတ်မုန့်လည်းစားချင်တယ် ဒါကိုလည်းစားချင်တယ်။ တော်တော် ရယ်ရတယ်။ ဂီတကို နားမလည်ပဲ သူများကို ဝေဖန်ချင်နေသေးတယ်”

“…”

ဆယ်မိနစ်ခန့်အတွင်း ကျန်းဟန်၏ဝေ့ပေါ်အောက်တွင် မှတ်ချက်ပေါင်း တစ်သိန်းနှင့် လိုက်ခ်ပေါင်း သုံးသိန်းခန့် ရှိသွားသည်။

သို့သော် မနက်ပိုင်းဖြစ်နေသေးသည့်အတွက် အင်တာနက်သုံးစွဲသူများစွာ မရှိကြသေးချေ။

ဆယ်နာရီဝန်းကျင်ခန့်တွင် လူအများ ထမင်းစားနားကြလေသည်။ ထိုအခါမှ သတင်းကိုမြင်လိုက်ကက်ရသည့်သူများမှာ တုန်လှုပ်သွားကြသည်။

ဗီဒီယိုအား မိနစ်အနည်းငယ်အကြာ သေချာကြည့်ရှုပြီးနောက် ဇီယန်သည် အမှန်တကယ် မတရားအနိုင်ကျင့်ခံရခြင်းဖြစ်ကြောင်း သူတို့ နားလည်ခဲ့ကြသည်။

ထို့ကြောင့် ဇီယန်အား ပြစ်တင်ရှုတ်ချခဲ့သူများမှာ ရပ်တန့်သွားသည်။

"ငါတို့က အထင်လွဲခဲ့တာပဲ။ သူတို့က ဘာမှမဟုတ်တဲ့လူတွေ။ အရည်အချင်းမရှိဘဲ ဘယ်လို ဒိုင်ဖြစ်လာတာလဲ"

“ဒါက မေးခွန်းထုတ်စရာ မလိုအောင် ရှင်းပါတယ်။ သူတို့သုံးယောက်က လူကောင်းတွေ မဟုတ်ဘူး။ အမြဲတမ်းပြဿနာရှာတဲ့ လူတွေပဲ”

“ဒီရက်တွေမှာ ဒိုင်တွေက အရမ်းစိတ်ကြီးဝင်နေခဲ့ကြတာမလား။ ကျန်းရှမ်တီဗီက တကယ်ကို အစွမ်းထက်တာပဲ။ ဘယ်သူတွေမှန်းမသိရတဲ့ မာနကြီးတဲ့လူသုံးယောက်ကို ဖိတ်ခေါ်နိုင်တယ်”

“…”

လူတိုင်းတွင် ကိုယ်ပိုင်အမြင်ရှိရုံသာမက လူတို့၏ မြင့်တက်မှုနှင့် ကျရှုံးမှုကိုလည်း နားလည်သဘောပေါက်ကြသည်။ ထို့ကြောင့် မနက်ခင်းတွင် တည်းဖြတ်ထားသော ဗီဒီယိုအား ကြည့်ရှုပြီးနောက် ဇီယန်အား အပြစ်တင်ခဲ့ကြသည်။ အပြင်ပန်းတွင် လှပနေသည်မို့ လူတိုင်းကမိန်းမလှလေးဘက်တွင် ရပ်တည်ချင်ကြသည်။

သို့သော် ဗီဒီယိုအပြည့်အစုံကို ကြည့်ပြီးနောက် နားလည်မှုလွဲအောင် ရည်ရွယ်၍ တည်းဖြတ်ထားသည့် ဒိုင်သုံးယောက်အား သိလိုက်ရသည့်အခါ သူတို့၏စိတ်က ချိန်ခွင်လျှာ ပြောင်းသွားလေသည်။

ဤအချိန်တွင် ကျန်းဟန်၏ ဝေ့ပေါ်မှ သတင်းစကားသည် လှိုင်းသေးသေးလေးများရှိသည့် ရေကန်ထဲသို့ ဗုံးတစ်လုံးပစ်ထည့်လိုက်သကဲ့သို့ပင်။ လှိုင်းလုံးကြီးများ ထလာလေသည်။ လူအများက ထိုအကြောင်းသိရှိကြပြီး ဒိုင်သုံးဦးအား ရှုတ်ချရန် ကြီးမားသည့် အင်အားကို ပြသခဲ့ကြသည်။

ထိုပို့စ်က အချိန်တိုအတွင်း ရှာဖွေမှုအများဆုံး အဆင့် ၈ သို့ တက်လာခဲ့သည်။ ခေါင်းစဉ်မှာ နတ်ဘုရားတေးရေးဆရာ ဟန်ယန်သည် ကျန်းရွှမ်တီဗီနှင့်ပတ်သက်သည့် ဒိုင်သုံးဦးအား ဒေါသတကြီးဝေဖန်ခဲ့သည်။

သတင်းမှာ လျင်မြန်စွာ ပျံ့နှံ့သွားပြီး အဖြစ်အပျက်နှင့်ပတ်သက်၍ စိုးရိမ်နေခဲ့သော ကျိုးဖေးသည်လည်း သတိပြုမိသွားသည်။ ထိုစာကို မြင်သည့်အခါ သူမ၏မျက်လုံးများ တဖြည်းဖြည်းပြူးကျယ်လာသည်။

"အား..."

ကျိုးဖေးရုတ်တရက်အော်ဟစ်လိုက်သည်။

"နင်ဘာဖြစ်နေတာလဲ။ ဘာလို့ ဒီလောက်စိတ်လှုပ်ရှားနေတာလဲ" ဇီယန် လန့်သွားကာ သူမအား ဒေါသတကြီး ကြည့်လိုက်သည်။

"အစ်ယန် ကြည့်ပါဦး။ ဘုရားရေ အရေးကြီးပုဂ္ဂိုလ်က ငါတို့ကို ကူညီပေးဖို့ ရှေ့ထွက်လာတယ်"

ကျိုးဖေးသည် သူမ၏ဖုန်းအား အမြန်ပေးလိုက်သည်။ ဇီယန် စာအား မြင်သွားပြီးနောက်တွင် သူမလည်း ထိတ်လန့်သွား၏။

"သူက...ဟန်ယန်။ သူက ငါလုပ်တာကောင်းတယ်လို့ ပြောခဲ့တာဘဲ။ ဟားဟားဟား...အရမ်းကောင်းတယ်။ သူက အရမ်းထက်မြက်တဲ့မျက်လုံးတွေရှိတာပဲ။ ဟန်ယန်က အရမ်းကြွင်နတတ်တယ်။ ဒီပို့စ်ကြောင့် အနာဂတ်မှာ ငါ သူ့ရဲ့သစ္စာရှိပရိသတ်ဖြစ်လာပြီပဲ" ကျိုးဖေးက ဝမ်းသားအားရ ထခုန်သည်။

"နင် ပိုလွန်းနေပြီ" ဇီယန်လည်း စိတ်သက်သာရာရသွား၏။ ပျော်ရွှင်နေသည့်ကျိုးဖေးကို ကြည့်ရင်း သူမ ပေါ့ပေါ့ပါးပါး ပြုံးလိုက်မိသည်။

"ငါ့ရဲ့တုံ့ပြန်မှုက ပိုတာမဟုတ်ဘူး။ အစ်မယန် အောက်က မှတ်ချက်တွေကိုလည်း ကြည့်ဦး။အားလုံးက ငါတို့ကို ထောက်ခံထားတယ်။ ဝက်သုံးကောင်ကတော့ အခုချိန်

စိုးရိမ်နေလောက်ပြီ။ အရမ်းကောင်းတယ်” ကျိုးဖေးက ခေါင်းကို နောက်ပြန်လှန်ကာ အားရပါးရ ရယ်မောသည်။

ဤနေရာရှိလေထုတ်နှင့်ယှဉ်လျှင် တစ်ဖက်ရှိ ကျန်းရွှမ်တီဗီဌာနအခြေအနေသည် အတော်လေး တိတ်ဆိတ်သာယာနေသည်။ လူသုံးယောက်မှာ ထိုင်နေကြပြီး စကားပြောနေကြသည်။

“အကဲဖြတ်ဆရာ...ခင်ဗျား...ဝေ့ပေါ်ကို အရင်ကြည့်သင့်တယ်လို့ ထင်တယ်” ဝန်ထမ်းတစ်ယောက်က ရုတ်တရက် ရောက်လာပြီး အနည်းငယ်တုံ့ဆိုင်းကာ သူတို့ ပြောသည်။

“ဝေ့ပေါ်မှာ ဘာဖြစ်နေလို့လဲ” လူဝကြီးက ရည်ရည်ဝေးဝေးပြောမနေတော့ဘဲ ဖုန်းကို ထုတ်လိုက်သည်။

“ဝေ့ပေါ်အား စစ်ဆေးကြည့်ရှုပြီးနောက် သူ ရှော့ရသွား၏။ သူ၏ပို့စ်အောက်တွင် ရှုတ်ချသည့်မှတ်ချက်များစွာ

တွေ့လိုက်ရသည့်အခါ သူ၏မျက်နှာမှာ ရှက်ရွံ့သည့်အမူအရာပေါ်လာသည်။

"ဘာဖြစ်တာလဲ" မျက်မှန်တပ်ထားသည့်လူက အလျင်စလိုမေးသည်။

"မင်း ဝေ့ပေါ်ကို စစ်ကြည့်သင့်တယ်" လူဝကြီးက လက်ကို ဝှေ့ယမ်းကာ ပြောသည်။

သူ၏စကားကိုကြားသည့်အခါ ကျန်နှစ်ယောက်က ဖုန်းကို ထုတ်လိုက်ကြသည်။ စစ်ကြည့်လိုက်ပြီးနောက်တွင် သူတို့နှစ်ယောက်လုံး တိတ်ဆိတ်ငြိမ်သက်သွားကြသည်။

"ငါယိုးတဲ့မ။ ဟန်ယန်က ဘယ်သူလဲ။ ငါတို့က ဝက်တွေလို့ပြောပြီး စော်ကားတာမဟုတ်လား။ ငါတို့ သူ့ကို တရားစွဲသင့်တယ်" ဆံပင်ဆံတောက်နှင့်လူက ဒေါသတကြီး ဆဲရေးကာ ပြောသည်။

“ငါတို့ သူကို သေချာပေါက် တရားစွဲရမယ်။ ဒါပေမယ့် လောလောဆယ် လူထုအမြင်က ငါတို့ကို ဆန့်ကျင်နေတယ်။ အချိန်မီမတားဆီးနိုင်ရင် ပိုဆိုးလာပြီး နောက်ဆုံး ငါတို့ကိုထိခိုက်လိမ့်မယ်” မျက်မှန်တပ်ထားသည့် လူက မျက်ခုံးပင့်ကာ ပြောသည်။

“ကိစ္စမရှိပါဘူး” လူဝကြီးက တည်ငြိမ်သည့်အသံဖြင့် ရဲဝင့်စွာပြောသည်။ “ဟန်ဘန်က မကြာသေးခင်ကမှ ပေါ်လာခဲ့တာပါ။ ငါတို့ ဂီတကို ထိတွေ့နေတဲ့အချိန်မှ သူက ရွှံ့ထဲမှာ ပေတလူးကစားနေတဲ့အရွယ်ပဲရှိဦးမှာ။ ဒီအချိန်မှာ ငါတို့ အသိမိတ်ဆွေတွေကိုခေါ်သင့်တယ်။ သူက ငါတို့ကို ရှုံ့ချတယ်။ ငါတို့က ဒီတိုက်ပွဲမှာ သူ့ကို အရေအတွက်နဲ့ ယှဉ်ပြိုင်ကြတာပေါ့”

လူဝကြီးက ဖုန်းကောအနည်းငယ်ခေါ်ဆိုကာ လျှောင်ပြောင်လိုက်သည်။

မျက်မှန်တပ်ထားသူနှင့် ဆံပင်ဆံတောက်လူတို့မှာလည်း ထိုနည်းလည်းကောင်းပင်။

သူတို့၏မိတ်ဆွေသူငယ်ချင်းများအား ဖုန်းခေါ်ကာ အသေးစိတ်ပြောကြသည်။ ခဏအကြာတွင် ဝေ့ပေါ်၌ ဟန်ယန်အား နာမည်ကြီးပုဂ္ဂိုလ်အချို့က ရှုံ့ချကြသည်။

"ဘယ်လို့ကြောင့် ဂျူနီယာတစ်ယောက်အနေနဲ့ ဟန်ယန်က စီနီယာတွေကို ဒီလို ဝေဖန်နိုင်ရတာလဲ။ သူက ဝက်ငတုံးတွေလို့ ပြောလိုက်ကတည်းက သူ ဘယ်လိုလူလဲဆိုတာ ငါသိလိုက်ပြီ"

"လူငယ်တွေက ထောင်လွှားမနေသင့်ဘူး။ သူလည်း အတန်သည့်ကျော်ကြားလာပြီပဲ။ ထောင်လွှားမှုနဲ့ မာနက သူကို ကျဆုံးစေလိမ့်မယ်"

"ဟန်ယန်က ဘာလို့ ဒီလောက်ယုံကြည်မှုရှိနေသလဲ ငါတယ်မသိဘူး"

"…"

ထိုလူအများစုမှာ ဂီတလောကတွင် လုပ်ကိုင်နေကြပြီး ပရိသတ်အချို့လည်း ရှိကြသည်။ သို့သော် ဝေ့ပေါ်တွင် ကျွန်းဟန်၏ဖော်လိုဝါအရေအတွက်နှင့် ယှဉ်ပါက သူတို့အားလုံး၏စုစုပေါင်း ဖော်လိုဝါအရေအတွက်သည် သူ၏ဆယ်ပုံတစ်ပုံအောက်သာ ရှိသည်။

ဤသည်ပင်လျှင် သူတို့၏ မှတ်ချက်စကားများက ပြန့်နှံ့သွား၏။

ထိုမှတ်ချက်များသည် ဝေ့ပေါ်အား ယနေ့ သက်ဝင်လှုပ်ရှားသွားစေသည်။ ဆိုက်ဘာတိုက်ပွဲစတင်တော့မည်မှာ ထင်ရှားပေသည်။

သို့သော်...သူတို့သည် ဟန်ယန် ဆိုသော အမည်၏စွမ်းအားကို လုံး၀ လျှော့တွက်မိခဲ့ကြသည်။

ကျွန်းဟန် ထိုသတင်းကို တင်ပြီးသည့်နောက်တွင် လူများ ပို၍ပို၍ အာရုံစိုက်လာစေရန် အချိန်သိပ်မကြာလိုက်ချေ။

ထိုအချိန် ရေခဲမြို့တော်မှ ဟိုတယ်တစ်ခုတွင်...

"အစ်ကိုရွှယ် ဝေ့ပေါ်ကို တစ်ချက်ကြည့်ကြည့်ဦး" လီဖန်းက ဂီတစကိုးများကို ရှာနေသည့် ရွှယ်ချမ်ကို ပြောလိုက်သည်။

"ဘာဖြစ်တာလဲ" ရွှယ်ချမ်သည် စူးစမ်းလိုစိတ်ဖြင့် သူ၏ဖုန်းကို ထုတ်လိုက်၏။ အချိန်အတန်ကြာ ကြည့်ရှုပြီးနောက်တွင် သူ၏မျက်ခုံးများ တဖြည်းဖြည်းတွန့်လာသည်။

အချက်အလက်များအား အတည်ပြုပြီးနောက်တွင် ရွှယ်ချမ်သည် မျက်လုံးကို မိတ်ကာ အသက်ပြင်းပြင်းရှူလိုက်ပြီး မျက်လုံးပြန်ဖွင့်၍ စာလုံးအချို့ကို မဆိုင်းမတွ ရိုက်တင်လိုက်သည်။

"တီဗီဌာနမှာ ဇီယန်သီဆိုတဲ့ သီချင်းက ထိပ်တန်းအရည်အသွေးမဟုတ်ပေမယ့် သူမက ထူးခြားတဲ အဆိုစွမ်းရည်ကို ပြသနိုင်ခဲ့တယ်။ သူမက ဘာကြောင့်

မယုံနိုင်စရာ အကဲဖြတ်မှုကို ရလာသလဲ ငါမသိဘူး။ အစီအစဉ်ရဲ့ဒိုင်လူကြီးတွေက ပြင်ပက စိတ်ဝင်စားစရာတွေများ ရှိလို့လား"

ဤစကားလုံးများက အလွန်ရိုးရှင်းပြီး တဲ့တိုးဆန်သည်ဟု ပြောနိုင်သည်။ သူတင်လိုက်သည့်အချိန်တွင် လီဖန်းက တုံ့ဆိုင်းစွာ မှတ်ချက်ပြုသည်။

"ဒါက အရမ်းတဲ့တိုးမဆန်ဘူးလား။ မင်းပြောချင်တာကို အရိပ်အမြွက်ပြောပြီး စကားပရိယာယ်နဲ့ ငါပို့စ်ပြန်တင်လိုက်ရင် စိတ်မရှိဘူးမလား"

လီဖန်းသည် ဤတဲ့တိုးဆန်သည့် စကားများမှာ ဒိုင်သုံးဦးအား တိုက်ရိုက်ထိခိုက်စေပြီး ကျွန်းရွှမ်တီဗီမှ မကျေနပ်မှုများကိုပင် ဖြစ်စေနိုင်သည်ဟု တွေးနေခဲ့သည်။ အကယ်၍ သူသည် ပို၍ စကားပရိယာယ်ကြွယ်ဝစွာဖြင့် တုံ့ပြန်မှုပြုလိုက်ပါက သူတို့သည် ၎င်းအား မျက်ကွယ်ပြုထားပေလိမ့်မည်။

သို့သော် ရွှယ်ချမ်က ခေါင်းကို တိုက်ရိုက်ယမ်းလိုက်ကာ “မဖြစ်ဘူး” ဟု ပြောလိုက်သည်။

“အာ...ကောင်းပြီ”

လီဖန်းမှာ ကူရာမဲ့စွာဖြင့် ခေါင်းယမ်းလိုက်၏။

...

-အပိုင်း(၂၁၉) ပြီး

wunzinnosp

အပိုင်း(၂၂၀) ဒေါ်သထွက်နေသည့် စီအိုအို(COO – Chief Operation Officer)

မှန်ပေသည်။ ရွှယ်ချမ်သာမက ကျန်းဟန်၏သီချင်းများကို လက်ခံရရှိခဲ့သူများအားလုံးနီးပါး ရှေ့သို့ထွက်လာခဲ့ကြလေသည်။ ခြွင်းချင်မရှိ

သူတို့ထုတ်ပြန်သည့်စာသားများအားလုံးမှာ ဇီယန်အား ထောက်ခံခဲ့ကြသည်။ သူတို့သည် ထိုဒိုင်လူကြီးများအား ဝေဖန်သည့်ပုံမပေါ်သော်လည်း စာကြောင်းများတွင် ပုတ်ခတ်သည့်ပြောဆိုမှုအချို့ ပါဝင်နေသည်။

ကျန်းဟန်မှာ သီချင်းစုစုပေါင်း အပုဒ် ၅၀ ထုတ်ပေးခဲ့သည်။ ဒိုင်သုံးယောက်အား သိနေကြသည့်လူအနည်းငယ်မှလွဲ၍ လူ ၄၀ နီးပါးမှာ ပို့စ်တင်ခဲ့ကြလေသည်။

ထိုပို့စ်များကြောင့် အင်တာနက်သုံးစွဲသူများကြားတွင် ဝေ့ပေါ်မြင်ကွင်းတစ်ခု ဖန်တီးခဲ့လေသည်။ နာရီအနည်းငယ်ကြာပြီးနောက်တွင် “ဟန်ယန်သည် ဒိုင်သုံးယောက်အား ဒေသတကြီးဝေဖန်သည်” ဆိုသည့် ခေါင်းစဉ်မှာ ရှာဖွေမှုအများဆုံးတွင် ထိပ်ဆုံးသို့ရောက်ရှိလာခဲ့ပြီး

အဓိကရှာဖွေရေးဝဘ်ဆိုဒ်များ၏ခေါင်းစီးပိုင်းတွင်ပင် ဖော်ပြခံရသည်။ သူတို့၏ခေါင်းစဉ်များမှာ အမျိုးမျိုးပင်။

"မြင့်တက်နေတဲ့ဟန်ယန်က နောက်ထပ်လှုပ်ရှားမှုပြုလိုက်ပြီ။ သူက ဒီတစ်ခါ သီချင်းတွေ မထုတ်တော့ပေမယ့် ကျန်းရွှမ်တီဗီစတေရှင်က ထုတ်လွှင့်တဲ့အစီအစဉ်ရဲ့ ဒိုင်သုံးယောက်ကို ဝေဖန်ခဲ့တယ်"

"ဟန်ယန်ရဲ့ဟိန်းဟောက်သံက ကျန်းရွှမ်တီဗီစတေရှင်ကို တုန်လှုပ်စေခဲ့တယ်။ သူက ဇီယန်ကို ထောက်ခံခဲ့တယ်။ သူရဲကောင်းက မိန်းမလှလေးကို ကယ်တင်ခဲ့တယ်"

"ရက်အနည်းငယ်ကြာပြီးနောက်မှာ ဟန်ယန်က ပို့စ်တစ်ခု ထပ်တင်ခဲ့တယ်။ ဒါက ကြီးကျယ်တဲ့အချစ်ဇာတ်လမ်းရဲ့အစများလား"

ထိုသတင်းမှာ လူအများ၏အာရုံစိုက်မှုကို ခံရသည့်အတွက် ပါးနပ်သည့် မီဒီယာများမှာ ထိုသတင်းအား အခွင့်ကောင်းယူရန် ကြိုးစားခဲ့ကြသည်။ အကြောင်းအရာမှာ

တူညီသော်လည်း သူတို့၏ခေါင်းစီးများက အမျိုးမျိုးတပ်ထားကာ လူအာရုံစိုက်မှုကို ပို၍ ဖြစ်ပေါ်စေခဲ့သည်။

ည ၁၀ နာရီဝန်းကျင်တွင် မုန်တိုင်းမှာ ပို၍ ပြင်းထန်လာ၏။

ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ နာမည်ကြီးကြယ်ပွင့်အချို့ကလည်း ဝေ့ပေါ်တွင် ပို့စ်များ တင်ထားကြလေသည်။ အချို့သော ပို့စ်များ၏စကားလုံးအသုံးအနှုန်းများမှာ ဒွိဟအတွေးများကို ဖြစ်စေသည်။ သို့သော် ကြယ်ပွင့်အချို့သည် ဒိုင်သုံးယောက်အား တိုက်ရိုက်သရော်ထားလေသည်။ သူတို့၏အမြင်တွင် ရက်အနည်းငယ်အတွင်း သီချင်းကောင်း အပုဒ် ၅၀ ကို ထုတ်လုပ်နိုင်သူမှာ ဂီတနားများ ရှိရန် လိုအပ်ပေသည်။ သူတို့သည် ဟန်ယန်၏သဘောကျမှုကို

မျှော်လင့်ခဲ့ကြပြီး အနာဂတ်တွင် သူနှင့်အတူ သီချင်းတစ်ပုဒ် ပူးပေါင်းထုတ်လုပ်နိုင်ရန် မျှော်လင့်ခဲ့ကြသည်။

ထို့ပြင် ဒိုင်သုံး၏အကဲဖြတ်မှုများမှာ အနည်းငယ် ထူးဆန်းနေသည်ဟု သူတို့ ထင်မြင်ခဲ့ကြသည်။ သူတို့၏ဂီတစွမ်းရည်မှာ မမြင့်မားသော်လည်း ဂီတနှင့်ပတ်သက်ပြီး သိရှိကြလေသည်။ အလွန်ညံ့ဖျင်းသည့် အကဲဖြတ်မှုသည် ကြီးမားသော ပြဿနာတစ်ရပ်ကို ဖြစ်စေခဲ့ပြီးဖြစ်သည်။

ထိုအချက်များကို ထည့်သွင်းစဉ်းစား၍ သူတို့၏ဝေ့ပေါ်တွင် အပ်ဒိတ်လုပ်သည့်အခါ ဟန်ယန်အား ထောက်ခံအားပေးရန် ဆုံးဖြတ်ခဲ့ပြီး ၎င်းက သူတို့အား ဖော်လိုဝါအများအပြားရရှိရန်လည်း ကူညီပေးခဲ့လေသည်။

ထိုအချိန်တွင် ပေကျင်းတီဗီစတေရှင်တွင် ဟက်ပီးရှိုး(Happy Show) အစီအစဉ်ဌာနခွဲသည် အရေးပေါ်ဗီဒီယိုကွန်ဖရင့်တစ်ခု ပြုလုပ်ခဲ့သည်။

သူ၏မှတ်စုစာအုပ်ကို စိုက်ကြည့်ရင်း အစီအစဉ်၏ဒါရိုက်တာချုပ်သည် အမိန့်ထုတ်လိုက်သည်။

"ကျန်းရှမ်တီဗီနဲ့ပတ်သက်တဲ့ အဖြစ်အပျက်ကို ငါတို့ အာရုံစိုက်နေခဲ့တာ။ အင်တာနက်သုံးစွဲသူတိုင်းနီးပါးက အကဲဖြတ်ဆရာသုံးယောက်ကို ရှုတ်ချနေကြတာကို တွေ့ရတယ်။ ဟန်ယန်ရဲ့ဦးဆောင်မှုနဲ့ ဝေ့ပေါ်မှာ မုန်တိုင်းထန်နေတယ်"

"ဟုတ်ပါတယ်။ အခု ဇီယန်ကို အားပေးတဲ့သူတွေ ပိုများလာပါပြီ။ ဇီယန်ရဲ့ ဖော်လိုဝါအရေအတွက်က ဆယ်သန်းကျော်သွားပြီလို့ သိရတယ်" ရုပ်အကျီအဖြူနှင့် အမျိုးသားတစ်ဦးက ပြောသည်။

"ဒီအဖြစ်အပျက်က အလှည့်အပြောင်းတွေများလိမ့်မယ်လို့ ကျွန်တော် တကယ် မမျှော်လင့်ထားခဲ့ဘူး။ ဟန်ယန်ရဲ့စကားတွေက ဒီလောက် ထိရောက်ဘယ်လို့ တစ်ခါမှ မထင်ခဲ့ဘူး"

“တကယ်ကို အံ့ဩစရာကောင်းတဲ့လူပါ။ ဟန်ယန်က သူ့ကိုယ်သူ ရုပ်လုံးပြပြီး ရှိုးတော်တော်များများမှာ ပါဝင်မယ်ဆိုရင် ဒီနှစ်အတွက် အကောင်းဆုံးတေးရေးဆရာဆုကို ရရှိနိုင်မယ်ဆိုတာ ပြောနေစရာမလိုဘူး”

လူများမှာ တစ်ယောက်ပြီးတစ်ယောက် အံ့အားသင့်စရာများကို ထုတ်ဖော်ပြောကြသည်။ ဟန်ယန်သည် စကားလုံးအနည်းငယ်ဖြင့် ဤမျှကြီးမားသော ကိစ္စတစ်ခုကို ဖန်တီးနိုင်သည်အား တွေ့ရှိရသည့်အခါ သူတို့ ရှော့ရသွားခဲ့ကြသည်။

“ကျန်းရွှမ်တီဗီက ဝန်ထမ်းတွေ ခေါင်းကိုက်နေလောက်ပြီ” ဒါရိုက်တာချုပ်က ပြုံးကာ ခေါင်းယမ်း၍ “ငါ တတ်နိုင်သမျှ ကိုင်တွယ်ဖြေရှင်းရမယ့် ကိစ္စတစ်ချို့ကို ကြေငြာလိုက်မယ်။ ဒီဟက်ပီးရှိုးအပိုင်းကို သဘက်ခါကနေ မနက်ဖြန်နေ့လည်ကို ပြောင်းပြီး ရိုက်ကူးသင့်တယ်။ ဇီယန်နဲ့ တခြားသူတွေကို

အကြောင်းကြားပြီး ရိုက်ကူးထုတ်လုပ်ရေးအတွက် နှစ်ရက်အချိန်ပေးမယ်။ ဒီအပိုင်းကို ခုတစ်ပတ်အကုန်မှာ ထုတ်လွှင့်ပြီး ခုအပတ်အတွက် ပြင်ဆင်ထားတဲ့အပိုင်းကို နောက်တစ်ပတ်ကို ရွှေ့ဆိုင်းသင့်တယ်။ ဒီဟောဒ့ဖြစ်နေတဲ့ ကိစ္စကို အခွင့်ကောင်းယူသင့်တယ်”

“ကောင်းပါပြီ”

“ဟုတ်ကဲ့”

လူတိုင်း ခေါင်းညိတ်ကာ အလုပ်စလုပ်ကြသည်။

အခြားတစ်ဖက်ရှိ ဇီယန်နေထိုင်သည့် ဟိုတယ်အခန်းထဲတွင်…

နှစ်ယောက်လုံး စိတ်သက်သာရာရသွားကြ၏။ ကျိုးဖေးသည် စိတ်အခြေအနေကောင်းနေသည့်အတွက် ရုပ်ရှင်ကြည့်ရင်း ထရန်းဖြစ်နေသည်များကို အာရုံစိုက်ကာ အလုပ်များနေခဲ့သည်။

ဇီယန်သည်တော့ အေးဆေးစွာဖြင့် သီချင်းနားထောင်နေသည်။

တင်း….

ရုတ်တရက် ကျိုးဖေး၏ဖုန်းက မြည်လာခဲ့သည်။ ဖုန်းပြန်ဖြေလိုက်ပြီးနောက် ခဏအကြာတွင် သူမ၏မျက်နှာထက်တွင် တောက်ပသည့်အပြုံးများဖြင့် ဖုန်းချလိုက်သည်။

“အစ်မယန် သတင်းကောင်းတစ်ခုရှိတယ်။ နင် အချိန်ဇယားအတိုင်း အစီအစဉ်ကို ပါဝင်နိုင်ပြီ။ မနက်ဖြန် နေ့လည်မှာ ရိုက်ကူးရေးလုပ်မယ်”

“အင်း” ဇီယန်က တည်ငြိမ်စွာ တုံ့ပြန်သည်။ သူမ၏မျက်မှာအေးဆေးတည်ငြိမ်သည့် အမူအရာရှိနေသော်လည်း သူမ၏မျက်လုံးများမှာ ရွှင်လန်းနေလေသည်။ သူမ ဖုန်းကို ထုတ်ကာ ကျန်းဟန်၏နံပါတ်ကို ခေါ်လိုက်သည်။

"ဟေး ကျန်းဟန် ကျွန်မ ရှင့်ကို ပြောစရာ သတင်းကောင်းရှိတယ်။ မနက်ဖြန် နေ့လည်ကျရင် အစီအစဉ်အတိုင်းပဲ ရိုက်ကူးရေးလုပ်မှာဆိုတော့ သန်ဘခါကျရင် ပြန်လာလို့ရပြီ။ ဒါနဲ့ တေးရေးဆရာ ဟန်ယန်ကို သိလား။ သီချင်းအပုဒ်ငါးဆယ်ကို ရေးတဲ့သူလေ။ သူက အရမ်းအံ့သြဖို့ကောင်းတယ်။ ကျွန်မကို အားပေးဖို့ ရှေ့ထွက်လာခဲ့တယ်။ အခု ပြဿနာက ဖြေရှင်းရတာ ပိုလွယ်သွားပြီ။ ဟေး...ရှင်ဘာလို့ စကားမပြောတာလဲ"

"အင်း..." ကျန်းဟန် ပြုံးလိုက်ပြီး ခဏလောက်စဉ်းစားလိုက်သည်။ သို့သော် နောက်ဆုံးတွင် သူက ဟန်ယန်ဖြစ်သည့်အကြောင်းကို မပြောရန် ဆုံးဖြတ်လိုက်၏။ သူမကို ယခုပြောပြလိုက်ပါက တွက်ချက်လွန်းသည်ဟု ယူဆသွားနိုင်သည့်အတွက် အားလုံးကို သူ့ဘာသာသူပဲ လျှို့ဝှက်ထားလိုက်ရန် ဆုံးဖြတ်လိုက်သည်။ ၎င်းကို တွေးရင်း ကျန်းဟန် ပြုံးကာ ပြန်ပြောလိုက်၏။ "အရမ်းကောင်းတယ်"

"ဟွန့် ရှင်က တော်တော်စိတ်မပါလက်မပါနိုင်တာပဲ။ ကျွန်မ ရှင်နဲ့စကားမပြောချင်တော့ဘူး။ မုန့်မုန့်နဲ့ ပြောချင်တယ်" ဇီယန်သည် သူမ၏မကျေနပ်မှုကို ဖော်ပြရန် အသာအယာ နှာခေါင်းရှုံ့လိုက်သည်။

သူမ ထိုသို့ပြောလိုက်သော်လည်း ကျန်းဟန်နှင့် နောက်ထပ် စကားအနည်းငယ် ပြောချင်နေသေးပေသည်။

သို့သော် ကျန်းဟန်သည် အိပ်ယာပေါ်တွင် ကစားနေသည့် မုန့်မုန့်ကို တစ်ခါတည်းဖုန်းပေးလိုက်လေသည်။

"အာ...မေမေ မေမေ့ကို အရမ်းလွမ်းတယ်..."

ဇီယန် စိတ်မကောင်းဖြစ်ရန် အချိန်မရှိတော့ချေ။ မုန့်မုန့်၏အသံကိုကြားသည်နှင့် သူမ ပြုံးကာ စကားပြောတော့သည်။

ည ၁၁ နာရီထိ ဖုန်းပြောနေခဲ့ကြသည်။ ကျန်းဟန်၏ရင်ခွင်ထဲတွင် လဲလျောင်းကာ

ပုံပြင်နားထောင်နေရင်း မုန့်မုန့်သည် တဖြည်းဖြည်း အိပ်ပျော်သွားလေသည်။

ညဘက်တွင် လူအများစု အိပ်ပျော်နေကြသော်လည်း လူသုံးယောက်မှာ မအိပ်နိုင်သေးချေ။

သူတို့သည် ယခုအချိန်ထို မျက်မှန်တပ်ထားသောလူ၏အိမ်တွင် စုဝေးနေကြသည်။ သူတို့နှစ်ယောက်မှာ ဧည့်ခန်းထဲရှိ ထိုင်ခုံတွင် ညှိုးငယ်စွာဖြင့် ထိုင်နေကြသည်။

"ငါ့လခွီးတဲ့မပဲကွာ...။ ဘယ်လိုလုပ် ဒီအခြေအနေထိဖြစ်လာတာလဲ။ အစတုန်းက ငါတို့ကို အားပေးတဲ့သူတွေ အများကြီးရှိပေမယ့် အခု အင်တာနက်သုံးတဲ့လူတွေတင်မကဘူး ငါတို့ ကူညီပေးဖို့ တောင်းဆိုခဲ့တဲ့လူတွေကပါ ဆဲဆိုနေကြပြီ။ ဝေ့ပေါ်က သူတို့ရဲ့ပို့စ်ကို ဖျက်ပစ်ရုံနဲ့တင်လုံလောက်ပါပြီ။ ဟန်ယန်ဆီက ပို့စ်လေးတစ်ခုကြောင့်ပဲလား။ သူက ဘာလို့

အဲ့လောက်သြဇာကြီးရတာလဲ” ဆံပင်ဆံတောက်နှင့်လူက စိုးရိမ်တကြီးပြောသည်။

“ဟားဟား…” မျက်မှန်တပ်ထားသည့်အမျိုးသားက လှောင်ရယ်လိုက်ပြီး “ငါတကယ်တောင်းပန်ပါတယ်။ သူက တကယ်ကို ကြောက်ဖို့ကောင်းတယ်။ သူ့ဆီက ဝေ့ပေါ်ပို့စ်တစ်ခုက လူတော်တော်များများကို ငါတို့ဆီ ရှုံ့ချစေဖို့ လုံလောက်တယ်။ သူက အရမ်းနာမည်ကြီးတာကိုး…။ ဒါက အဖြစ်မှန်ပဲ။ အဲဒါကို အခု ပြောနေလို့ အသုံးမဝင်ဘူး။ ဒီပြဿနာကို ဖြေရှင်းဖို့ ငါတို့ ဘာလုပ်နိုင်မလဲ”

“ငါလည်း အဲ့လိုထင်တာပဲ” ဆံပင်ဆံတောက်လူက စူးစူးဝါးဝါးအော်လိုက်ပြီး “ငါတို့ ဒီမှာ နေ့လည်ကတည်းက ညသန်းခေါင်အထိ ထိုင်နေပေမယ့် ဘာအကြံမှ မထွက်သေးဘူးမလား”

"ဘာလဲ မင်းက ငါ့ကို အပြစ်တင်နေတာလား။ ငါတို့ထက် မင်းက ပိုက်ဆံတွေကို အမြန်လက်ခံခဲ့တာလေ။ မင်းက ငါ့ကို ဘယ်လိုလုပ် လာအပြစ်တင်နေတာလဲ။ လာနောက်နေတာလား" မျက်မှန်တပ်ထားသောလူက ဒေါသသံဖြင့် ပြောသည်။

"ဘယ်သူက နောက်နေမှာလဲ။ မင်းက အကြံဉာဏ်တွေပေးရင်း တစ်ချိန်လုံး ပညာရှိတစ်ယောက်လို ဟန်ဆောင်နေတာမဟုတ်လား..."

နှစ်ယောက်သား စကားများရန်ဖြစ်တော့မည်ကို သတိပြုမိသည့်အခါ လူဝကြီးက စားပွဲကို လက်ဖြင့်ပုတ်လိုက်ပြီး "ရန်မဖြစ်ကြနဲ့တော့။ မင်းတို့မှာ အချိန်ရှိသေးတယ် ထင်လို့လား။ မင်းတို့ စိတ်မပူကြဘူးလား"

သူသည် အော်ဟစ်လိုက်ပြီး ဆေးလိပ်ကို မီးညှိကာ သောက်လိုက်သည်။ "ငါတို့မှာ အဖြေမရှိဘူး။ ဒါကြောင့် စောင့်ကြည့်ရမယ်။ ဂယက်ရိုက်မှုက တစ်ရက် နှစ်ရက်နေရင်

ငြိမ်သွားလိမ့်မယ်။ စိတ်မပူနဲ့ ငါတို့ ဘာလုပ်ရမလဲဆိုတာ အာရုံစိုက်ပြီး လုပ်သင့်တယ်။ ခွေးကောင် ဟန်ယန် ငါ့သာ အခွင့်အရေးရရင် သူ့ကို ရိုက်ချပစ်မယ်"

"အင်း...အဲဒါက တစ်ခုတည်းသော လမ်းစပဲ"

လူနှစ်ယောက်မှာ သက်ပြင်းချလိုက်ကြပြီး ရန်ဖြစ်လိုစိတ်မရှိတော့ချေ။ နှစ်ယောက်လုံး တိတ်ဆိတ်သွားကြသည်။

ဤကိစ္စမှာ တစ်ရက် နှစ်ရက်အတွင်း ငြိမ်သက်သွားလိမ့်မည်ဟု သူတို့ ထင်ပေသည်။ တကယ်တမ်းတွင် ဖျော်ဖြေရေးလောကတွင် နေ့စဉ်နှင့်အမျှ အဖြစ်ပျက်များက လူများ၏ အာရုံကို စွဲဆောင်သွားစေသည်။ ၎င်းမှာ ဖြစ်ပျက်ပြီးသွားသည်နှင့် ကိစ္စရှင်းသွားပေလိမ့်မည်။

သို့သော သန်းခေါင်ကျော်ပြီးနောက် ရှာဖွေမှုအများဆုံးစာရင်းကို အပ်ဒိတ်လုပ်သည့်အခါတွင်ပင် "ဟန်ယန်က ဒိုင်သုံးယောက်ကို ဒေါသတကြီးဝေဖန်သည်"

ဟူသည့် ခေါင်းစဉ်က ပထမနေရာကို ဆက်လက်သိမ်းပိုက်ထားဆဲဖြစ်လိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ချေ။

ညတာအတွင်း ဘာမှ မဖြစ်ပျက်ခဲ့ချေ။ နောက်တစ်နေ့ မနက်တွင်...

ကုမ္ပဏီသို့ လူသုံးယောက်ရောက်လာသည့်အခါ ဖြတ်သွားသည့်လူတိုင်းနီးပါးက သူတို့အား ထူးထူးဆန်းဆန်းကြည့်သွားရာ စိတ်မသက်မသာဖြစ်စေသည်။

အစီအစဉ်အား ပုံမှန်အတိုင်းရိုက်ကူးရန် ရိုက်ကူးရေးစတူဒီယိုသို့ ရောက်ရှိလာကြသည်။

တီဗီစတေရှင်တွင် သူတို့၏လက်ထောက်ကြီးကြပ်ရေးမှူး၊ လက်ထောက်အော်ပရေတာကျန်းက သူတို့အား အစည်းအဝေးခန်းသို့ လာရန် ခိုင်းစေခဲ့လေသည်။

စီအိုအို(Chier Operation Officer) နှင့် ရုပ်မြင်သံကြားဌာနမှ အကြီးတန်းအရာရှိ ၁၃ ယောက်ခန့်သည် အစည်းအဝေးခန်းထဲတွင် ထိုင်နေကြသည်။ စီအိုအို၏အမူအရာမှာ အလွန်စိတ်ပျက်နေဟန်ရပြီး စိတ်အခြေအနေကောင်းမနေကြောင်း ပြသနေသည်။

"အားလုံးစုံရင် လက်ရှိအကြောင်းအရာကို ဆွေးနွေးကြမယ်"

စီအိုအိုသည် အသက် ၅၀ ခန့်ရှိသော ထိပ်ပြောင်လူဖြစ်သည်။ ထိုအချိန်တွင် သူသည် လေးနက်သော အသံဖြင့် ပြောလိုက်သည်။

"ဒီနေ့အစည်းအဝေးက လွန်ခဲ့တဲ့နှစ်ရက်က ရုတ်ရုတ်သဲသဲဖြစ်ခဲ့တဲ့ ဖလုတင်းမြူးဇင်းအစီအစဉ်မှာ ဇီယန်နဲ့ပတ်သက်တဲ့ အဖြစ်အပျက်အကြောင်းပဲ။ လက်ထောက်အော်ပရေတာမား။ ကျေးဇူးပြုပြီး ဒိုင်သုံးယောက်ရဲ့ဆိုးရွားတဲ့ အကဲဖြတ်မှုတွေအတွက်

ကျိုးကြောင်းသင့်တဲ့ ဖြေရှင်းချက်ပေးပါ။ မင်း သူတို့ကိုခေါ်ဖို့ အကြံပြုထောက်ခံပေးခဲ့တာ ငါမှတ်မိတယ်”

“အာ…” သူ၏မေးခွန်းကို လက်ထောက်အော်ပရေတာမားက တိတ်တဆိတ်အံကြိတ်၍ ပြန်ဖြေသည်။ “စီအိုအို ဒီဒိုင်သုံးယောက်က ဂီတနယ်ပယ်မှာ စီနီယာဂီတသမားတွေပါ…”

“ငါ အဲ့ဒါကို မေးနေတာမဟုတ်ဘူး။ ငါ့မေးခွန်းကို မင်းနားမလည်ဘူးလား” စီအိုအိုက မျက်မှောင်ကြုတ်ကာ “သူတို့က ဘာလို့ ဒီလိုဆိုးရွားတဲ့ အကဲဖြတ်ချက်တွေ ပေးတာလဲ လို့ ငါမေးနေတာ”

“ကျွန်တော် ဘယ်လိုသိမှာလဲ။ စီအိုအို ဘာလို့သူတို့ကို ကိုယ်တိုင်မမေးတာလဲ” လက်ထောက်အော်ပရေတာမား မျက်နှာပျက်သွားသည်။

အထက်လူကြီးများမှာ ရာထူးနိမ့်သူများကို ဖိနှိပ်သော်လည်း လက်ထောက်အော်ပရေတာမားသည်

သူ့ကိုယ်ပိုင်အခွင့်အာဏာရှိပေသည်။ ထို့ကြောင့်သူသည် စီအိုအိုအား မကြောက်ပေ။

သို့သော် ဤနေရာရှိ လူတိုင်းက သတိကြီးကြီးရှိနေကြသည်။ စီအိုအိုနှင့် လက်ထောက်အော်ပရေတာများတို့သည် ဌာနတွင် ရာထူးအမြင့်ဆုံးသူများဖြစ်ကြသည်။ သူတို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် ဆန့်ကျင်ဘက်ဖြစ်နေသည့်အချိန်တွင် သူတို့အပေါ် ဒေါသပုံချလာမည်စိုး၍ မည်သူမျှ စကားမပြောရဲကြချေ။

"သူတို့ကို ကိုယ်တိုင်မေးရမှလား။ ဟားဟားဟား..." စီအိုအိုသည် ဟန်ဆောင်ပြုံးရယ်ကာ ခေါင်းယမ်းလိုက်သည်။ သူသည် စားပွဲပေါ်မှ စာရွက်များကို ကောက်ကိုင်လိုက်ပြီး "ဟန်ယန်က သူ့ရဲ ဝေ့ပေါ်ပို့စ်ကို မနေ့ညက တင်လိုက်ကတည်းက ဒီကိစ္စက လုံး၀ မှန်တိုင်းထန်သွားတာ။ ရွှယ်ချမ်လို လူမျိုး ၅၀ နီးပါးရဲ့ အကူအညီနဲ့ လူသန်း ၈၀

လောက်က ဒီအဖြစ်အပျက်ကို အာရုံစိုက်လာခဲ့တာ။ အဲ့ဒါက ဘာအဓိပ္ပာယ်လဲ”

“မနေ့ညက သူတို့ရဲ့ ဝေ့ပေါ်ပို့စ်အောက်မှာ ဒိုင်သုံးယောက်ကို ရှုံ့ချဖို့ အင်တာနက်သုံးသူအများစုက မှတ်ချက်ပေးခဲ့ကြတယ်။ ဒါပေမယ့် သူတို့က မသိကျိုးကျွံပြုနေကြတယ်။ ဘာဖြစ်သွားတာလဲဟမ်။ ငါတို့ ရုပ်သံဌာနရဲ့ တရားဝင်အိုင်ဒီမှာ မက်ဆေ့ချ်ပေါင်း ၁၀ သန်းကျော် လက်ခံရရှိခဲ့တယ်လေ။ အားလုံးက ပြစ်တင်ဝေဖန်ထားတာချည်းပဲ။ ဒါတောင် ငါ့ကို ဘယ်သူကမှ အကြောင်းမကြားဘူး။ အချိန်ကြာသွားတာနဲ့ ဒီကိစ္စက ပျောက်ပျက်သွားမယ် ထင်လို့လား။ ငါတစ်ခုပြောလိုက်မယ်။ အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ အစီရင်ခံစာပေါင်း တစ်သန်းကျော် လက်ခံရရှိထားတယ်လို့ ငါကြားတယ်”

စီအိုအိုက ဒေါသတကြီးဖြင့် စာရွက်ကို စားပွဲပေါ် ပစ်တင်လိုက်ကာ “မင်းဘာလုပ်လိုက်တာလဲ။ မင်းဘာလို့

ဒိုင်တွေရဲ့ ညှိဖျင်းတဲ့လုပ်ရပ်ကို ငါ့ကို အကြောင်းမကြားတာလဲ”

...

-အပိုင်း(၂၂၀) ပြီး

wunzinnosp

အပိုင်း(၂၂၁) ဒိုင်သုံးယောက် အထုတ်ခံရပြီ

“အာ...” ထိုအခိုက်တွင် လက်ထောက်အော်ပရေတာမား၏မျက်နှာမှာ ပြောင်းလဲသွားသည်။ “စီအိုအို အဲဒါက...”

“မင်းရဲ့အဓိပ္ပာယ်မရှိတာတွေ တော်လောက်ပီ” စီအိုအိုမှာ သူ့အား မည်းမှောင်ကာ တစ်ချက်ကြည့်လိုက်ပြီး “အထက်လူကြီးတွေက သူတို့ရဲ့မကျေနပ်မှုကို ပြင်းပြင်းထန်ထန်ဖော်ပြပြီးပြီ။

ကျိန်ဆဲလုနီးပါးတောင်ဖြစ်တော့မယ်။ အရည်အချင်းမပြည့်တဲ့ဒိုင်သုံးယောက်ကို ဘယ်သူ မိတ်ဆက်ပေးတာလဲလို့ မေးနေကြတယ်။ အဲ့ဒါ ဘာအဓိပ္ပာယ်လဲ နားလည်လား"

"ဘာ"

လက်ထောက်အော်ပရေတာမား၏တစ်ကိုယ်လုံး တုန်ယင်သွားပြီး မျက်နှာမှာ ဖြူဖျော့သွား၏။ သူ လုံးဝ ထိတ်လန့်သွားသည်။

ပြဿနာက ဤမျှ ကြီးမားလိမ့်မည်ဟု မမျှော်လင့်ထားသည့်အတွက် အခြားသူများလည်း အံ့အားသင့်သွားကြသည်။

အထက်လူကြီးများ၏ "အရည်အချင်းမပြည့်မီသော သုံးယောက်" ဆိုသည့်စကားက ဤကိစ္စတွင် မည်သူတာဝန်ရှိကြောင်း ညွှန်ပြလိုက်သည်ပင်။ ဒိုင်သုံးဦး၏အကဲဖြတ်မှုသည်

သူတို့၏သည့်ခံနိုင်မှုအတိုင်းအတာကို ကျော်လွန်သွားခဲ့ကြောင်း ထင်ရှားပေသည်။ မုန်တိုင်းထန်မသွားခဲ့လျှင် ကောင်းပေမည်။ သို့သော် ယခုအချိန်တွင် ဤကိစ္စအား အာရုံစိုက်နေသည့်လူများကို ဖြေရှင်းချက်ပေးရပေတော့မည်။ ထို့ပြင် ဒိုင်သုံးဦးကို မည်သူက မိတ်ဆက်ပေးခဲ့သည်ကို မေးမြန်းခဲ့ရာ ၎င်းတို့၏အထက်လူကြီးများ ကိုယ်တိုင်ပင် တာဝန်ယူကိုင်တွယ်မည်ဟု ဆိုလိုပေသည်။

ထိုသို့ ရိုးရှင်းသော မေးမြန်းမှု၏အကျိုးဆက်များမှာ အပြစ်ပေးခံရခြင်းမှနေ၍ အလုပ်ပြုတ်သွားသည်အထိ ဖြစ်သည်ကို သံသယရှိစရာမလိုချေ။ ၎င်းကို လက်ထောက်အော်ပရေတာမား ကောင်းကောင်းသိလေသည်။ မဟုတ်ပါက သူ၏မျက်နှာ ဖြူဖျော့သွားမည်မဟုတ်ချေ။

"စီအိုအို…အဲဒါ…" လက်ထောက်အော်ပရေတာမားမှာ အနည်းငယ်တွန့်ဆုတ်စွာဖြင့် အမြန်ထရပ်ကာ ပြောသည်။

တစ်စုံတစ်ရာ မှားယွင်းသွား၍ SARFT နှင့် ရင်ဆိုင်ရပါက သူအား ကျောထောက်နောက်ခံပြုထားသူပင် ကူညီပေးနိုင်မည်မဟုတ်ချေ။ ယခုအချိန်တွင် သူ အမှန်တကယ် ကြောက်လန့်နေခဲ့သည်။ (ဘာသာပြန်သူ - SARFT ဆိုတာ The State Administration of Radio, Film and Television ရဲ့အတိုကောက်ဖြစ်ပါတယ်။ တရုတ်အစိုးရရဲ့ထိန်းချုပ်မှုအောက်မှာရှိပါတယ်။ မြန်မာပြည်မှာဆို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆက်ရေးဝန်ကြီးဌာနသဘောမျိုးပါ။ တရုတ်မှာက ကွန်မြူနစ်ဝါဒဆိုတော့ သိကြတယ်မလား)။

ကံကောင်းစွာဖြင့် စီအိုအိုက သတင်းကောင်းကိုပြောပြသည်။ စီအိုအိုသည် မျက်ခုံးများကိုတွန့်ကာ ပြောလိုက်သည်။ “အဲဒီသုံးယောက်ကို သူတို့ဘာသာ သူတို့ အလုပ်လာလျှောက်တာလို့ ငါပြောလိုက်တယ်”

"ဟူး..."

သူ၏စကားကို ကြားသည့်အခါ လက်ထောက်အော်ပရေတာမားမှာ ရှော့ရသွားခဲ့၏။ ထိုနောက် အသက်ပြင်းပြင်းရှူကာ သက်ပြင်းရှည်ကြီး မှုတ်ထုတ်လိုက်သည်။ သူ၏နှလုံးခုန်သံများ ပြင်းထန်နေခဲ့ပြီး ဦးခေါင်းတွင် ချွေးများ ရွှဲနစ်နေခဲ့၏။ သို့သော်....နောက်ဆုံးတွင် သူ အနည်းငယ် စိတ်အေးသွားခဲ့သည်။ သူသည် စီအိုအိုအား ကျေးဇူးတင်စွာ ကြည့်၍ "ကျေးဇူးတင်ပါတယ် ကျေးဇူးတင်ပါတယ် စီအိုအို"

"တော်ပြီ မလိုတာတွေ ပြောမနေနဲ့တော့" စီအိုအိုက လက်ကို ဝှေ့ယမ်းလိုက်ပြီး "မင်းဘာလုပ်ရမလဲ သိသင့်တယ်။ ဒီကိစ္စအတွက် ညှိနှိုင်းနေစရာ မရှိဘူး"

"ဟုတ်ကဲ့ပါ။ ကျွန်တော် ဘာလုပ်ရမလဲ သိပါတယ်" လက်ထောက်အော်ပရေတာမားက အကြိမ်ကြိမ်ခေါင်းညိတ်သည်။

ထိုအချိန်တွင် သူသည် စီအိုအိုအား လုံး၀ မကျေနပ်ခြင်း မရှိတော့ချေ။

“ကျန်တဲ့သူတွေရော” စီအိုအိုက အကြီးအကဲများအားလုံးကို လှည့်ပတ်ကြည့်လိုက်ကာ “ဒီကိစ္စအတွက် လူတိုင်းမှာ တာ၀န်ရှိတယ်။ ဒါကြောင့် တစ်ယောက်ချင်းစီ ဒါကို စနစ်တကျကိုင်တွယ်ရမယ်။ မှန်မှန်ကန်ကန်မလုပ်နိုင်ရင် ဒီလအတွက် ဘောနပ်စ်တွေအားလုံး ပယ်ဖျက်ပစ်မယ်”

ထိုစကားကိုကြားသည်နှင့် အားလုံး၏မျက်နှာများ ပြောင်းလဲသွားသည်။ သူတို့သည် အနည်းငယ် အကူအညီမဲ့သွားသလို ဒေါသလည်းဖြစ်သွားကြသည်။

သူတို့အားလုံးသည် ဤပြဿနာတွင် ငြိတွယ်ကုန်ကြလေသည်။

“လူတိုင်း အခု အလုပ်သွားလုပ်သင့်ပြီ” စီအိုအို စာရွက်များကို ကောက်ယူကာ ထွက်သွားခဲ့သည်။

လက်ထောက်အော်ပရေတာမားက နောက်မှ အမြန်လိုက်သွားသည်။

နာရီဝက်ခန့်အကြာတွင် ဒိုင်သုံးယောက်အား ခေါ်ရသည့်အစီအစဉ် ပြီးသွားခဲ့သည်။

အစီအစဉ်မှူးက အစီအစဉ်ကို နိဂုံးချုပ်စကား ပြောလိုက်စဉ် ပုံရိပ်တစ်ခုက အလျင်စလို ဝင်လာခဲ့သည်။

"ရပ်လိုက်"

ထိုပုံရိပ်က အော်လိုက်သည်။

လူတိုင်း လှည့်ကြည့်လိုက်ရာ ထိုပုံရိပ်က လက်ထောက်အော်ပရေတာ မား ဖြစ်သည်ကို တွေ့လိုက်ရပြီး အံ့သြသွားကြသည်။ ဤအချိန်တွင် သူသည် မျက်မှောင်ကြုတ်ထားကာ ကြောက်စရာကောင်းသည့် အမူအရာရှိနေသည်။

"ရပ်လို့ ငါပြောနေတယ်လေ။ ငါပြောနေတာ မကြားဘူးလား။ ရိုက်ကူးနေတာကို ရပ်လိုက်" လက်ထောက်အော်ပရေတာက သူတို့အား အော်ဟစ်ကြိမ်းမောင်းပြီးနောက် လူဝကြီးနှင့်အခြားဒိုင်နှစ်ယောက်ကို ကြည့်ကာ "မင်းတို့ သုံးယောက် ဒီကိုလာဦး"

ဝှစ်...

သူတို့သုံးယောက်မှာ စိုးရိမ်စိတ်များဖြင့် နှလုံးသားများ ခုန်ပေါက်သွား၏။ သူတို ထရပ်ကာ ဘာမှ မပြောဘဲ လက်ထောက်အော်ပရေတာမား၏နောက်မှ လိုက်သွားကြသည်။

"မင်းရဲ့နောက်ဆုံး ရှိုးက ဘယ်လိုဖြစ်တာလဲ" လက်ထောက်အော်ပရေတာမားက မျက်ခုံးပင့်ကာ ပြောသည်။

"ဘယ်ဟာကိုပြောတာလဲ" လူဝကြီးက သတိကြီးစွာမေးသည်။

သူတို့သုံးယောက်မှာ ကြိုးအနည်းငယ်ကိုဆွဲကာ လက်ထောက်အော်ပရေတာများအား ဤနေရာတွင် အလုပ်လုပ်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။ (ကြိုးဆွဲတယ်ဆိုတာ အချိတ်အဆက်နဲ့ ဝင်လာတာကို ပြောတာပါ)။ ထို့ကြောင့် လက်ထောက်အော်ပရေတာများ၏ ဒေါသထွက်နေသည့်ပုံကို မြင်သည့်အခါ သတိထားနေကြပြီး ပေါ့ပေါ့ဆဆ မပြောဝံ့ချေ။

"မင်း ငတုံးလုပ်တမ်း ကစားနေတာလား" လက်ထောက်အော်ပရေတာများက သူတို့အား စိုက်ကြည့်ကာ ဘာမှ ထပ်မပြောချင်တော့ချေ။ သူ၏လေသံက အေးစက်လာပြီး "ကောင်းပြီ ငါလည်း ဘာအကြောင်းပြချက်မှ စိတ်မဝင်စားဘူး။ မင်းတို့ သုံးယောက် ငွေကြေးဌာနကိုသွားပြီး အခုချက်ချင်း မင်းတို့လစာကို သွားယူလိုက်ဖို့ ငါလာပြောတာ။ ပြီးရင် မြန်နိုင်မှု မြန်အောင် ထွက်သွားကြတော့"

"ဘာ"

သုံးယောက်လုံး ရှော့ရသွားပြီး မျက်နှာအမူအရာများ အကြီးအကျယ်ပြောင်းလဲသွားကြသည်။

"အစ်ကိုကြီးမား ဘာဖြစ်နေတာလဲ။ ဘာလို့လဲ" လူဝကြီးက အမြန်မေးသည်။ "မကြာခင်ကဖြစ်ခဲ့တဲ့ အွန်လိုင်းလူထုရဲ့ ထင်မြင်ချက်တွေကြောင့်လား။ အစ်ကိုကြီးမား အဲဒါ တိုက်ခိုက်နေတာပဲ။ ကျွန်တော်တို့ အစီအစဉ်ကို ပုံမှန်အတိုင်း ရိုက်ကူးခဲ့တာပါ။ ဟန်ယန်က ကျွန်တော်တို့ကို မှားပြီး စွပ်စွဲအသေရေဖျက်နေတာ။ ကျွန်တော်တို့ သူ့ကို တရားစွဲဖို့ ပြင်ထားပါယ်။ အစ်ကိုကြီးမား အဲဒါက အကြောင်းပြချင်ဆိုရင် အစ်ကိုကြီး ကျွန်တော်တို့ကို ကူညီပေးပါဦး"

"သူ့ကို တရားစွဲမှာလား" လက်ထောက်အော်ပရေတာမားက ဒေါသတကြီးရယ်မောလိုက်ပြီး သွားများကို ကြိတ်ကာ "မင်းဘာလုပ်နိုင်လဲဆိုတာ မင်းမတွေးနိုင်ဘူးလား။

မင်းရဲ့အရည်အချင်းကို မင်းမသိဘူးလား။ဟာန်ယန်နဲ့ ယှဉ်နိုင်မယ်လို့ မင်းထင်လားဟမ်။ သူက ရက်ပိုင်းအတွင်း လက်ရာမြောက်တဲ့ သီချင်းအပုဒ် ၅၀ ထုတ်ခဲ့တယ်။ မင်းက ဘာကို ပြနိုင်လဲ။ မင်းတို့ ဒီကိစ္စကြောင့် အထက်လူကြီးတွေက ငါ့ကို ဖိအားပေးနေပြီဆိုတာသိလား။ မင်းတို့က ငါ့ကိုပါ ဆွဲထည့်လုနီးပါးဖြစ်နေပြီ။ အခုချက်ချင်း ငါ့ရှေ့ကထွက်သွားကြစမ်း။ နောက်တစ်ခါ ငါ့မျက်စိရှေ့ ပေါ်မလာကြနဲ့”

“အာ...”

သူတို့သုံးယောက်မှာ သေချင်လောက်အောင် ဖြူဖျော့သွားကြသည်။

ဤကိစ္စက ကြီးမားသည့် ပြဿနာကြီးတစ်ခုအဖြစ် ပြောင်းလဲသွားလိမ့်မည်ဟု သူတို့ မမျှော်လင့်ထားခဲ့ချေ။

“မင်းတို့က ငါနောက်တစ်ခါ ထပ်ပြောစေချင်တာလား” သူတို့သုံးယောက်၏အမူအရာကို မြင်သည့်အခါ

လက်ထောက်အော်ပရေတာမားက အေးစက်စက်ပြောလိုက်သည်။ "မင်းတို့တွေ ဒီနယ်ပယ်နဲ့ သင့်တော်တယ်လို့ ငါမထင်ဘူး။ နောင်ကျရင် ဂရုစိုက်ကြပေါ့"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ပြီး ယက်ကန်ယက်ကန်ဖြင့် ထွက်သွားကြသည် ဘဏ္ဍာရေးဌာနကိုပင်မသွားတော့ဘဲ ရုပ်မြင်သံကြားဌာနမှ တစ်ခါတည်း ထွက်သွားကြလေသည်။ မျက်မှန်တပ်ထားသူ၏အိမ်သို့ရောက်သည်အထိ တစ်လျှောက်လုံး စကားမပြောခဲ့ကြချေ။

"ဟူး…ငါတို့ ဘာလုပ်ကြမလဲ" လူဝကြီးက သက်ပြင်းလေးကြီးချကာ ပြောသည်။

"ငါတို့လုပ်ရမှာလဲ ငါတို့ဘာမှ လုပ်လို့မရဘူး" မျက်မှန်တပ်ထားသောလူက မျက်မှန်ထူကြီးကိုချွတ်လိုက်ပြီး ကုတင်ပေါ် ပစ်တင်လိုက်သည်။ ထိုနောက် လေးပင်သည့်အသံဖြင့် "ငါတို့ အဲ့ဒါကို

ဒီတိုင်းလွှတ်မပေးနိုင်ဘူး။ ငါတို့မှာ ပြဿနာတွေအများကြီးနဲ့ အဆုံးသတ်သွားတယ်။ အဲဒါ မစ္စတာလီမှာ တာဝန်ရှိတယ်”

“ဟုတ်တယ်။ သူ့အတွက်ကြောင့်မဟုတ်ရင် ငါတို့ ဒီထဲ ဝင်ပါမိမှာ မဟုတ်ဘူး။ ငါတို့ရဲ့ ဆုံးရှုံးမှုအတွက် သူ လျော်ကြေးပေးရမယ်” ဆံပင်ဆံတောက်နှင့်လူ၏မျက်လုံးများ တောက်ပလာသည်။

“ငါသူ့ကို ဖုန်းခေါ်လိုက်မယ်” လူဝကြီးက သူ၏ဖုန်းကိုထုတ်ကာ လီချန်း၏နံပါတ်ကို ခေါ်လိုက်သည်။

“မစ္စတာလီ။ ငါတို့သုံးယောက် တီဗီဌာနက ထုတ်ခံလိုက်ရပြီ။ အဲ့ဒါ မင်းကြောင့်ပဲ။ မင်း ဒီကိစ္စကို ဘာလုပ်ပေးဖို့ စီစဉ်ထားလဲ။ မင်း ငါတို့ကို ဘာမှဖြေရှင်းမပေးရင် ငါတို့ ဒီကိစ္စကို လူထုကို ပြောပြပြီးတော့…”

ဖုန်းခေါ်ဆိုမှုမှာ နာရီဝက်ကျော်ကြာခဲ့သော်လည်း နောက်ဆုံးတွင် လီချန်းသည် ၄င်းတို့အား နစ်နာကြေးအဖြစ်

လူတစ်ယောက်လျှင် ယွမ် ၁.၅ သန်းပေးရန် သဘောတူခဲ့လေသည်။

လီချန်း၏နှလုံးသားမှာ နာကျင်နေခဲ့ပြီး ယွမ် ၄.၅ သန်းနှင့် ယွမ် ၃ သန်းတို့ အပါအဝင် စုစုပေါင်း ယွမ် ၇.၅ သန်း ဆုံးရှုံးခဲ့ရသည်။

"အဲဒါ ဟန်ယန် စောက်ပြဿနာကောင်ကြောင့်ပဲ"

လီချန်း ဒေါသတကြီး ကျိန်ဆဲလိုက်ပြီး ချက်ချင်းပင် စိတ်မသက်မသာ ခံစားလိုက်ရသည်။ သူသည် ဖုန်းကိုထုတ်ကာ ပေကျင်း ဖုန်းနံပါတ်တစ်ခုကို ခေါ်ဆိုလိုက်သည်။

"ဟဲလို အဲဒီမှာ အခြေအနေဘယ်လိုရှိလဲ"

"ဖီယန်က ဒီနေ့ နေ့လည်မှာ အစီအစဉ်အတိုင်း ရိုက်ကူးရေးလုပ်မယ်"

"စီစဉ်ထားတဲ့အတိုင်းလုပ်ပါ။ ပြီးသွားရင် ငါ့မင်းကို ကောင်းကောင်းဆုပေးမှာပါ" လီချန်းက နာကျင်စွာ ပြောသည်။

"ကောင်းပြီ ငါ့ကိုစောင့်နေပါ"

ပြောပြီးသည်နှင့် ထိုလူက ဖုန်းချသွားသည်။ ဤအခိုက်တွင် လီချန်သည် အမှန်တကယ် နာကျင်စွာ ခံစားလိုက်ရသည်။ သူတို့နှစ်ဦးအား တစ်ဦးလျှင် ယွမ် ၁ သန်းပေးမည်ဟု ကတိပေးထားသည့်အတွက် စုစုပေါင်း ယွမ် ၉.၅ သန်း သုံးခဲ့ရသည်။ သို့သော် သူ၏စုစုပေါင်းပိုင်ဆိုင်မှုမှာ ယွမ် သန်း ၂၀ ထက်နည်း၏။ တကယ်တမ်းတွင် သူတို့၏ပိုင်ဆိုင်မှု တစ်ဝက်အထိ ကုန်ဆုံးလိုက်ရပါက မည်သူမဆို နာကျင်ခံစားရမည်ပင်။

သို့သော် သူသည် ဇီယန်အား အပိုင်ရရှိသည်နှင့် သူမကို ကောင်းကောင်းအသုံးချကာ ရလာမည့်အကျိုးအမြတ်များသည် ယွမ် ၁၀ သန်းထက်မနည်းမည်ကို ယုံကြည်သည်။

ပေကျင်းတီဗီဌာနအတွင်းရှိ ရိုက်ကူးရေးစတူဒီယိုတစ်ခုတွင် နေ့လည် ၂ နာရီ၌ ဟက်ပီးရှူးကို စတင်ခဲ့သည်။

ဇီယန်နှင့် အခြားကြယ်ပွင့်သုံးဦးသည် စင်မြင့်ပေါ်တွင် ဂိမ်းကစားကြပြီး စုစုပေါင်း ဟို့တ်ငါးဦးဖြင့် မေးခွန်းအချို့ကို ဖြေဆိုခဲ့ကြသည်။

ဇီယန်၏ရိုးရှင်းသောအရည်အချင်းကိုပြသအပြီးတွင် ဟို့တ်တစ်ယောက်ဖြစ်သည့် အန်းချန်က သူ၏ထိုးစစ်ကို စတင်ခဲ့သည်။

“ဇီယန် မင်းက အတော်ကြီးမားတဲ့ရိုက်ခတ်မှုဖြစ်ခဲ့တယ်။ တခြားအစီအစဉ်တစ်ခုမှာ ဒိုင်လူကြီးတွေရဲ့အကဲဖြတ်မှုကို မေးခွန်းထုတ်ခဲ့တယ်လို့ ကြားတယ်။ အဲဒီအချိန်တုန်းက မင်း ဘာတွေးနေလဲဆိုတာ ပြောပြပေးနိုင်မလား”

ထိုစကားကိုကြားသည်နှင့် လေထုမှာ အေးစိမ့်လာသည်။ ဇီယန်သည် ခံစားချက်အနည်းငယ်ကိုပြသခဲ့ပြီး ဘာမှပြန်မဖြေခဲ့ချေ။

ထိုအချိန်တွင် ဖီးကွန်ထရိုးတာဝန်ကိုယူထားသည့် ဟို့တ်က လျင်မြန်စွာ ဝင်ရောက်ပြောလိုက်သည်။ “ရှောင်အန်းပြောချင်တာက ဇီယန်ရဲ့ အတွေးကို လူတိုင်းက သိချင်နေတာကြောင့်ပါ။ ဟုတ်ပါတယ်။ အားလုံးက ဇီယန်ကို ထောက်ခံကြပါတယ်။ အဆင်ပြေရင် လူတိုင်းသိချင်နေတဲ့အတွက် ဖြေပေးလို့ရပါတယ်။ အဆင်မပြေရင်လည်း ဒီမေးခွန်းကို ကျော်သွားလို့ရပါတယ်”

သူပြောပြီးသည့်အခါ သူက အန်းချန်အား ထူးဆန်းသည်အကြည့်တစ်ချက် ပေးလိုက်သည်။ တကယ်တမ်းတွင် ဤသို့သော ပြဿနာမျိုးက တိတ်တိတ်နေရန်သာ သင့်ပေသည်။

"ကျွန်မ ပြောလို့ရပါတယ်" ဤအခိုက်တွင် ဇီယန်က ခေါင်းကို ဖြည်းညှင်းစွာ ခါလိုက်ပြီး "လူတိုင်း ကြားဖူးတဲ့ စကားပုံတစ်ခုရှိတယ်။ အဲဒါက ဝက်တွေရဲ့ရှေ့ကို ပုလဲလုံးတွေ ပစ်ထည့်လိုက်တာပဲ"

"ဝက်တွေရဲ့ရှေ့မှာ ပုလဲလုံးတွေ ပစ်ထည့်လိုက်တာလား" နောက်ထပ် နောက်ထပ် ဆံပင်ဘိုကေနှင့်လူတစ်ယောက်က ထက်ရှသောစကားများပြောလိုက်သည်။ "ဇီယန် မင်းက လိုရင်းကို မပြောခဲ့ဘူး။ ဒါပေမယ့် အခု မင်းက အဲဒီအချိန်တုန်းက ဝက်တွေရဲ့ရှေ့ကို ပုလဲလုံးတွေပစ်ထည့်တယ်လို့ ပြောနေတယ်။ အဲဒီအကဲဖြတ်ဆရာတွေကို ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်နေတာလား။ ဒါမှမဟုတ် မင်းနောက်မှာ မကြာခင်က နာမည်ကြီးလာတဲ့ ဟန်ယန်ရှိနေလို့ ယုံကြည်မှုရှိနေတာလား"

"ဖူး..." ဖီးကွန်ထရိုးဟို့တ်မှာ တံတွေးသီးမတတ်ဖြစ်သွားလေသည်။ သူသည် အလျှင်အမြန်

ဝင်ပြောလိုက်သည်။ "ဒီအသုံးအနှုန်းက အဓိပ္ပာယ်အမျိုးမျိုးရှိပါတယ်။ ဒါကြောင့် ိစတ်အနှောင့်အယှက်ဖြစ်ဖို့ မလိုပါဘူး။ အချိန်အကြာကြီး စကားပြောထားတော့ လူတိုင်းရေဆာနေလောက်ပြီ။ ကျေးဇူးပြုပြီး ရေသောက်ကြပါဦး။ ဝန်ထန်းတွေ ငါတို့ ခဏလောက် နားကြမယ်။ ပြီးမှ နောက်တစ်ဆင့် ဆက်ရိုက်ကြမယ်"

သူပြောပြီးသည်နှင့် သူသည် အန်းချန်၊ ဆံပင်ဘိုကေလူတို့နှင့်အတူ အမြန်ထွက်သွားခဲ့သည်။ သူသည် သူတို့အား မေးခွန်းအနည်းငယ်မေးခဲ့သော်လည်း သူတို့က မဖြေခဲ့ကြချေ။ သို့သော် သူတို့ စကားပြောပြီးသည့်အချိန်တွင် နှစ်ယောက်လုံး၏ဖုန်းများ မြည်လာသည်။ မက်ဆေ့ချ်များကို ဖတ်ပြီးသည်နှင့် သူတို့၏မျက်နှာများ ပြောင်းလဲသွားကြသည်။

တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြရာ သူတို့၏မျက်လုံးများတွင် ထိတ်လန့်မှုများရှိနေသည်ကို တွေ့လိုက်ရသည်။

ကျန်းရှမ်တီဗီဌာနမှ အကဲဖြတ်ဒိုင်သုံးယောက်အား အလုပ်ထုတ်ပယ်လိုက်ပြီဖြစ်သည်။

ဟူး...

ဤသည်မှာ အမှန်တကယ် မိုင်းကွင်းတစ်ခုဖြစ်လေသည်။ ယီးမဲ လီချန်း...မင်းက ငါတို့ကို လှည့်စားချင်နေတာလား.။

သူတို့ ထိန်လန့်နေသည့်အချိန်မှာပင် အစီအစဉ်အား ဆက်၍ ရိုက်ကူးကြလေသည်။

ဤတစ်ကြိမ်တွင်တော့ ဟို့တ်ဖြစ်သူ စကားပြောသည်ကိုပင်မစောင့်တော့ဘဲ ဆံပင်ဘိုကေနှင့်လူက ဇီယန်အား အလျင်စလို ပြောလိုက်သည်။

“ဇီယန် ခုနက ငါနည်းနည်းပင်ပန်းနေလို့ ရှင်းရှင်းလင်းလင်း မပြောမိတာပါ။ မင်း အရင်တစ်ခေါက်က ဝက်တွေရဲ့ရှေ့မှာ ပုလဲလုံးတွေပစ်ထည့်မိတယ်ဆိုတာ အမှန်ပဲ။ တချို့လူတွေက သူတို့မသိတာကို နားလည်ချင်ယောင်ဆောင်ကြတာ။ ငါတို့က ဒီလိုလူမျိုးတွေအတွက် စိတ်တိုနေဖို့မလိုပါဘူး။ ဟားဟား တကယ်တော့ ငါက မင်းမှာ ဟန်ယန်နဲ့ ဆက်ဆံရေးကောင်းရှိလားဆိုတာ သိချင်တာပါ”

“ဟုတ်တယ် ငါလည်း အဲဒါကို သိချင်တာပါ” အန်းချန်က ထပ်ပေါင်းပြောသည်။ “ဇီယန်ဆိုခဲ့တဲ့ သီချင်းတွေက ထိပ်တန်းအရည်အသွေးမဟုတ်ပေမယ့် မင်းရဲ့အသံနဲ့ သီဆိုနိုင်စွမ်းက လုံးဝကို ထူးချွန်ပါတယ်။ ငါ့အမြင်မှာတော့ မင်းရဲ့အသံက ထိပ်တန်းဖြစ်ပြီး သဘာဝဆန်တယ်။ ငါ့အိမ်မှာ မင်းရဲ့အယ်လ်ဘမ်တွေအားလုံးရှိတယ်”

…

-အပိုင်း(၂၂၁) ပြီး

wunzinnosp

အပိုင်း(၂၂၂) မဟူရာနတ်ဆိုးအရိပ်

သူတို့နှစ်ဦး၏စကားကိုကြားသည့်အခါ ဖီးကွန်ထရိုးဟို့တ်အပြင် အခြားသူများအားလုံးပါ အေးခဲသွားကြသည်။

ခုနကလေးတင် သူတို့သည် ဆိုးရွားသည့်စကားများကို ပြောဆိုခဲ့ကြလေသည်။ အခု သူတို့၏စကားနောက်တွင် ဘာကြောင့် စွမ်းအားများ ပျောက်ကွယ်သွားရပါနည်း။ ဖားယားသည့်အရိပ်အယောင်များပင် ပါဝင်နေလေသည်။

သို့သော် ဤသို့သောလေထုက မဆိုးလှချေ။ ဟက်ပီးရှိုးမှာ ပျော်ရွှင်မှုကို အသားပေးသည့်အတွက်ကြောင့် လူများကို

စိတ်အေးလက်အေးဖြင့် ပေါ့ပေါ့ပါးပါးဖြစ်စေမည့် အစီအစဉ်တစ်ခုပင်ဖြစ်သည်။

ဇီယန်ပင်လျှင် ဘာမှပြန်မပြောခင် သူတို့နှစ်ယောက်အား ထူးထူးဆန်းဆန်းကြည့်လိုက်မိသည်။ သူမသည် လှပသည့်မျက်လုံးလေးများဖြင့် ကင်မရာကိုကြည့်ကာ အနည်းငယ်ခေါင်းညိတ်၍ ပြောသည်။

“ကျွန်မအတွေးက ရှင်တို့ဟို့တ်နှစ်ယောက်ဖြစ်သလိုပါပဲ။ ကျွန်မ သူတို့ရဲ့ရည်ရွယ်ချက်ကို မေးခွန်းထုတ်ခဲ့တယ်။ ကျွန်မသီချင်းတွေက ထိပ်တန်းအရည်အသွေးမဟုတ်သလို ကျွန်မအယ်လ်ဘမ်တွေကလည်း ရောင်းအားမကောင်းပါဘူး။ ဒါပေမယ့် ကျွန်မသီချင်းဆိုတာက ဆိုးရွားနေမယ်လို့တော့ ကျွန်မ မယုံကြည်ဘူး”

“မင်းပြောတာ လုံးဝမှန်တယ်” အန်းချန်က လက်ခုပ်တီးကာ ပြောသည်။ “အားလုံးသိတဲ့အတိုင်းပဲ။

ဇီယန်ရဲ့အသံက နတ်ပြည်က နတ်သမီးလေးရဲ့အသံလိုမျိုး သာယာပါတယ်...”

အန်းချန်သည် အခြားဟို့တ်များအား အံ့အားသင့်သွားစေလောက်သည့် စကားလုံးအသစ်များကို အသုံးပြုခဲ့လေသည်။ ဤနှစ်ယောက်၏သဘောထားက အနားမယူခင်ကနှင့် အနားယူအပြီးမှာ ဘာကြောင့် ကွာခြားသွားရပါသနည်း။ သောက်လိုက်တဲ့ ရေဘူးထဲမှာ တကယ်ကိုအစွမ်းထက်တဲ့ဆေးများ ပါဝင်နေသလား။

သူမအား အနည်းငယ် မြှောက်ပင့်ပြောဆိုပြီးနောက်တွင် သူတို့၏အစီအစဉ်ကို ပုံမှန်အတိုင်း ဆက်လက်ရိုက်ကူးခဲ့ကြသော်လည်း အန်းချန်နှင့် ဆံပင်ဘိုကေလူတို့မှာ ဇီယန်အား ဆက်လက်အာရုံစိုက်နေခဲ့ကြသည်။ ဇီယန်အား စခရင်တိုင်း(ပြသချိန်) ပိုပေးရန်အတွက် လွယ်ကူ၍ စိတ်ဝင်စားစရာကောင်းသော မေးခွန်းအချို့ကို မေးခဲ့လေသည်။

ရိုက်ကူးရေးတွင် အထစ်အငေါ့မရှိခဲ့သည်ကို ငြင်းဆိုနေစရာမလိုပေ။

ဖျော်ဖြေရေးနယ်ပယ်မှလူတိုင်းသည် ဤကိစ္စနှင့်ပက်သက်၍ နေ့လည်ပိုင်းသာ အချိန်ယူခဲ့ရသည်။

ကျန်းရှမ်တီဗီမှ အကဲဖြတ်ဒိုင်သုံးယောက်ကို အင်တာနက်သုံးစွဲသူပေါင်းများစွာက ကွဲ့ရဲ့ပြစ်တင်ခဲ့ကြသည်။ ထို့ကြောင့် နောင်အနာဂတ်တွင် ထိုသုံးယောက်နှင့်ပတ်သက်သည့် ထုတ်လွှင့်ပြသမည့်အစီအစဉ်များနှင့် မရိုက်ကူးရသေးသည့်အစီအစဉ်များအားလုံးကို ပိတ်ပင်ခဲ့ကြသည်။ SARFT သည် ကြေငြာချက်မထုတ်ပြန်သော်လည်း ထိုသုံးဦးအား အသိုင်းအဝန်းမှ ဖယ်ရှားလိုက်ကြောင်း သိသာလေသည်။

သူတို့အတွက် ဖြစ်နိုင်ချေမရှိသော်လည်း သူတို့၏မျက်စိရှေ့တွင်ပင် ဖြစ်ပျက်သွားခဲ့သည်။

ထိုအချိန် ဟောင်ကောင်တော်ဝင်ဖျော်ဖြေရေးကုမ္ပဏီတွင်...

မိန်ချီသည် အစည်းအဝေးတစ်ခုကျင်းပရန် အလုပ်များနေခဲ့၏။

အစည်းအဝေးခန်းထဲတွင် လူ ၁၃ ယောက် ၁၄ ယောက်ခန့်ရှိပြီး အားလုံးမှာ ဌာနမှူးများဖြစ်ကြသည်။

"ကျန်းရွှမ်တီဗီက အဖြစ်အပျက်ကို အားလုံးသိကြမှာပေါ့။ မင်းတို့ရဲ့ အထင်အမြင်တွေက အရင်ပြောကြပါ" မိန်ချီက သက်ပြင်းတစ်ချက်ချလိုက်သည်။ သူမ ခေါင်းကိုက်ရတော့မည့်ပုံပင်။

"ဒီအဖြစ်အပျက်အပြီးမှာ ကျန်းရွှမ်တီဗီနဲ့ကျုပ်တို့ရဲ့ဆက်ဆံရေးက အရင်လို မဖြစ်နိုင်တော့ဘူးဆိုတာ ပြောနေစရာမလိုပါဘူး။ နောက်ဆုံးတော့ ကျုပ်တို့ကုမ္ပဏီက အနုပညာရှင်တစ်ယောက်ကြောင့် ကျန်းရွှမ်တီဗီဌာက

သူတို့ရဲ့ဒိုင်သုံးယောက်ကို အလုပ်ထုတ်လိုက်ကြတယ်။ ပြီးတော့ သူတို့စီအိုအိုကို သူ့အထက်လူကြီးတွေက ဝေဖန်ပြစ်တင်ခဲ့တယ်လို့ ကျုပ်ကြားတယ်”

ငင်းတို့ထဲမှ အသက်လေးဆယ်ကျော် လူလတ်ပိုင်းအမျိုးသားက ပြောသည်။ “ဘာပဲဖြစ်ဖြစ် ကျုပ်တို့ကုမ္ပဏီက အနုပညာရှင်တစ်ယောက်အနေနဲ့ ကျန်းရွှမ်တီဗီနဲ့ဆက်ဆံရေးပြတ်သွားရတဲ့အတွက် ဇီယန် တာဝန်ယူသင့်ပါတယ်။ ဒါပေမယ့် သူမက ဒီတစ်ကြိမ်မှာ အောင်မြင်မှုအလှည့်အပြောင်းတစ်ခု ရရှိခဲ့တယ်။ ဒီပြဿနာအရမ်းဟော့ဖြစ်လာပြီးတဲ့နောက်မှာ သူမက တစ်ဖန်ပြန်ပြီး ရေပန်းစားလာပြီး ကုမ္ပဏီအတွက် ရရှိမယ့်အမြတ်က ပျက်စီးသွားတဲ့ဆက်ဆံရေးကိုကာမိဖို့ လုံလောက်တာထက် ပိုနေလိမ့်မယ်ဆိုတာ သေချာပါတယ်

လူလတ်ပိုင်း၏အကဲဖြတ်မှုမှာ အလွန်ကျိုးကြောင်းသင့်ပေသည်။ တကယ်တမ်းတွင် သူသည်

ဇီယန်၏အနာဂတ်အလားအလာကို သလောကျသော်လည်း သူသည် အရင်းအမြစ်များကို ကိုင်တွယ်ရသူမဟုတ်ဘဲ လူမှုပြန်ကြားရေးကို တာဝန်ယူထားရသူဖြစ်လေသည်။ ကုမ္ပဏီက ဇီယန်အား အရင်းအမြစ်မထောက်ပံ့ခြင်းသည် ထူးဆန်းသည်ဟု သူခံစားခဲ့ရ၏။ မိန်ချီက လွန်ခဲ့သည့်နှစ်များတွင် ဇီယန်ထွက်ခွာသွားခဲ့သည့်အတွက် တမင်သက်သက် နှိပ်စက်နေခြင်းဖြစ်မည်ဟု သူထင်ခဲ့၏။ ယခုတွင်မူ ကျန်းရှမ်တီဗီနှင့်အဖြစ်အပျက်ပြီးနောက်တွင် ဇီယန်သည် ခြေတစ်လှမ်းသာ လိုတော့ပြီး ကုမ္ပဏီဘက်မှ သူမအား ပရိုမိုးရှင်းလုပ်ပေးရန် အခွင့်အရေးကို လက်လွှတ်လိုက်ရပါက အလွန်ရှက်စရာကောင်းလိမ့်မည်ဟု သူခံစားရသည်။

“ရှင်ပြောတာ ကျိုးကြောင်းသင့်ပါတယ်” မိန်ချီ စိတ်ထဲမှ သက်ပြင်းချလိုက်သည်။

လီချန်းသည် ဤကိစ္စကြောင့် အလွန်ဒေါသထွက်နေခဲ့သည်။ ဧယန်သည် ဤမျှ ကံကောင်းပြီး ဟန်ယန်၏ထောက်ပံမှုကို ရရှိလိမ့်မည်ဟု သူမ မမျှော်လင့်ခဲ့ပေ။ ဤသည်က သူတို့၏အစီအစဉ်ကို လုံးဝ ပျက်စီးသွားစေသည်။ လီချန်း၏သူငယ်ချင်းအများစုက သူ့အား လှောင်ပြောင်ရန် ဖုန်းခေါ်ခဲ့ကြပြီး အချို့ကဆိုလျှင် ဆဲဆိုလုနီးပါးပင်။

“တခြားသူတွေလည်း ရှင်တို့ရဲ့အမြင်တွေကို လွတ်လွတ်လပ်လပ် ပြောပြကြပါ” မိန်ချီက သူတို့အား လှည့်ပတ်ကြည့်လိုက်ရင်း ပြောသည်။

“သူမကို ပရိုမို့လုပ်ဖို့ ဒီအခွင့်အရေးကို အရယူသင့်တယ်လို့ ကျုပ်ထင်ပါတယ်။ ဧယန်ရဲ့အောင်မြင်မှုက အကျိုးအမြတ်တွေအများကြီး ပေးနိုင်တယ်။ အရင်တုန်းက သူမရဲ့ငွေရှာနိုင်စွမ်းက နှစ်ယောက်မရှိခဲ့တာကို ပြောနေစရာတောင်မလိုဘူး”

"ဟုတ်ပါတယ်။ ကျုပ်လည်း အဲ့လိုပဲထင်ပါတယ်"

"ဒီကိစ္စကို လျစ်လျူရှုထားလို့ ရလိမ့်မယ်လို့ ကျွန်မမထင်ဘူး" နောက်ဆုံးတွင် ဆန့်ကျင့်ဘက်သဘောထားကို ကြားလိုက်ရလေသည်။

မိန်ချီ၏မျက်လုံးများ တောက်ပသွား၏။ သူမ လှမ်းကြည့်လိုက်ရာ လီချန်းအား ထောက်ခံသည့် အမျိုးသမီးကို တွေ့လိုက်ရသည်။ ထို့ကြောင့် သူမက အားတက်သရောလေသံဖြင့် "ရှင့်ရဲ့အတွေးအမြင်ကို ပြောပါဦး"

"ကောင်းပါပြီ" သူမ၏စကားကိုကြားသည့်အခါ ပိုနီတေးနှင့်အမျိုးသမီးက ခေါင်းညိတ်ကာ ပြောသည်။ "ဇီယန်က ဒီကိစ္စမှာ အောင်မြင်မှုနဲ့အဆုံးသတ်သွားပေမယ့် အစီအစဉ်မှာတုန်းက ကျိုးဖေးပြောခဲ့တာကို မေ့မထားသင့်ဘူး။ အကဲဖြတ်ဒိုင်တွေကို စော်ကားတာက မကောင်းဘူးလေ။

သူတို့က ကျွန်မတို့ကုမ္ပဏီကို ကိုယ်စားပြုတယ်။ ဒါကြောင့် ပုံမှန်လောကဝတ်ပြုရင်တောင် လက်သင့်မခံနိုင်ဘူး”

ထိုစကားကိုကြားသည့်အခါ လူတော်တော်များများက ငြင်းဆိုရန် အဆင်သင့်ဖြစ်နေကြလေသည်။ သို့သော် သူတို့ဘာမှ မပြောရသေးခင်မှာပင် မိန်ချီ ပြောလိုက်၏။ “ဟုတ်တယ်။ ငါလည်း အဲ့လိုပဲထင်တယ်။ ငါတို့ သူမကို ခဏလောက် ဆိုင်းငံ့ထားသင့်တယ်။ လူထုရဲ့သဘောထား အပြောင်းအလဲရှိမရှိကို စောင့်ကြည့်ရမယ်”

“ဟန်ယန်က ဒီလောက် ဩဇာကြီးလိမ့်မယ်လို့ မမျှော်လင့်ထားမိဘူး” ပိုနီတေးနှင့်အမျိုးသမီးက ခေါင်းယမ်းကာ ပြောသည်။

“အမှန်ပဲ” သက်လတ်ပိုင်းလူက ထပ်ပြောသည်။ “ဟန်ယန်ရဲ့ပို့စ်တစ်ခုတည်းကြောင့် ကံဆိုးတဲ့လူသုံးယောက်က အထုတ်ခံလိုက်ရတယ်။ ဒီအသွင်အပြင်နဲ့ ခုချိန်ထိ ဟန်ယန်က လူထုအမြင်ကို

လမ်းပြပေးနိုင်ခဲ့တယ်။ သူ့ရဲ့လွှမ်းမိုးမှုက ကြောက်စရာကောင်းတယ်”

“သူက ဖျော်ဖြေရေးနယ်ပယ်မှာ မြန်မြန်ဆန်ဆန် ရေပန်းစားလာနိုင်တဲ့ပထမဆုံးသူပဲ။ ကြယ်ပွင့် ၅၀ လောက်ရဲ့ အထောက်အပံ့ကိုလည်း ရရှိပြီဆိုတာက မယုံနိုင်စရာပါ”

“အဓိကက ဟန်ယန်က အရမ်းအရည်အချင်းရှိတော့ သူနဲ့သင့်တင့်လျောက်ပတ်တဲ့သူတိုင်း အရမ်းကောင်းတဲ့သီချင်းတွေကို ရရှိဖို့ အခွင့်အရေးရှိတယ်လေ”

“...”

လူများစွာက စိတ်လှုပ်ရှားမှုဖြင့် အကြိမ်ကြိမ် သက်ပြင်းချသည်။

အမှန်ပင် ထိုသို့သော အဖြစ်မျိုးက တော်ဝင်ဖျော်ဖြေရေးကုမ္ပဏီတွင်သာ ဖြစ်ပျက်ခဲ့သည်မဟုတ်ချေ။ အခြားသော

ဖျော်ဖြေရေးကုမ္ပဏီများတွင်လည်း ဤကိစ္စကို အာရုံစိုက် ဆွေးနွေးခဲ့ကြလေသည်။ ၎င်းတို့၏ကောက်ချက်မှာ အကြမ်းချင်းအားဖြင့် တူညီကြသည်။

ဟန်ယန်၏အနေအထားသည် အေအေဆင့် ကြယ်ပွင့်များထက် သာလွန်ခဲ့ပြီး လူထု၏အမြင်ကို လမ်းညွှန်နိုင်မှုက အလွန်ကြောက်စရာကောင်းသည့်အတွက် သူနှင့် ဆက်ဆံရေးအဆင်ပြေသည်က ပိုကောင်းပေသည်။ အနည်းဆုံးတော့ သူ့အား ပေါ့ပေါ့တန်တန် မစော်ကားသင့်ချေ။

မည်သို့ပင်ဖြစ်စေကာမူ ဟန်ယန်သည် လူထု၏မြင်ကွင်းသို့ ရောက်ရှိလာခဲ့သည်။

ကျန်းဟန်သည်ကား ဤကိစ္စနှင့်ပတ်သက်၍ နောက်ဆက်တွဲကို ဂရုမစိုက်ချေ။

နေ့လည် ၂ နာရီခန့်တွင် နေ့လည်စာစားပြီးဖြစ်လေသည်။ စုယွီသည် လုပ်စရာကိစ္စရှိ၍ ဝမ်ရီဟန်နှင့် ပြန်လာခဲ့သည်။

သန့်ရှင်းရေးလုပ်ပြီးနောက်တွင် ကျောက်ဖုန်းသည် ကျန်းဟန်၏အနားသို့ လျှောက်သွားကာ ပြောလိုက်သည်။

"ဆရာ လူတွေကို ရုံးခန်းငှားဖို့ ရှာခိုင်းထားပြီးပါပြီ။ ရက်ပိုင်းအတွင်း သူတို့ထဲက ရွေးလိုက်တော့မယ်။ ဝန်ထမ်း ၅၀ ကလည်း အဆင်သင့်ဖြစ်နေကြပါပြီ။ ပြီးတော့ ကမ်းခြေမျာ လေ့ကျင့်ရေးကွင်းပြင်လည်း လုပ်ပြီးသွားပါပြီ"

"အင်း"

ကျန်းဟန်က ခေါင်းညိတ်ပြပြီး မုန့်မုန့်ကိုကြည့်ကာ ပြုံး၍ မေးလိုက်သည်။ "မုန့်မုန့် လဆန်းတောင်ကိုသွားချင်လား"

"သုခဘုံကိုသွားမို့လား..." မုန့်မုန့်သည် နှုတ်ခမ်းလေးကိုစူရင်း တုံ့ဆိုင်းနေသည်။ သူမလေးသည် တောက်ပသည့် မျက်လုံးဝိုင်းကြီးများဖြင့် တီဗီမှ ကာတွန်းကားကို လှည့်ကြည့်လိုက်သည်။ ကာတွန်းကားကြည့်ချင်သော်လည်း တာဟေးနှင့်လည်း ကစားချင်လေသည်။

ကျောက်ဖုန်းမှာ သူမလေးအား ဆွဲဆောင်ရန် အမြန်ကြိုးစားတော့သည်။

မုန့်မုန့်သာ မသွားချင်ဘူးဆိုရင် ဆရာက သွားမှာမဟုတ်တော့ဘူးဆိုတာ သေချာတယ်။

ထို့ကြောင့် သူက အသံတိုးတိုးဖြင့် အကြံပေးလိုက်သည်။

"မုန့်မုန့် တာဟေးနဲ့ ရှောင်ဟေးက သမီးကို လွမ်းနေတာ…"

"အင်း…ကောင်းပြီ။ သူတို့နဲ့ သွားကစားရအောင်" မုန့်မုန့်သည် ဆိုဖာပေါ်တွင် မတ်တပ်ရပ်က သူမ၏လက်ကလေးများကို ဆန့်တန်း၍ ကျန်းဟန်အား ပွေ့ဖက်လိုက်သည်။

"သွားကြမယ်" ကျန်းဟန်က မုန့်မုန့်၏ခေါင်းလေးကို ပြုံး၍ ပုတ်လိုက်ပြီး မင်းသမီးလေးအား သူ၏ရင်ခွင်ထဲတွင် ပွေ့ချီကာ

တီဗီကို ပိတ်လိုက်သည်။ ထိုနောက် ကျောက်ဖုန်းနှင့် အပြင်ထွက်သွားခဲ့၏။

ဆယ်မိနစ်ခန့်အကြာတွင် သုံးယောက်သား လဆန်းတောင်သို့ ရောက်ရှိသွားကြသည်။

မြင်ခင်းပြင်ပေါ်သို့ ရောက်ရှိသည်နှင့် မုန့်မုန့်၏ခြေထောက်လေးများမှာ စတင်လှုပ်ရှားလေသည်။ သူမလေးသည် ရှေ့သို့ ပြေးလွှားရင်း အော်ဟစ်လိုက်၏။

"ရှောင်ဟေး တာဟေး ငါရောက်ပြီ"

"ဝုတ် ဝုတ် ဝုတ်"

"ဝူး ဝူး"

တောင်နောက်ဘက်မှာ တက်ကြွသည့်အသံနှစ်ခု ထွက်ပေါ်လာပြီး မကြာမီတွင် ဟေးနှစ်ကောင် ပြေးလာလေသည်။ ရှောင်ဟေးမှာ အမြဲ မြန်ဆန်သည့်အတွက်

တာဟေး ယန်မိုးကြိုးသစ်ပင်နား ရောက်ရှိစဉ် သူက မုန့်မုန့်၏ရှေ့သို့ ရောက်နေပြီဖြစ်သည်။

သူသည် မုန့်မုန့်အား လှည့်ပတ်ရင်း အမြီးတယမ်းယမ်းဖြင့် လျှာကိုထုတ်လိုက်သည်။

"ဝုတ် ဝုတ်"

ရှောပေးက ရင်းနှီးစွာဖြင့် နှစ်ကြိမ်ဟောင်လိုက်သည်။

"သွားစို့ကြမယ်" မုန့်မုန့်က သူမ၏လက်ကလေးများကို ရှောင်ပေးဆီသို့ ဆန့်ထုတ်လိုက်သည်။

သူမ၏အပြုအမူကိုမြင်သည့်အခါ ရှောင်ပေးက ကိုယ်ကိုနှိမ့်ကာ မုန့်မုန့်အား ကျောပေါ်ထိုင်ပြီးသည်အထိ ငြိမ်နေလိုက်သည်။

တာပေး အနားသို့ရောက်လာသည့်အခါ မုန့်မုန့် အောက်ပြန်ဆင်းလာသည်။ ထိုနောက် မုန့်မုန့်သည်

တာဟေး၏ပုခုံးပေါ်တွင် ထိုင်ကာ တောင်နောက်ဘက်ရှိ အိမ်မွေးတိရိစ္ဆာန်ဇရိယာသို့ လျှောက်သွားကြသည်။

ကျန်းဟန်နှင့် ကျောက်ဖုန်းသည် ယန်မိုးကြိုးသစ်ပင်အောက်တွင် ရပ်လိုက်ကြ၏။

"ဆရာ ကျွန်တော်တို့ ဘယ်ချိန်သွားကြမှာလဲ" ကျောက်ဖုန်းက မေးသည်။

"မင်းကို မဟာရာနတ်ဆိုးအရိပ်ရဲ့ ရိုးရှင်းတဲ့ကျင့်ကြံခြင်းနည်းစနစ်ကို အရင်သင်ပေးမယ်" ကျန်းဟန်သည် တောင်နောက်ဘက်သို့ လှမ်းကြည့်ရင်း ဖြည်းညှင်းစွာပြောသည်။

"ဟုတ်ကဲ့" ကျောက်ဖုန်း စိတ်လှုပ်ရှားစွာပြောသည်။ နောက်ဆုံးတွင် သူသည် အစွမ်းထက်ကျင့်စဉ်အချို့ကို သင်ယူရတော့မည်ဖြစ်သည်။

"ရိုးရှင်းတဲ့နည်းစနစ်က အရမ်းရှုပ်ထွေးမှုမရှိပါဘူး။ သူ့မှာ လှုပ်ရှားမှု ၃၂ ခုပဲပါဝင်တယ်။ မင်းက ပထမလှုပ်ရှားမှုကို စတင်လေ့ကျင့်ရမယ်။ ပထမလှုပ်ရှားမှုနဲ့ပတ်သက်ပြီး မင်းမှာ ပြဿနာတစ်စုံတစ်ရာမရှိတော့ဘူးဆိုရင် နောက်တစ်ခုကို ဆက်ပြီးလေ့ကျင့်နိုင်တယ်" ကျန်းဟန်က ရိုးရှင်းစွာ ရှင်းပြသည်။

"လှုပ်ရှားမှာ ၃၂ ခုပဲလား။ ဒါဆို သင်ပြီးဖို့ အချိန်သိပ်မကြာပါဘူး" ကျောက်ဖုန်းက ယုံကြည်မှုအပြည့်ဖြင့် ပြောသည်။

"နှစ်ဝက်အတွင်း လှုပ်ရှားမှု ၂၀ အထိ ပိုင်နိုင်သွားရင် လုံလောက်ပါပြီ။ တစ်ချက် ကြည့်။ ဒါက ပထမလှုပ်ရှားမှုပဲ" ကျန်းဟန်က ခပ်ရေးရေးပြုံးလိုက်သည်။

ပြောပြီးသည်နှင့် ကျန်းဟန်သည် လေ့ကျင့်မှုအား စတင်သရုပ်ပြသည်။ သူ၏ဘယ်လက်သည် နောက်တည့်တည့်သို့ ရွှေ့လျားသွားပြီး ညာလက်မောင်းက

ရှေ့သို့ ဦးတည်နေသည်။ တစ်ချိန်တည်းမှာပင် ခေါင်းကိုငုံ့ထားကာ ညာဖက်ခြေထောက်ကို ညာဘက်သို့ အလျားလိုက်ဆန့်ထုတ်ကာ ဘယ်ခြေထောက်ကို ကွေး၍ ဆောင့်ကြောင့်ထိုင်သည့်ဟန် လုပ်ထားသည်။ ကျောက်ဖုန်းအံ့သြသွားသည်မှာ သူသည် ဘယ်ခြေဖြင့် ၉၀ ဒီဂရီ ထောင့်ချိုးပုံဖော်ကာ ခြေဖျားပေါ်တွင် ရပ်နေလေသည်။(Ps - လိုက်မလုပ်ကြနဲ့နော် တော်ကြာ အကြောတွေညပ်ကုန်မယ်)

“အာ...”

ကျောက်ဖုန်း၏မျက်လုံးများ ပြူးကျယ်သွားသည်။ ဤပုံစံအနေအထားက လူသားတစ်ယောက်အတွက် ခက်ခဲလွန်းသည်မဟုတ်ပါလား။ သူ၏မျက်နှာတွင် နာကျင်သည့်အမူအရာတစ်ခုရှိနေသည်။ ဒါက ပထမဆုံးလှုပ်ရှားမှုသာဆိုလျှင် နောက်တစ်ဆင့်မှာ မယုံနိုင်စရာဖြစ်နေပေလိမ့်မည်ကို သူ တွေးကြည့်နိုင်ပေသည်။

"မင်း မှတ်မိပြီလား" ကျန်းဟန်က ရပ်တန့်ကာ မေးလိုက်သည်။

"ဟုတ်"

"လုပ်ကြည့်ပါ"

"ဟုတ်ကဲ့" ကျောက်ဖုန်းက အသက်ပြင်းပြင်းရှူကာ ကျန်းဟန်ပြသခဲ့သည့်အတိုင်း သူ၏ခြေလက်များကို ဆန့်ထုတ်လှုပ်ရှားလိုက်သည်။ သူ၏လှုပ်ရှားမှုက အလွန်စနစ်ကျသော်လည်း ခြေဖျားမထောက်နိုင်ချေ။ တစ်ချိန်တည်းမှာပင် သူ၏ကြွက်သားများ တုန်ယင်နေသည်ကို သတိပြုမိလေ၏။ မိနစ်ဝက်ခန့်ကြိုးစားပြီးနောက်တွင် ကျောက်ဖုန်း အံ့ကိုကြိတ်ကာ ပထမလှုပ်ရှားမှုကို အောင်မြင်သွားခဲ့သည်။

ခြေဖျားထောက်လိုက်သည့်အခါတွင် ထုံကျင်ခြင်းနှင့်အတူ နာကျင်ခြင်းမျိုးကို ခံစားရလေသည်။

နောက်အခိုက်အတန့်တွင်တော့ သူ၏ခြေထောက်မှာ ခွေယိုင်သွားပြီး မြေပြင်ပေါ်လဲကျသွား၏။

"အား...နာလိုက်တာ" ကျောက်ဖုန်း ထရပ်လိုက်ပြီး ကြွက်သားများကို ဖြေလျှော့လိုက်သည်။

"အဆင်ပြေပါတယ်။ မင်း ငါးစက္ကန့်လောက် ထိန်းထားနိုင်တယ်" ကျန်းဟန်က ဖုန်းကိုကြည့်ကာ တုံးတိပြောလိုက်သည်။

"ငါးစက္ကန့်လား..." ကျောက်ဖုန်းက စိတ်ပျက်လက်ပျက်ဖြင့် "အရည်အချင်းပြည့်မီဖို့ဆိုရင် ဘယ်လောက်ကြာကြာထိန်းထားနိုင်ရမှာလဲ ဆရာ"

"လှုပ်ရှားမှုတစ်ခုစီအတွက် တစ်နာရီထက် ပိုကြာအောင် ထိန်းထားနိုင်ရင်တော့ မင်းအရည်အချင်းပြည့်မီရုံပဲရှိသေးတယ်"

"ဖူး..."

ကျောက်ဖုန်း သွေးအန်လုမတတ်ဖြစ်သွား၏။ သူ၏နှုတ်ခမ်းများ ခဏလောက် တုန်ယင်နေပြီး နောက်ဆုံးတွင် ပြောလိုက်သည်။

“ဆရာ ကျွန်တော် ရအောင် လုပ်မယ်”

…

-အပိုင်း(၂၂၂) ပြီး

wunzinnosp

အပိုင်း(၂၂၃) လေ့ကျင့်မှုအတွက်ပြင်ဆင်ခြင်း

“ငါမင်းကို လှုပ်ရှားမှုတွေအားလုံး အရင်သင်ပေးထားမယ်။ တစ်ဆင့်ပြီးတာနဲ့ နောက်တစ်ဆင့် လေ့ကျင့်နိုင်တယ်”

ကျန်းဟန်က ခေါင်းညိတ်ကာ ကျန်သည့် လှုပ်ရှားမှု ၃၁ ခုကို ပြသလေသည်။

ကျန်းဟန် လှုပ်ရှားမှုတစ်ခုပြသလိုက်သည်နှင့် ကျောက်ဖုန်း၏မျက်နှာမှာ တဖြည်းဖြည်း ပြောင်းလဲသွားသည်။ တစ်ကိုယ်လုံးကို လက်ချောင်းဖြင့် ထောက်ထားကာ တစ်ချိန်တည်းမှာပင် ခြေထောက်များက မတူညီသည့် လှုပ်ရှားမှုများကို လုပ်ရသည်မှာ အလွန်ခက်ခဲလေသည်။ ထို့ပြင် ကျောက်ဖုန်းအား ထိတ်လန့်တုန်လှုပ်စေမည့် ထူးဆန်းကာ မမြင်ဖူးမကြားဖူးသည့် လှုပ်ရှားမှုများက ပို၍ များလာလေသည်။

"လှုပ်ရှားမှုတိုင်းကို မှတ်မိပြီလား" ကျန်းဟန်က မေးသည်။

"ဟုတ်ကဲ့ ဆရာ" ကျောက်ဖုန်းက ပြောပြီးနောက် ခဏလောက် စဉ်းစားလိုက်သည်။ ထိုနောက် သိချင်စိတ်ပြင်းပြစွာဖြင့် "ဆရာ ဒီလှုပ်ရှားမှုတွေကို တတ်မြောက်ပြီးတာနဲ့ ကျွန်တော် ဘယ်လောက် အစွမ်းထက်လာမှာလဲ"

"မင်း ဒီလှုပ်ရှားမှုတွေအားလုံးကို ကျွမ်းကျင်သွားပြီး လေ့ကျင့်ခန်းတချို့လုပ်လိုက်ရင် မင်းက ချီသန့်စင်ခြင်းအဆင့်ကို ဝင်ရောက်လုနီးပါးဖြစ်ပြီ" ကျန်းဟန်က ခဏလောက်စဉ်းစားကာ ပြန်ဖြေသည်။

"ငါတကယ်ပဲ အဲ့လောက်သန်မာလာမှာလား။ ဟားဟား…ကျွန်တော် ပြင်းပြင်းထန်ထန်လေ့ကျင့်ပါမယ်" ကျောက်ဖုန်းက ခဏလောက် တက်ကြွစွာ လှည့်ပတ်ကြည့်လိုက်ပြီးနောက် စိတ်လှုပ်ရှားစွာဖြင့် "ဆရာ ဒါက ရိုးရှင်းတဲ့နည်းစနစ်လို့ ဆိုလိုတာလား။ ဒါဆို ဆရာ့မှာ မဟူရာနတ်ဆိုးအရိပ်ရဲ့ အပြည့်အစုံနည်းစနစ်ရှိတာလား"

"မင်း အဲ့ဒါကို ကြည့်ချင်လို့လား" ကျန်းဟန်က တိုတိုတုတ်တုတ် ပြောသည်။

"ဟုတ်ကဲ့" ကျောက်ဖုန်းက အကြိမ်ကြိမ် ခေါင်းညိတ်သည်

"ကောင်းပြီ" ကျန်းဟန်က ယန်မိုးကြိုးသစ်ပင်အား အပေါ်ဘက်သို့ညွှန်ပြကာ "ဒီပင်စည်ကို ကြည့်လိုက်"

“ပင်စည်က ဘာဖြစ်နေလို့လဲ”

ပင်စည်မှာ ဆယ်မီတာကျော် မြင့်သည်မဟုတ်ပါလား။ ကျောက်ဖုန်းက သံသယဖြင့် ကြည့်လိုက်မိသည်။ သို့သော် သူမြင်လိုက်သည့်အရာက သူ့အား တဖြည်းဖြည်း မျက်လုံးများပြူးကျယ်လာကာ ထိတ်လန့်တကြားဖြင့် သူ၏သူငယ်အိမ်များကို အပြင်းအထန် ကျုံ့သွားစေသည်။

သူ၏အကြည့်အောက်တွင် ကျန်းဟန်သည် ယန်မိုးကြိုးသစ်ပင်၏ပင်စည်ပေါ်သို့ အလျားလိုက် လျှောက်တက်သွားလေသည်။

ကျန်းဟန်သည် အလွန်လျင်မြန်စွာ ရွေ့လျားနေသဖြင့် ကျောက်ဖုန်း၏မျက်လုံးများမှာ လိုက်မမီနိုင်တော့ဘဲ နောက်မှပုံရိပ်ယောင်များကိုသာ လေထဲတွင် ချန်ထားခဲ့လေသည်။ ၀.၁ စက္ကန့်အကြာတွင် အရိပ်များက တဖြည်းဖြည်းပျောက်ကွယ်သွားလေသည်။ ထိုနောက်

ကျန်းဟန်သည် လေထဲရှိ ဆယ်မီတာကျော်ရှိသော သစ်ကိုင်းတစ်ခုပေါ်တွင် ရပ်နေသည်အား မြင်လိုက်ရ၏။

"ဖူး..."

ကျောက်ဖုန်း ပါးစပ်အဟောင်းသားဖြစ်ကာ သွေးများပင် အန်ထွက်လာ၏။ သူ လုံးဝ ရှေ့ရသွားခဲ့သည်။

"အာ..."

ကျောက်ဖုန်း တုန်လှုပ်နေပြီး ဘာမှမပြောနိုင်တော့ချေ။

ခဏအကြာတွင် နောက်ဆက်တွဲပုံရိပ်များက နောက်ပြန်ဆုတ်လာပြီး ကျန်းဟန်သည် ဘယ်တုန်းကမှ မလှုပ်ရှားခဲ့သည့်အလား မူလနေရာသို့ ပြန်ရောက်သွားခဲ့သည်။

"မင်း ရှင်းရှင်းလင်းလင်း မြင်နိုင်ပြီလား" ကျန်းဟန်က ပြုံးကာ ပြောသည်။

"ဟင့်အင်း" ကျောက်ဖုန်းက ရှက်ရွံ့သည့်အမူအရာဖြင့် တုံ့ပြန်လိုက်ပြီး နောက်တွင် သူ ပျော်ရွှင်သွား၏။ သူက

ကျန်းဟန်အား စိုက်ကြည့်ရင်း အံ့အားသင့်စွာဖြင့် "ဆရာ မဟာရာနတ်ဆိုးအရိပ် သင်ယူပြီးတာနဲ့ ကျွန်တော် မြန်မြန်လှုပ်ရှားနိုင်မှာလား"

"မင်းသာ မဟာရာနတ်ဆိုးအရိပ်ကို ကျွမ်းကျင်သွားရင် အခု ငါပြခဲ့တာထက် ၁.၃ ဆပိုမြန်အောင် လှုပ်ရှားနိုင်လိမ့်မယ်" ကျန်းဟန်က ခေါင်းကို အသာအယာယမ်းသည်။

ကျင့်ကြံသူတိုင်းတွင် သူတို့နှင့် လိုက်ဖက်သည့် အထူးကျွမ်းကျင်မှုနည်းစနစ်များရှိကြသည်။ မှန်ပေသည်။ သူ့တွင်လည်း အခြားစွမ်းရည်များကို အသုံးချနိုင်သော်လည်း အကျိုးသက်ရောက်မှုမှာ ကောင်းမွန်မည်မဟုတ်ပေ။ နည်းစနစ်များမှာ အမှန်တကယ်ပင် ရှုပ်ထွေးလှပြီး ကျင့်ကြံသူ၏ခန္ဓာကိုယ်အရည်အသွေးအပေါ်တွင် မူတည်နေသည်။ ဥပမာအားဖြင့် အကယ်၍ ကျောက်ဖုန်းသည် ပထမတန်းစားနည်းစနစ်နှင့် ဒုတိယတန်းစားနည်းစနစ်ကို ရွေးချယ်ခဲ့သော်လည်း သူ၏ခန္ဓာကိုယ်က

ဒုတိယတန်းစားနည်းစနစ်နှင့် သင့်တော်သည်ဆိုပါက ထိုနည်းစနစ်မှာ သူ့အတွက် ပထမတန်းစားနည်းစနစ်ထက်ပို၍ အားကောင်းမည်ဖြစ်သည်။

ကျောက်ဖုန်းမှာ ကျန်းဟန်၏စကားကို ကြားသည့်အခါ နောက်ဆုံးတွင် မဟာရာနတ်ဆိုးအရိပ်ကြီးနည်းစနစ်၏စွမ်းအားကို သိလိုက်ရပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

“ဆရာ ကျွန်တော့် ကြိုးစားပြီး လေ့ကျင့်ပါ့မယ်”

“အင်း”

“ဒါဆို သူတို့ကိုရော ဘာသင်ပေးမှာလဲဆရာ။ မဟာရာနတ်ဆိုးအရိပ်ကြီးရဲ ရိုးရှင်းတဲ့ပုံစံကို သင်ယူရမှာလား”

“သူတို့က မဟာရာနတ်ဆိုးအရိပ်ကြီးကို လေ့ကျင့်ဖို့အတွက် လုံလောက်တဲ့ ခွန်အားမရှိကြဘူး”

"ဆရာ အဲဒီကို ဘယ်တော့သွားမှာလဲ။ ကျွန်တော် လေ့ကျင့်ဖို့ မစောင့်နိုင်တော့ဘူး" ကျောက်ဖုန်းက သူ့ဟာသူ လေ့ကျင်နေရင်း ပြောလိုက်သည်။

"အခုသွားကြရအောင်"

ကျန်းဟန်ပြောပြီးသည်နောက် ကျင်းတစ်ရာစီဆန့်သည့် ဘူးငါးခုဖြင့် ယန်ချင်ရေကိုထည့်ပြီးနောက် အိမ်မွေးတိရစ္ဆာန်ဧရိယာကို လှမ်း၍ အော်ပြောလိုက်သည်။(ကျင်း ဆိုတာ ကတ္တီ နဲ့ အတိုင်းအတာအတူအတူပါပဲ)

"မုန့်မုန့် ဖေဖေ ကမ်းခြေသွားမလို့။ ဒီမှာနေပြီးသူတို့နဲ့ကစားနေမလား ဖေဖေနဲ့လိုက်မလား"

"အမ်" မုန့်မုန့်သည် ကစားနေသည်ကို ရပ်လိုက်ပြီး တွေးတော်နေရင်း အလင်းရောင်များပြည့်နေသည့် မျက်လုံးဝိုင်းကြီးများဖြင့် လှမ်းကြည့်လိုက်သည်။

ခဏအကြာတွင် မင်းသမီးလေးသည် ကလေးဆန်သည့် အသံလေးဖြင့် “ဘယ်လောက်ဝေးလဲ”

“ဆယ်မိနစ်လောက် လမ်းလျှောက်ရတယ်” ကျောက်ဖုန်းက ပြန်ဖြေသည်။

“အိုး..တော်တော်ဝေးတာပဲ” မုန့်မုန့် နှုတ်ခမ်းလေးစူလိုက်သည်။

“မုန့်မုန့်က တာပေါ်တို့နဲ့ ကစားနေချင်ခဲ့လို့လား” ကျန်းဟန်က ထပ်မေးသည်။

လဆန်းတောင်ပေါ်တွင် အပူချိန်မှာ ၂၃ ဒီဂရီခန့်အထိ ထိန်းချုပ်ထားနိုင်သည့်အတွက် လူကို သက်တောင့်သက်သာဖြစ်စေသည်။ သို့သော် အပြင်တွင်တော့ ထိုသို့မဟုတ်ချေ။ အပူချိန်မှာ ၃၀ ဒီဂရီကျော်အထိ မြင့်မားပြီး နေ၏အပူရှိန်ကြောင့် လူကို များစွာ ပူရှိန်စေသည်။ ထို့ကြောင့် ကျန်းဟန်သည် မုန့်မုန့်အား တာပေါ် ရှောင်ပေါ်တို့နှင့် အတူ လဆန်းတောင်ပေါ်တွင် နေခဲ့သည်က ပိုကောင်းသည်ဟု

ထင်သည်။ သို့မှသာ သူ့အား စိတ်သက်သာရာ ရစေမည်ဖြစ်သည်။

သို့သော် မင်းသမီးလေးက အလွန်တွယ်ကပ်နေပေသည်။ သူမလေးသည် လက်နှစ်ဖက်ကို ဆန့်တန်းကာ "ဖေဖေ ပွေ့ချီပေးပါ။ မုန့်မုန့်က ဖေဖေနဲ့ လိုက်ချင်တယ်။ တာဟောနဲ့ ရှောင်ဟောလည်း အတူတူသွားသင့်တယ်"

"ကောင်းပြီ။ ဒါဆို မုန့်မုန့် ဦးထုပ်ဆောင်းထား" ကျန်းဟန်က ဘေးလွယ်အိတ်လေးထဲမှ မုန့်မုန့်၏ ပန်းရောင် ကာတွန်းဦးထုပ်လေးကို ထုတ်ယူလိုက်သည်။

မုန့်မုန့်သည် ကျန်းဟန် ဦးထုပ်ဆောင်းပေးမည်ကို စိတ်အားထက်သန်စွာဖြင့် စောင့်ဆိုင်းနေပြီး ကျန်းဟန်၏လက်မောင်းထဲတွင် ပျော်ရွှင်စွာဖြင့် သူမ၏လက်ကလေးများကို ဝှေ့ယမ်းနေသည်။

"တာဟော ကျောက်ဖုန်း ယန်ချင်ရေဘူးတွေကို သယ်ခဲ့ကြပါ"

ကျန်းဟန်က တာဟောကို ပြောပြီးနောက် ထွက်သွားလေသည်။

ထိုသို့ဖြင့် ကျောက်ဖုန်းက ရေနှစ်ပုံးကို သယ်လိုက်ပြီး တာဟေးက သူ၏လက်မောင်းကြားတွင် နှစ်ပုံး၊ ညာဘက်လက်တွင် တစ်ပုံး သယ်လိုက်သည်။ ကျင်းသုံးရာမှာ သူ့အတွက် ပေါ့ပေါ့ပါးပါးရှိလှသည်။

"သူဌေး ကျွန်တော်တို့ တောင်ကုန်းနောက်ဘက်တည့်တည့်ကို သွားကြမလား။ အဲ့ဒါက လေးငါးမိနစ်လောက်ပဲ သွားရမယ်" ကျောက်ဖုန်းက ခဏလောက်စဉ်းစားပြီးပြောသည်။

တောင်နောက်ဘက်တွင် မီတာအနည်းငယ်မြင့်သည့် ချောက်ကမ်းပါးတစ်ခုရှိကြောင်း သူသိထားသော်လည်း သူတို့မှာ သာမန်လူများမဟုတ်သဖြင့် အလွန်တကူခုန်ဆင်းနိုင်ပေသည်။

"ကောင်းပြီ" ကျန်းဟန်က ခေါင်းညိတ်ကာ ကျောက်ဖုန်း၏နောက်မှ လိုက်၍ တောင်ပေါ် တောအုပ်ဆီသို့ လျှောက်သွားလိုက်သည်။

တောအုပ်ကို ဖြတ်ကျော်ပြီးနောက် မီတာ လေးဆယ် ငါးဆယ်ခန့် မြင့်သည့် ချောက်ကမ်းပါးတစ်ခုသို့ ရောက်လာကြသည်။

"ဆရာ ကျွန်တော် အရင် ခုန်ချမယ်"

ကျောက်ဖုန်းက သူ့တွင် တောက်ပသည့်အနာဂတ်ရှိသည့်အတွက်ကြောင့် အမှန်တကယ် တက်ကြွနေပြီး ယခုအချိန်တွင် သူ၏လှုပ်ရှားမှုများကို ပြသချင်နေခဲ့သည်။

သို့သော်...ကျောက်ဖုန်းသည် ကျင်းနှစ်ရာရှိသည့် ရေပုံးများကို သယ်လာရသည်အား မေ့သွားခဲ့သည်။

ကျန်းဟန် ပြန်မပြောရသေးခင်မှာပင် ကျောက်ဖုန်းမှာ ရှေ့သို့ ပြေးထွက်သွားလေပြီ။ ရှေ့သို့ သုံးလှမ်းခန့်ပြေးပြီးနောက် ညာခြေထောက်ကို ကွေးကာ ခုန်ရင် ပြင်နေစဉ် လက်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်းအားယူလိုက်သည်။

သို့သော် သူ၏လက်ကို ဆန့်ထုတ်လိုက်ပြီးနောက်တွင် ရေပုံးနှစ်ခု၏အားကြောင့် ကျောက်ဖုန်းမှာ ဟန်ချက်ပျက်သွားခဲ့သည်။

"အာ…"

ရေပုံးများက သူ့အား မလေးချိန်ပိုကျသွားစေသည်ကို သတိပြုမိလိုက်ချိန်တွင် ကျောက်ဖုန်း ရှော့ရသွား၏။

ဝှစ်…

ကျောက်ဖုန်းသည် ဟန်ချက်ပြန်ထိန်းရန် ကြိုးစားရင်း လေထဲတွင် ယက်ကန်ယက်ကန်ဖြစ်သွားခဲ့သော်လည်း

နောက်ဆုံးတွင် သူ၏နောက်ကျောဖြင့် ပြုတ်ကျသွားခဲ့၏။ ကံကောင်းစွာဖြင့်ပင် ကျောက်ဖုန်း၏အရေပြားမှာ မာကျောသည့်အတွက် ပြုတ်ကျခြင်းမှ ထိခိုက်မှုမရှိခဲ့ချေ။

"ဟေး အစ်ကိုကြီး ပြုတ်ကျပြီးတော့ နာရသွားလား" မုန့်မုန့်က နွေးထွေးသည့် ကလေးငယ်တစ်ယောက်ကဲ့သို့ မျက်လုံးဝိုင်းကြီးများဖြင့် စိုက်ကြည့်ရင်း ဂရုစိုက်သော လေသံဖြင့် မေးသည်။

"မနာပါဘူး" ကျောက်ဖုန်း ရုတ်တရက် ရှက်သွား၏။ အလျင်စလို ထရပ်လိုက်ပြီး ရယ်မောကာပြန်ဖြေသည်။

ကျန်းဟန် ရှေ့သို့ တဖြည်းဖြည်းလျှောက်လာသည်ကို သူမလေး သတိပြုမိသွားသည်နှင့် မုန့်မုန့်သည် သူမ၏မျက်နှာလေးကို အုပ်ထားလိုက်၏။

"မုန့်မုန့် မျက်လုံးမှိတ်ထားနော်" ကျန်းဟန်က ပြုံးကာ ပြောသည်။

"အင်း...ရပြီ" မုန့်မုန့်က ပြောသည့်အတိုင်းပင် မျက်လုံးကို မှိတ်လိုက်သည်။

နောက်အခိုက်အတန့်တွင် မင်းသမီးလေးမှာ ဘာမှမခံစားလိုက်ရဘဲ ကျန်းဟန်က ပြောလိုက်သည်။

"ရပြီ မုန့်မုန့် မျက်လုံးဖွင့်တော့"

မုန့်မုန့် မျက်လုံးဖွင့်ကြည့်လိုက်ရာ သူမတို့ အောက်ကို ရောက်နေပြီအား တွေ့လိုက်ပြီး အံ့သြသွားသြ။ ထို့ကြောင့် မင်းသမီးလေးသည် အံ့သြတကြီး ပြောလိုက်သည်။

"အာ..သမီးတို့ အောက်ရောက်နေပြီ။ အရမ်းထူးဆန်းတာပဲ"

တာဟေးနှင့် ရှောင်ဟေးတို့ မဆင်းလာသေးကြောင်း တွေ့လိုက်သည့်အခါ မုန့်မုန့်က သူတို့အား တိုက်တွန်းလိုက်သည်။ "ဟေးဟေး မြန်မြန်ဆင်းခဲ့"

"ဝူး ဝူး ဝူး"

အကြိမ်အနည်းငယ် အော်ဟစ်လိုက်ပြီးနောက် တာပေါ်းသည် ရှေ့သို့ခုန်ဆင်းလာကာ အောက်သို့ အေးဆေးစွာဖြင့် ကျဆင်းလာခဲ့၏။ သူ၏လက်နှစ်ဖက်ရှိ ရေပုံးများပင် လုံးဝ မလှုပ်ပေ။

ရှောင်ပေါ်းက ပို၍လျင်မြန်သည်။ သူသည် ရှေ့သို့ လှမ်း၍ ခုန်လိုက်ပြီး မြေပြင်ပေါ်သို့ ခြေလှမ်းမှန်မှန်ဖြင့် ကျဆင်းလာသည်။

“အမ်” ဤအခိုက်တွင် မုန့်မုန့်မှာ အံ့အားသင့်သွား၏။ သူမလေးသည် ကျောက်ဖုန်းအား ထူးဆန်းစွာ ကြည့်ကာ ခဏလောက်စဉ်းစားလိုက်ပြီး ဖြည်းဖြည်းချင်းပြောလိုက်သည်။ “တာပေါ်းနဲ့ရှောင်ပေါ်းက ပြုတ်ကျမသွားဘူး”

ထိုစကားများက လျောင်ပြောင်ခြင်းမပါဝင်သော်လည်း ကျောက်ဖုန်းမှာ ထိုကဲ့သို့ အပြစ်ကင်းစင်သည့် စကားအား ကြားရချိန်တွင် ရှက်သွားခဲ့၏။

သူ လုံးဝရက်ရွံ့သွားခဲ့သည်။ ဟေးနစ်ကောင်းအား သူမယှဉ်နိုင်သေးချေ။

“အဟမ်း…ကျွန်တော်တို့ ဘယ်ဘက်က သွားကြမလဲ။ ဒီဘက်ကနေသွားရင် မိနစ်ပိုင်းအတွင်း ရောက်လိမ့်မယ်” ကျောက်ဖုန်းသည် ရှက်ရှက်ဖြင့် ပင်လယ်ဘက်သို့ ညွှန်ပြကာ ပြောသည်။ ထိုနောက် အလျင်အမြန်ဖြင့် ရှေ့မှ ဦးဆောင်သွားခဲ့သည်။

ထိုအချိန် မဝေးလှသည့် ကမ်းခြေနေရာ…

တောင်အချို့၏အလယ်၌ တည်ရှိသောကြောင့် ဤဧရိယာမှာ လူသူနည်းပါးသည်။

ဆိုဖာ၏နောက်ဘက်တွင် တဲငါးဆယ်ရှိနေသည်။ ၎င်းတို့အပြင် ကျောက်ဖုန်း အထူးဝယ်ယူထားခဲ့သည့် လေ့ကျင့်ရေးပစ္စည်းများစွာလည်း ရှိသေးသည်။ ထိုအထဲတွင် ဒမ်ဘယ်၊ ခရော့ထရိန်နာ၊ သဲအိတ်နှင့် ဒိုင်နမိုမီတာအချို့ပင် ပါဝင်သည်။

သူတို့ ကမ်းခြေအနီးသို့ ရောက်လာသည့်အခါ တမ်နင်း၊ တောင်တက်ခြင်းနှင့် လိုမ့်ခြင်းတို့အတွက် အတားအဆီးများစွာပါသော လေ့ကျင့်ရေးကိရိယာများကို တွေ့ခဲ့ရသည်။ ကျောက်ဖုန်းသည် သူ၏ မူလ လေ့ကျင့်ရေးနည်းလမ်းများကို နှစ်သက်ပေသည်။

လူငါးဆယ်ခန့်မှာ ကမ်းခြေတွင် စုရုံးနေကြ၏။ အားဟူ၊ ရှုရုံနှင့် ကမ်းခြေနှင့်ဝေးရာတွင် ထိုင်ကာ ဆေးလိပ်သောက်နေသူများမှလွဲ၍ ကျန်သူများမှာ ကမ်းခြေတွင် ထိုင်ကာ စကားပြောနေကြသည်။ ကမ်းနားတွင် မိန်းကလေးခြောက်ယောက်နှင့် တစ်ဒါဇင်ကျော်ခန့်ရှိသော လူများ ရှိနေကြသည်။

"အစ်ကိုရုံ၊ သူတို့ ဘာလို့ မလာသေးတာလဲ။ ငါတို့ ဒီမှာ စောင့်နေတာ တော်တော်ကြာပြီ" မုံ့ကြီးက အချည်းအနီးဖြစ်သည့်အမူအရာဖြင့် ပြောသည်။

"သူတို့ ရောက်တဲ့အထိ စောင့်ပါဦး" ရှုရုံက ထိုင်လိုက်ကာ ဖြေသည်။

"ဟေးဟေး အစ်ကိုရုံ အစ်ကိုက အစ်ကိုဖုန်းရဲ့သူဌေးကို တစ်ခါတွေ့ဖူးတယ်လို့ ငါကြားတယ်။ အသေးစိတ်ပြောပြပါဦး" အားဟူက သိချင်စိတ်ဖြင့် မေးသည်။

"အမှန်ပဲ။ ငါ သူ့ကို တစ်ခါတွေ့ဖူးတယ်" ရှုရုံက ခဏလောက်စဉ်းစားပြီးနောက် ခေါင်းယမ်းကာ ပြန်ဖြေသည်။ "ကင်းမြီးကောက် တိုက်ခိုက်ခံရတဲ့နေ့တုန်းက ငါ သူ့ကို တစ်ခုခုပြောဖို့ သွားနေတာ။ ပထမထပ်ကို ရောက်တဲ့အချိန်မှာ သူဌေးက ကင်းမြီးကောက်ကို ရိုက်နှက်နေ ငါတွေ့ခဲ့တယ်။ မင်းတို့ သူ့ရဲ့ခွန်အားအစစ်အမှန်ကို မမြင်မချင်း မင်းတို့ နားလည်နိုင်မှာ မဟုတ်ဘူး"

"သူက ဘယ်လောက်ကြောက်စရာကောင်းလဲ" အားဟူက ခေါင်းကုတ်ကာ ပြောသည်။ "အဲဒီတုန်းက ငါတို့အားလုံး စောင့်ကြည့်ကင်မရာက ဗီဒီယိုကို ကြည့်ပြီးပြီ။ သူက

အရမ်းအံ့ဩဖို့ကောင်းနိုင်ပေမယ့် မယုံနိုင်စရာ အရည်အချင်းတွေ ရှိတဲ့ပုံမပေါ်ဘူး”

“သူ့ရဲ့အရည်အချင်းကို အာရုံစိုက်မနေနဲ့။ ဘာပဲဖြစ်ဖြစ် အဲဒီစောင့်ကြည့်ဗီဒီယိုက မှုန်ဝါးနေတာ” ထိုအချိန်က အဖြစ်အပျက်ကို ပြန်သတိရမိရင်း ရှုရုံမှာ တုန်ယင်နေသည့်လေသံဖြင့် ပြောသည်။ “မင်းသာ အဲဒီကို လူကိုယ်တိုင်ရောက်ခဲ့ဖူးရင် မတူညီတဲ့ခံစားချက်ကို ပေးနိုင်လိမ့်မယ်။ သူ့ခြေးရဲ့တည်ရှိမှုက လွှမ်းမိုးနိုင်တယ်။ သူ မင်းရှေ့မှာ ရပ်လိုက်တာနဲ့ မထင်မှတ်ထားတဲ့ ဖိအားတွေက မင်းအပေါ်ကို တောင်ကြီးတစ်လုံးလိုပဲ။ ပြီးတော့...”

ရှုရုံက အသက်ပြင်းပြင်းရှူလိုက်ပြီး ဖြည်းညှင်းစွာ ဆက်ပြောသည်။ “သူက စိတ်ခံစားချက် ကင်းမဲ့လွန်းတယ်။ အထူးသဖြင့် သူ့မျက်လုံးတွေက ဘာခံစားချက်မှ ရှိမနေဘူး။ လူတိုင်းကို ပုရွက်ဆိတ်လို့ မှတ်ယူထားတဲ့ပုံပဲ။

တိုတိုပြောရရင်ကွာ အရမ်းကြောက်ဖို့ကောင်းတယ် ဆိုတဲ့ စကားတစ်ခွန်းပဲငါ သိတော့တယ်”

“အဲဒါပြီးတော့ ဘာဖြစ်သွားလဲ။ သူ အပေါ်ထပ်ကို တက်သွားတော့ အစ်ကိုရှုံက စောင့်ကြည့်ကင်မရာထဲမှာ မပါပါဘူး” မှုံ့ကြီးက သံသယဖြင့် မေးသည်။

“အင်း...” ရှုရှုံ၏မျက်နှာမှာ ကျောက်တုံးကဲ့သို့ မာကျောသွားသည်။

ထိုအချိန်က သူသည် စောင့်ကြည့်ရေးအခန်းဆီသို့ တန်း၍ ပြေးသွားခဲ့ပြီး အပေါ်ထပ်သို့ လုံးဝ မတက်ခဲ့ချေ။

အမှန်အတိုင်းပြောပြရန်မှ မသင့်တော်ဘူးဟု သူထင်လေသည်။

ရှုရှုံသည် အဖြေပေးရန် လမ်းစရှာရင်း အလုပ်များနေစဉ် အားဟူ၏မျက်လုံးများက ရုတ်တရက် တောက်ပလာသည်။

သူက ရှုရုန်၏နောက်မှ ပုံရိပ်များကို လမ်းကြည့်ရင်း ပြောလိုက်သည်။

"သူတို့လာပြီ"

...

-အပိုင်း(၂၂၃) ပြီး

wunzinnosp

အပိုင်း(၂၂၄) တစ်ချက်တည်းဖြင့် ပေါက်ကွဲသွားခြင်း

ဝှစ်..

ရှုရုံနှင့် အခြားသူများသည် အဝေးမှ ထွက်ပေါ်လာသည့် သူတို့၏ခေါင်းဆောင် ကျောက်ဖုန်းကို မြင်လိုက်ရသည့်အခါ တစ်ဖက်သို့ ရုတ်တရက် ကြည့်လိုက်ကြသည်။

"လာကြ လာကြ။ ကစားနေတာကို ရပ်ပြီး တန်းစီကြ"

ရှုရုံက ထရပ်ကာ ပတ်ဝန်းကျင်ရှိလူများကို အော်ပြောလိုက်သည်။

အားလုံးက သူတို့လုပ်နေသည့်အရာများကို ရပ်တန့်လိုက်ပြီး အမြန်လျှောက်လာကာ အတူတူတန်းစီရပ်လိုက်ကြသည်။

"အာ...ကြောက်စရာခွေးလည်း လာနေတာလား။ သူက ကိုက်မှာလား"

ရှောင်ပေါးသည် ရင်ကော့ကာ လျှောက်လာသည်ကိုမြင်သည့်အခါ လူအချို့က မြင်လိုက်ကြသည်။ နတ်ဆိုးသားရဲကဲ့သို့သော အမြန်နှုန်းဖြင့် ချွန်ထွက်သောသွားများက ထို့နေ့ကို သူတို့အားလုံးသတိရသွားကြစေသည်။ သူတို့သည် ထိတ်လန့်တကြားဖြင့် စိတ်လှုပ်ရှားစွာ ပြောဆိုနေကြ၏။

"ငါ အဲ့လိုမထင်ဘူး" အားဟူက တံတွေးမျိုချကာ ပြန်ဖြေသည်။

"အဲဒါက ဂေါ်ရီလာကြီးလား။ အရုပ်က နှစ်မီတာကျော်တောင် ရှည်တယ်ထင်တယ်။ ဘယ်လိုတောင် ကြီးရတာလဲ" ရှုရုံသည် တာပေး၏ကြီးမားသော ခြေလက်ကြီးမားကို ကြည့်ရင်း အနည်းငယ် မူးနောက်နောက် ခံစားလိုက်ရသည်။

"တော်တော်ကြီးတာပဲ။ သူက ကင်းကောင်နဲ့တောင် တူတယ်။ ဒါပေမယ့် သူက ကြည့်ရတာမိုက်တယ်။ ရုပ်ရှင်ကားထဲက ဆီဇာနဲ့တူတယ်"

"တကယ် မိုက်တယ်ဟ"

"တကယ်တော့ သူဌေးရဲ့ သမီးလေးက အလှဆုံးဆိုတာ ငါပြောချင်တယ်။ ကြည့်လိုက် ဒီလို နူးညံ့သိမ်မွေ့တဲ့မျက်နှာ၊ ဒဏ္ဍာရီလောကထဲက နတ်သမီးလေးလိုမျိုး လှပတဲ့ မိန်းကလေးတစ်ယောက်လိုပဲ"

"ဟေး...ငါတို့ သူဌေးက ဘယ်သူလဲဆိုတာ မေ့မထားနဲ့လေ။ ဒီလိုချောမောလှပတဲ့ မိန်းကလေးကို

မွေးနိုင်တာ သာမန်ပဲ မဟုတ်လား။ သူမက သေချာပေါက် သန်မာတဲ့ဗီဇကို ပိုင်ဆိုင်ထားရမယ်”

“ဒါပေမယ့်...ကလေးမလေးက ကြည့်ရတာ သူ့ဒြေးနဲ့ သိပ်တူတဲ့ပုံမပေါ်ဘူး”

“...”

အားလုံးက တီးတိုးပြောနေကြစဉ် ကျောက်ဖုန်းဦးဆောင်၍ သူတို့ အနားသို့ရောက်လာခဲ့သည်။ ပုံးများကို ပေါ့ပေါ့ပါးပါး ချလိုက်ပြီးနောက် တာပေးနှင့်အတူ ကျောက်ဖုန်းသည် ရှေ့သို့ ခြေလှမ်းအနည်းငယ် တိုးလိုက်ကာ မျက်ခုံးပင့်၍ ပြောလိုက်သည်။

“မင်းတို့ ဘယ်လိုတန်းစီနေကြတာလဲ။ ဆူညံနေတာပဲ။ နေရာရွှေ့ပြီး နှစ်တန်း တန်းစီ”

ကျောက်ဖုန်း၏စကားကြောင့် လူတိုင်းက နှစ်တန်းတန်းစီလိုက်သည်။ ပုံမှန်စစ်တပ်ကဲ့သို့ စနစ်မကျသော်လည်း ယခင်ကလောက် မဆိုးတော့ချေ။

"သေသေချာချာတန်းစီလိုက်။ မင်းတို့အားလုံး ငါ့အမိန့်ကိုလိုက်နာရမယ်..." ကျောက်ဖုန်းသည် ဤအချိန်တွင် တိုင်းပြည်အား ညွှန်ကြားနေသည့် စစ်ရေးနည်းပြကဲ့သို့ အနည်းငယ် ခံစားနေရသည်။

သို့သော် သူ၏ဟန်ရေးပြမှုစတင်သည့်အချိန်တွင် ကျန်းဟန်က ခေါင်းကိုအသာယမ်းကာ ဝင်ပြောလိုက်သည်။

"မင်း အဲ့လို လုပ်ဖို့မလုပ်ပါဘူး။ ပေါ့ပေါ့ပါးပါးပဲနေကြ"

"အာ" ကျောက်ဖုန်း၏အမူအရာမှာ အနည်းငယ် တောင့်တင်းသွား၏။

"ဖူး...ဟားဟား...." ရှုရုံက စ၍ အားလုံး ရယ်မောလိုက်ကြသည်။

လူအုပ်ကြီးက ကျန်းဟန်အား ဝိုင်းကာ ပြန်၍ စုရုံးလိုက်ကြပြန်သည်။

"အစ်ကိုဖုန်း မင်းအဲ့လို ထုတ်ပြနေစရာမလိုပါဘူး။ ငါတို့သူဌေးက ဘယ်လောက်တောင် သဘောကောင်းပြီး ပေါ့ပေါ့ပါးပါးရှိလဲ ကြည့်စမ်း" အားဟူက ရယ်မောကာ ပြောသည်။

"မင်းက တိုက်ခိုက်ပွဲဖြစ်သွားချင်နေတာလား" ကျောက်ဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ဖေဖေ ဘာလို့ ကိုကို မမ တွေ ဒီလောက်များနေရတာလဲ" မုန့်မုန့်သည် ကျန်းဟန်၏လည်ပင်းကို လက်ကလေးနှစ်ဖက်ဖြင့် ပွေ့ဖက်ထားရင်း တိုးတိုးလေး ပြောသည်။

"သူတို့အားလုံးက ဒီမှာ လေ့ကျင့်ကြမလို့လေ" ကျန်းဟန်က ပြုံးကာ ပြန်ဖြေသည်။

"လေ့ကျင့်တာက ဘာလဲဟင်။ ကစားရတာနဲ့ တူလား" မုန့်မုန့်က မျက်လုံးဝိုင်းကြီးများကို မှိတ်တုတ်မှိတ်တုတ်လုပ်ရင်း သိချင်စိတ်ဖြင့်မေးသည်။

"လေ့ကျင့်တာက အရမ်းပင်ပန်းတယ်။ သူတို့ ကောင်းကောင်းလေ့ကျင့်ပြီးမှပဲ မုန့်မုန့်ကို ကာကွယ်ပေးနိုင်မှာ။ ဘာဖြစ်လို့လဲဆိုတော့ အစ်ကိုကြီးတို့က..." ကျောက်ဖုန်းက မုန့်မုန့်အား ကြည့်လိုက်သည်။ ပထမတွင် သူသည် ပြုံးကာ ပြောနေသော်လည်း ရုတ်တရက် သူ၏အမူအရာက အနည်းငယ် လေးနက်သွားသည်။ သူသည် ကြေငြာချက်ထုတ်လိုက်သကဲ့သို့ လေးနက်သည့်အသံဖြင့် ပြောလိုက်သည်။

"...မုန့်မုန့်ရဲ့ ကိုယ်ရံတော်တွေမလို့ပဲ"

"အာ" မုန့်မုန့် အံ့အားသင့်သွား၏။ သူမလေးသည် မျက်လုံးဝိုင်းကြီးများဖြင့် နေရာတစ်ဝိုက်အား ကြည့်လိုက်ရင်း

"သူတို့က သမီးရဲ့ကိုယ်ရံတော်တွေလား။ ဒါပေမယ့် ကိုယ်ရံတော်ဆိုတာက ဘာလဲဟင်"

"သူတို့က မုန့်မုန့်ကို ကာကွယ်ပေးတဲ့လူတွေပေါ့" ကျောက်ဖုန်းက စဉ်းစားကာ ဖြေသည်။

"ဒါဆို သမီး သူတို့ကို မလိုချင်ဘူး" မုန့်မုန့်က ပြောသည်။ ထိုနောက် သူမ၏လက်မောင်းသေးသေးလေးများက ကျန်းဟန်၏လည်ပင်းအား တင်းတင်းကျပ်ကျပ်ပွေ့ဖက်လိုက်ပြီး ခေါင်းလေးကို ကျန်းဟန်၏ရင်ခွင်ထဲတွင် မှီကပ်လိုက်သည်။ "သမီးက ဖေဖေကာကွယ်ပေးတာပဲလိုချင်တယ်။ တခြားသူကို မလိုချင်ဘူး"

"ဟားဟား..."ကျန်းဟန်က ရယ်မောလိုက်ပြီး ခေါင်းကိုငုံ့ကာ မုန့်မုန့်၏နှုးညံ့သိမ်မွေ့သည့် မျက်နှာလေးအား နမ်းလိုက်၏။ "ဒါပေါ့ ဖေဖေက သမီးကို ထာဝရကာကွယ်ပေးမှာ"

"အမ်ဟမ့်...ဖေဖေက အကောင်းဆုံးပဲ မွ" မုန့်မုန့်က ခေါင်းလေးကို မော့၍ နမ်းလိုက်၏။

ဤမြင်ကွင်းက အနားရှိလူများစွာကို ပြုံးရယ်သွားစေသည်။

ပထမတွင် သူတို့သည် ကျန်းဟန်၏အရှေ့၌ အနည်းငယ် အနေကြပ်နေခဲ့သည်။ သို့သော် သူတို့၏သူဌေးက အလွန်တော်သည့်ဖခင်တစ်ယောက်ဖြစ်သည်ကို တွေ့လိုက်ရသည့်အခါ များစွာ စိတ်သက်သာသွားကြသည်။ သူ၏ပေါ့ပေါ့ပါးပါးအမူအရာက လူများကို ပို၍ နီးကပ်စေသည်။

"ဖေဖေ... မုန့်မုန့် တာဟေး၊ရှောင်ဟေးတို့နဲ့ သဲထဲဆင်းပြီး ကစားချင်တယ်"

"သွားကစားပါ။ သမီး ဒီနေရာမှာ ကစားလို့ရတယ်။ ဒါပေမယ့် ကမ်းခြေကိုတော့ သွားလို့မရဘူး။ သမီးအဝတ်အစားတွေ စိုကုန်ရင် နေမကောင်းဖြစ်လိမ့်မယ်" ကျန်းဟန်က သတိပေးသည်။

"ဟုတ်ကဲ့" မုန့်မုန့်က နာခံစွာ ပြန်ဖြေသည်။ သူမလေးသည် မြေပြင်ပေါ်သို ဆင်းသွားကာ ဘေးရှိ တာပေး၊ ရှောင်ပေးတို့နှင့်အတူ ဆော့ကစားနေခဲ့သည်။

ပေးနစ်ကောင်မှာ လူသားများနှင့်ဆင်တူသည်ကို တွေ့လိုက်ရပြီးနောက် လူတိုင်း ခေါင်းကိုယမ်းကာ သက်ပြင်းချလိုက်မိပြန်သည်။

"သူ့ဌေး သူတို့ကို ဘာသင်ပေးမှာလဲ" ကျောက်ဖုန်းက စိတ်ဝင်တစားမေးသည်။

သူ့အတွက်မူ ကြောက်မက်ဖွယ်ကောင်းသည့် မဟာ့ရာနတ်ဆိုးအရိပ်ကြီး၏ရိုးရှင်းသည့်ပုံစံကို သင်ယူရမည်ဖြစ်ကာ ၎င်း၏လုပ်ဆောင်ချက်များက ခက်ခဲလွန်းသည့်အတွက် သူ့အနေဖြင့် ထိတ်လန့်စရာပင်။ သို့သော် သူ၏အကန့်အသတ်ကို စိန်ခေါ်ရသည်အား ပို၍ သဘောကျလေသည်။ တစ်ချိန်တည်းမှာပင် သူသည်

အားဟူနှင့်အခြားသူများ သင်ယူရမည့် နည်းစနစ်ကို သိချင်မိသည်။

၎င်းသည်လည်း ခက်ခဲသည်ဆိုပါက သူသည် နှစ်ခုလုံးကို တစ်ပြိုင်တည်း သင်ယူရန် ရည်ရွယ်ထားသည်။ ဆရာ့၏တပည့်တစ်ယောက်အနေဖြင့် သူသည် လုံလောက်အောင် ကြံ့ခိုင်သန်မာရန်လိုအပ်သည်ဟု ထင်သည်။ သူ၏လူများက သူ့ထက်သာလွန်နေလျှင် ရှက်စရာပင်။ သူသည် ခေါင်းဆောင်ဖြစ်သည့်အတွက် ၎င်းတို့ထက် ပို၍ အားစိုက်ကြိုးစားရန် စီစဉ်ထားသည်။

ထိုအချိန်တွင် အားဟူနှင့် အခြားသူများသည်လည်း ထိုစကားကိုကြားပြီးနောက် အစစ်အမှန်ကျွမ်းကျင်မှုအချို့ကို သင်ယူနိုင်ရန် မျှော်လင့်ကာ တဖြည်းဖြည်း အာရုံစိုက်ကြည့်နေကြသည်။

၎င်းကိုကြားသည့်အခါ ကျန်းဟန်က ခေါင်းယမ်းက "စိတ်မပူပါနဲ့။ သဲအိတ်တွေကို အရင်ထိုးကြည့်ပါ။ မင်းတို့ရဲ့ခန္ဓာကိုယ်က လေ့ကျင့်နိုင်စွမ်းရှိမရှိ ငါ ကြည့်ဦးမယ်"

"ဟုတ်ကဲ့" ကျောက်ဖုန်းက ခေါင်းညိတ်ကာ လူအုပ်အား ကြည့်လိုက်ပြီး "လာကြ တန်းစီပြီးတော့ သဲအိတ်တွေကို တစ်ယောက်ပြီးတစ်ယောက် ထိုးကြ။ ဒါက သူဌေးရှေ့မှာ မင်းတို့ရဲ့ ပထမဆုံး စွမ်းဆောင်မှုပဲ။ အားလုံး အစွမ်းကုန်ကြိုးစားကြပါ"

ထိုနောက်တွင် အလျင်မြန်ဆုံးဖြစ်သည့် အားဟူက ဦးဆောင်က အားလုံး အတန်းရှည်ကြီး တန်းစီလိုက်ကြသည်။

"စလိုက်ကြမယ်" ကျောက်ဖုန်းက သူ၏ဘေးနားရှိ သဲအိတ်၏နေရာကို ပြသရန် နောက်သို့ ခြေနှစ်လှမ်းဆုတ်လိုက်သည်။

သူပြောပြီးသည်နှင့် အားဟူက ရှေ့သို့ နှစ်လှမ်းတိုးကာ မာန်ပါသည့်ပုံစံဖြင့်ထွက်လာသည်။ သို့သော်

အဲအိတ်နားသို့ရောက်သည့်အခါ ရပ်တန့်လိုက်ပြီး ကျန်းဟန်အား ဝေခွဲမရဟန်ဖြင့်ကြည့်လိုက်သည်။ သူက ခေါင်းကုတ်၍ “သူဌေး ကျွန်တော် ထိုးရမှာလား။ ကန်ရမှာလား”

“မင်းရဲ့လက်သီးကို သုံးပါ” ကျန်းဟန်က ခေါင်းညိတ်ပြသည်။

“ဟုတ်ကဲ့” အားဟူက ပါးစပ်ပိတ်လိုက်ပြီး သွားများကိုကျိတ်ကာ ညာလက်သီးကိုတင်းတင်းကြပ်ကြပ်ဆုပ်၍ ရှိသမျှအားကုန်သုံးကာ သဲအိတ်ကို ထိုးချလိုက်သည်။

၎င်းက သဲအိတ်တစ်ခုလုံးကို အနည်းငယ်ခါယမ်းသွားစေပြီး ၄၀ ဒီဂရီတိမ်းစောင်းသည်အထိ ခါသွားသည်။

“ကောင်းတယ်။ မဆိုးဘူး” ကျောက်ဖုန်းက ခေါင်းညိတ်ကာ အနည်းငယ် ချီးကျူးလိုက်သည်။

“ဒီသဲအိတ်က ကီလို ၈၀ ရှိတယ်။ အဲဒါကို ဒီလောက်ထိ ထိုးနိုင်တာ တော်တော်ကောင်းတယ်”

“ဟားဟား နောက်ဆုံးတော့ ငါလေ့ကျင့်နေတာ အတော်ကြာပြီလေ” အားဟူက ရယ်မော၍ ခေါင်းကုတ်ကာ ဘေးထွက်လိုက်သည်။

“ယား” ရှုရုံက စကားတစ်ခွန်းမှမဆိုဘဲ တန်း၍ ထိုးလိုက်သည်။

ရှုရုံ၏စွမ်းရည်သည် အားဟူထက် အနည်းငယ်သာလွန်သောကြောင့် ၄၅ ဒီဂရီ ခါယမ်းသွားစေခဲ့သည်။

ကျောက်ဖုန်း၏မျက်လုံးများ တောက်ပလာကာ လက်ခုပ်တီး၍ ချီးကျူးသည်။ “အရမ်းကောင်းတယ်။ ဒါက ငါစစ်တပ်ထဲကို ဝင်တဲ့အချိန်က ထိပ်တန်းသုံးယောက်ထဲကို ပါဖို့ လုံလောက်တယ်”

"မင်းက ကြင်နာလွန်းနေပြီ" ရှုရုံက အနည်းငယ်ပြုံးကာ ကျန်းဟန်၏အမူအရာကို အကဲခတ်လိုက်သည်။ သူ၏မျက်နှာမှာ မည်သည့်အမူအရာမျှရှိမနေဘဲ ချီးကျူးတာလား ဘာလား သူ မပြောနိုင်ချေ။ ထို့ကြောင့် သူ ဘေးသို့ ထွက်သွားလိုက်သည်။

ကျန်သည့်အဖွဲ့သားများလုံး အလှည့်ကျ ထိုးနှက်ကြသည်။ ကျောက်ဖုန်းမျှော်လင့်ထားသည့်အတိုင်းပင် ရှုရုံ၊ အားဟူနှင့် မုံ့ကြီးတို့က အသန်မာဆုံးဖြစ်သည်။ အခြားသူများ အထူးသဖြင့် အမျိုးသမီးခြောက်ယောက်မှာ အားအနည်းဆုံးဖြစ်၏။ သို့သော် အများစုမှာ သာမန်လူများထက် ပို၍ အားကောင်းသည့်အတွက် ကျောက်ဖုန်းအား အံ့အားသင့်စေခဲ့သည်။

အားလုံးတစ်ပတ်ပြည့်သွားသည့်အခါ အားဟူက ပြုံး၍ "အစ်ကိုဖန်း မင်းရော ထိုးမှာလား"

"ငါလား"

ကျောက်ဖုန်းက မျက်လုံးများကို အနည်းငယ် မှေးလိုက်ပြီး ခေါင်းမော့ကာ ပြောလိုက်သည်။ "ကောင်းပြီ"

ထိုနောက် ကျောက်ဖုန်းသည် သဲအိတ်ရှေ့တွင်ရပ်ကာ ညာလက်သီးကို ဆုပ်၍ သဲအိတ်ကို ချက်ချင်းထိုးလိုက်သည်။

ဘန်း...

၁၈၀ ဒီဂရီအထိ ခါယမ်းသွားပြီး ကျယ်လောင်သည့်အသံတစ်ခု ထွက်ပေါ်လာသည်။

"ဝိုး..."

"အရမ်းမိုက်တယ်"

"အစ်ကိုဖုန်းက ခွန်ရှင်းတန်ကို ကန်ထုတ်နိုင်ခဲ့တာနဲ့ ထိုက်တန်တယ်။ အရမ်းသန်မာတယ်"

"..."

"အင်း...သူ့ဌေး စမ်းကြည့်ချင်လား"

ရုတ်တရက် ရှုရုံက ရယ်မောကာ ပြောသည်။

“စမ်းကြည့်ပါ”

“စမ်းကြည့်ပါ”

ဤအချိန်တွင် လူအများစုက သူတို့၏သူဌေး မည်မျှ အစွမ်းထက်သည်ကို မြင်ချင်သည့်အတွက် အော်ဟစ်တောင်းဆိုကြသည်။

သို့သော် ကျန်းဟန်သည် မျက်နှာထက်တွင် မည်သည့်အမူအရာမျှ ရှိမနေချေ။ သူသည် ခေါင်းကို အနည်းငယ် ခါယမ်းလိုက်ရုံသာရှိ၏။

“ကောင်းပြီ။ ရှုပ်မနေနဲ့တော့။ သူဌေးက အရမ်းအံ့ဩဖို့ကောင်းတယ်” ကျောက်ဖုန်းက လက်ကိုဝှေ့ယမ်းကာ ပြောလိုက်၏။

ထိုအခိုက်တွင် မုန့်မုန့်၏ကလေးဆန်သည့်အသံလေးက ဘေးမှ ထွက်ပေါ်လာလေသည်။ မင်းသမီးလေးသည် ကလေးသံလေးဖြင့် ပြောလိုက်၏။

“ဖေဖေ ဖေဖေလည်း လုပ်ကြည့်ပါလား”

အားလုံးက လှည့်ကြည့်လိုက်ရာ ဘေးတွင် ရပ်နေသည့် မင်းသမီးလေးကို တွေ့လိုက်ရပြီး သူမလေး၏နှုတ်ခမ်းလေးများက “ငါ့ဖေဖေက အတော်ဆုံးပဲ” ဟု ဂုဏ်ယူစွာ ရေရွတ်နေလေသည်။

“ဒါဆို ဖေဖေ ကြိုးစားကြည့်လိုက်မယ်”

ကျန်းဟန်က ပြုံးကာ သဲအိတ်ဆီသို့ သွားလိုက်သည်။ သူသည် မုန့်မုန့်အား ကြည့်လိုက်ပြီး “မုန့်မုန့် သမီးနားကို အုပ်ထား” ဟု ပြောလိုက်သည်။

“အင်း” မုန့်မုန့်သည် သူမ၏နားရွက်လေးများကို လက်သေးသေးလေးဖြင့် အုပ်ထားလိုက်၏။

ထိုအချိန်တွင် ရှုရုံနှင့် အခြားသူများ၏မျက်လုံးများမှာ ကျွန်းဟန်အား အာရုံစိုက်နေပြီး တဖြည်းဖြည်း သူတို့၏အသက်ရှူသံများ မွန်းကြပ်လာသည်။

သူငွေးက မည်မျှအထိ ထိုးနိုင်မည်ကို သူတို့ သိချင်နေကြ၏။ ဖြစ်နိုင်သည်က...၃၆၀ ဒီဂရီများလား...။

သို့သော် သူတို့ မှားယွင်းသွားခဲ့ကြသည်။

သူတို့၏ရှေ့တွင် လက်ခနဲတစ်ခုသာ ခံစားလိုက်ရ၏။ စူးရှသည့်အသံတစ်ကို ကြားလိုက်ရပြီး ကျွန်းဟန်၏လှုပ်ရှားမှုကို ရှင်းရှင်းလင်းလင်းမမြင်နိုင်ကြချေ။

"ဖောင်း"

ထိုအသံကို ကြားလိုက်ရပြီးနောက်တွင် လူတိုင်း၏ရှေ့မှ မြင်ကွင်းက သူတို့ကို ရင်တထိတ်ထိတ်ဖြင့် ကြောက်လန့်သွားစေခဲ့၏။

မီးရှူးမီးပန်းများ ပွင့်နေသကဲ့သို့ သဲအိတ်တစ်ခုလုံး အပိုင်းပိုင်းဖြစ်သွားသည်ကို ကြည့်ရှုနေခဲ့ကြလေသည်။

"ပေါက်...ပေါက်ကွဲသွားတာလား" ရှုရုံနှင့် အခြားသူများ ရှော့ရသွားကြ၏။

သေစမ်း...ငါတို့ အမြင်မှားတာမဟုတ်ပါဘူးနော်...

တစ်ချက်တည်းနဲ့ ပေါက်ကွဲထွက်သွားတယ်...

သူက ဘယ်လောက်တောင် အစွမ်းထက်တာလဲ။ စိတ်ကူးနိုင်တာထက်ကို ကျော်လွန်နေပြီလေ...။

လူတိုင်းမှာ ကိုယ့်မျက်လုံးကိုယ် မယုံနိုင်ကြချေ။ သူတို့၏သူဌေးက သဲအိတ်ကို တစ်ပတ်လည်အောင် ထိုးနိုင်မည်ဟု မျှော်လင့်ထားသော်လည်း ဤရလဒ်ကို လုံးဝ မမျှော်လင့်ထားခဲ့ချေ။

"ဝိုး...ဖေဖေ အဲဒါကြီးကို ခွဲလိုက်တယ်" မျက်လုံးလေးများ ပြူးကျယ်နေကာ အံ့သြတကြီးပြောလိုက်သည့် မုန့်မုန့်၏အမူအရာက အနည်းငယ် ချစ်စရာကောင်းနေလေ၏။

"ဝူး ဝူး ဝူး"

ထိုအချိန်တွင် တာပေါ့က ရှေ့သို့ထွက်လာပြီး အော်ဟစ်လိုက်သည်။

ငါလည်း ဒီသဲအိတ်လေးကို ထိုးခွဲနိုင်တယ်...

အော်ဟစ်ပြီးနောက် သူ့ကိုယ်သူ သက်သေပြရန် ကျန်းဟန်အား လှမ်းကြည့်လိုက်၏။

သို့သော် ကျန်းဟန်က ခပ်ရေးရေးပြုံးကာ ခေါင်းယမ်း၍ ပြောလိုက်သည်။

"မုန့်မုန့်နဲ့ ခဏလောက် သွားကစားနေလိုက်ပါ"

"ဝူး ဝူး ဝူး"

တာဟေးက ခေါင်းကုတ်ကာ မုန့်မုန့်နှင့် ကစားရန် ပြန်သွားခဲ့သည်။

"အားလုံးပြီးပြီဆိုတော့ လုပ်ငန်းစလိုက်ရအောင်" ကျန်းဟန်၏အကြည့်များက ရှုရှံနှင့်အခြားသူများကို ကြည့်လိုက်သည်။

ထိုအချိန်တွင် ကျောက်ဖုန်းက ပြုံးကာ "သူဌေး သူတို့ရဲ့ခွန်အားက ဘယ်လိုလဲ။ အဆင်ပြေလား"

ထိုစကားကိုကြားသည့်အခါ အားဟူနှင့်အခြားသူများ၏အမူအရာမှာ လေးနက်သွားပြီး သူ့အား စိတ်အားထက်သန်စွာ ကြည့်လိုက်ကြ၏။

ကျန်းဟန်၏ခွန်အားက သူတို့ကို ယုံကြည်မှုရှိသွားစေပြီဖြစ်သည်။ ထိုသည်သာမက ကျောက်ဖုန်း၏စကားများ မှန်ကန်ကြောင်း သူတို့အားလုံး သိနိုင်လေသည်။ သူတို့သူဌေးသည် လက်နက်ပြီးသည့်လူသန်ကြီးထက်ပို၍ အစွမ်းထက်ပေသည်။

ဤကဲ့သို့ အစွမ်းထက်သည့်သူဌေး၏နောက်ကို လိုက်ရသည်ကို သူတို့ အမှန်တကယ် ပျော်ရွှင်သွား၏။ ထိုအချိန်တွင် သူဌေး၏ချီးကျူးခံလိုသည့်စိတ် ပြင်းပြလာခဲ့ကြသည်။

သို့သော် မည်သူက ထင်ပါမည်နည်း။ ကျန်းဟန်က ခေါင်းကို အသာယမ်းကာ ပြောလိုက်သည်။

“အရမ်းညံ့တယ်။ ငါသင်ပေးမယ့် စွမ်းရည်တွေကို အခုထိ လေ့ကျင့်ဖို့ မဖြစ်နိုင်သေးဘူး”

“အာ” ကျောက်ဖုန်း၏အမူအရာမှာ အနည်းငယ် တောင့်တင်းသွား၏။

သို့သော် သူစိတ်သက်သာရာ ရသွားခဲ့သည်။ ဆရာ၏အမြင်က မည်မျှမြင့်မားပါသနည်း။ အလွန်အံ့သြလောက်အောင် မြင့်ပေသည်။ အားဟူနှင့်အခြားသူများ၏ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးမှာ သူ ပထမဆုံး စစ်တပ်ထဲသို့ ဝင်သည့်အချိန်ကနှင့်

ဆင်တူသော်လည်း ဆရာ၏အပြင်တွင် မလုံလောက်သေးချေ။ နောက်ဆုံးတွင်တော့ သူသည်လည်း အပျော်တမ်းအဆင့်သာ ရှိပေသည်။ မဟူရာနတ်ဆိုးအရိပ်ကြီး၏ မူရင်းပုံစံကို မလေ့ကျင့်နိုင်ခဲ့ပေ။

"ဒါဆို သူတို့ ဘာကို လေ့ကျင့်ကြမလဲ" ကျောက်ဖုန်းက သံသယဖြင့် မေးသည်။

"မင်းပြင်ဆင်ထားတဲ့ဟာတွေနဲ့ အရင်စလိုက်ပါ။ ပြီးမှ သူတို့ရဲ့လက်သီးချက်က ကီလို ၃၀၀ လောက် ရောက်တဲ့အခါ ငါသင်ပေးတာတွေကို လေ့ကျင့်နိုင်လိမ့်မယ်" ကျန်းဟန်က ကျောက်ဖုန်းအား ပြောပြီးနောက် အားဟူနှင့် အခြားသူများအား ကြည့်ကာ ထပ်၍ ပြောလိုက်သည်။

"မင်းတို့ကို ငါသင်ပေးမှာက ကန်ကျွမ်းလေ့ကျင့်ခြင်းနည်းစနစ်နဲ့ ကန်ကျွမ်းသိုင်းပညာပဲ။ မင်းတို့ကို တစ်ကြိမ်ပဲ ပြမယ်"

ထိုစကားကို ကြားသည့်အခါ အားဟူနှင့် ကျန် ၄၉ ယောက်တို့သည် စိတ်ခတ်တက်ကြွကာ ဂရုတစိုက်ဖြင့် ကြည့်နေခဲ့ကြသည်။

ကျောက်ဖုန်းလည်း အတူတူပင်။ မဟာရာနတ်ဆိုးအရိပ်ကို ရရှိပြီးသည်ပင် သူမကျေနပ်နိုင်သေးချေ။ သူသည် ယခုအချိန်ထိ လေးနက်စွာ ကြည့်နေသေး၏။

ကန်ကျွမ်းလေ့ကျင့်မှုနည်းစနစ်သည် လှုပ်ရှားမှု ၁၈ ခုပါရှိ၏။ ကျောက်ဖုန်းသည် ၎င်းက ရိုးရှင်းသည် မဟာရာနတ်ဆိုးအရိပ်ထက်ပင် ပို၍ ရိုးရှင်းကြောင်း မြင်နိုင်သည်။

သို့သော်လည်း ၎င်းက လူတိုင်းက အဆက်မပြတ် အံအားသင့်စေခဲ့လေသည်။

“အဲ့လို လုပ်နိုင်ပါ့မလား”

"ထောင့်ချိုးက အရမ်းခက်တယ်လို့ ခံစားရတယ်။ ကိုယ့်ကိုယ်ကိုယ် အားစိုက်ထုတ်လိုက်တာနဲ့ မရပ်နိုင်တော့ဘူး"

"ဒီလှုပ်ရှားမှုက ကြမ်းလွန်းတယ်။ သူ့ဒွေးက ဘယ်လိုလုပ်သွားတာလဲ"

တဖြည်းဖြည်းနှင့် လူတိုင်း၏အံ့သြသံများကြောင့် တစ်ဖက်တွင် ကစားနေသည့် မုန့်မုန့်ကို ဆွဲဆောင်သွားခဲ့သည်။

သူမလေး လှည့်ကြည့်လိုက်ရာ ကျန်းဟန်က ထူးဆန်းသည့် လှုပ်ရှားမှုကို ပြုလုပ်နေသည်အား တွေ့လိုက်၏။ မုန့်မုန့်သည် ခုန်ပေါက်ပြေးလာပြီး ကျန်းဟန်၏ဘေးတွင် ရပ်ကာ သူ၏ပုံစံအတိုင်း လိုက်လုပ်ရန် ကြိုးစားရင်း ခြေထောက်နှင့်လက်နှစ်ဖက်ကို ဆန့်ထုတ်လိုက်၏။

ဘုတ်

သူမလေး ခြေထောက်မြှောက်လိုက်သည်နှင့် မရပ်နိုင်တော့ဘဲ ဖင်ထိုင်ရက် ပြုတ်ကျသွား၏။

"အာ" မုန့်မုန့်မှာ ခဏလောက် တုံ့ဆိုင်းသွားသည်။ သူမ၏လက်ဝါးလေးကို သဲပေါ်ထောက်၍ မတ်တပ်ထရပ်ပြီး ရေရွတ်လိုက်သည်။ "ငါ မရပ်နိုင်တော့ဘူး"

ပြောနေရင်းဖြင့် သူမလေးသည် အကြိမ်ပေါင်းများစွာ ထပ်မံကြိုးစားနေခဲ့သော်လည်း အကြိမ်တိုင်း တုန်ယင်ကာ ဖြင့် ပြုတ်ကျနေ၏။

ကံကောင်းစွာဖြင့်ပင် ကျန်းဟန်၏လှုပ်ရှားမှုများမှာ ပြီးဆုံးသွားခဲ့ပြီး ရိုးရှင်းသည့် သိုင်းပညာများကိုသာ စတင်သင်ကြားတော့သည်။

လှုပ်ရှားမှုများမှာ တည့်တည့်ထိုးခြင်း၊ ဝိုက်ထိုးခြင်း၊ ချိတ်ဆွဲခြင်း၊ ဒူးဖြင့်တိုက်ခြင်း၊ တံတောင်ဖြင့်တိုက်ခိုက်ခြင်း အစရှိသဖြင့် အခြေခံလှုပ်ရှားမှုများဖြစ်သည်။ ထိုနောက် ထိုလှုပ်ရှားမှုများကို ဆက်တိုက်လေ့ကျင့်ပြီး ခန္ဓာကိုယ်ဖြင့်

တသားတည်းကျရန် လေ့ကျင့်စေသည်။ လူတိုင်းအား ဤလှုပ်ရှားမှုများကို ကျွမ်းကျင်အောင် လေ့ကျင့်ရန် ပြောခဲ့၏။

မုန့်မုန့်သည်တော့ ကျန်းဟန်၏လှုပ်ရှားမှုများ စတင်ပြသပြီးသည့်နောက်တွင် သူမလေးသည် သူ၏ဘေးတွင် ရပ်နေခဲ့၏။

"အမ်ဟမ်"

မုန့်မုန့်သည် သူမ၏လက်မောင်းလေးကို ဆန့်ထုတ်ကာ နူးညံ့သိမ်မွေ့သည့် လက်သီးချက်ကို ထုတ်လွှတ်လိုက်၏။

"အမ်ဟမ်"

မုန့်မုန့်သည် ညာခြေကို မြှောက်ကာ ဘေးသို့ သေးငယ်သည့်အခုံးသဏ္ဍာန် ကန်လိုက်၏။

"အိုး"

သူမလေး သဲပြင်ပေါ်သို့ လဲကျသွားသည်။

“ဟမ့်” မုန့်မုန့်၏နှုတ်ခမ်းလေးမှာ နည်းငယ်စူသွား၏။ ဤတစ်ကြိမ်တွင် သူမလေး မတ်တပ်ထမရပ်တော့ဘဲ သဲပြင်ပေါ် ထိုင်ချကာ “ဖေဖေ သမီးလဲကျသွားပြီ။ ဖေဖေဘာလို့ မုန့်မုန့်ကို လျစ်လျူရှုထားတာလဲ”

…

-အပိုင်း(၂၂၄) ပြီး

-စာစဉ်(၁၆) ပြီး